စာပေဗိမာန်စာမူဆုရ

# တီးလိုက်ပါတဲ့ မုံကြိုးသံ



ဇင်မင်း (သမိန်ထော)

၂၀၁၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ပြဇာတ်စာပေ၊ ဒုတိယဆု

# တီးလိုက်ပါတဲ့ ဗုံကြီးသံ

## ဇင်မင်း (သမိန်ထော)


တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)
စာတည်း (တာဝန်ခံ)
အဖုံးပန်းချီ - အောင်နိုင်လတ်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

# မာတိကာ


| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း ၁။ | (ပြကွက်- ၁) လက်ဆည်ကန်၊ ကန်ပေါင်ရေတံခါးအနီး | ... ၁ |
| | (ပြကွက်- ၂) ဦးထင်၏ နေအိမ်ဧည့်ခန်း | ... ၄ |
| အခန်း ၂။ | လက်ဆည်ကန်တော်၊ ကန်ပေါင်ရိုး | ... ၁၃ |
| အခန်း ၃။ | ဦးထင်၏ အိမ်ခြံဝိုင်းအတွင်း | ... ၁၇ |
| အခန်း ၄။ | လက်ဆည်ကန်ရွာ၊ အလက ကျောင်းဝင်း | ... ၂၃ |
| အခန်း ၅။ | ရေလယ်ကျွန်း | ... ၂၇ |
| အခန်း ၆။ | အလက၊ ပဉ္စမတန်း စာသင်ခန်း | ... ၃၃ |
| အခန်း ၇။ | အလက၊ ဆရာ၊ ဆရာမများ နားနေခန်း | ... ၄၀ |
| အခန်း ၈။ | ဦးထင်၏ နေအိမ်ဧည့်ခန်း | ... ၄၇ |
| အခန်း ၉။ | လက်ဆည်ကန်တော် ကန်ပေါင်ရိုး | ... ၅၈ |
| အခန်း ၁၀။ | စိုက်ပျိုးရေး ရှေ့တန်းစခန်းရှေ့ကွက်လပ် | ... ၆၇ |
| အခန်း ၁၁။ | ထန်းတောထဲက ထန်းတဲ | ... ၇၉ |
| အခန်း ၁၂။ | ရွာလယ် ဓမ္မာရုံ | ... ၈၇ |
| အခန်း ၁၃။ | လက်ဆည်ကန်ရွာတွင်း၊ မီးထွန်းပွဲ | ... ၉၄ |
| အခန်း ၁၄။ | အလက၊ ကစားကွင်းအတွင်းရှိ ဇာတ်စင် (တစ်ခန်းရပ်ပြဇာတ်) | ...၁၀၁ |

| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း ၁၅။ | ဖောင်းတောရေလှောင်တမံ၊ မြောင်းပေါင်ပေါ် | . . . ၁၁၁ |
| အခန်း ၁၆။ | (ပြကွက်-၁) လက်ဆည်ကန်ရွာ၊ ရွာဦးကျောင်းအနီး | . . . ၁၁၉ |
| | (ပြကွက်-၂) ရိုးပြတ်လယ်ကွင်း | . . . ၁၂၃ |
| အခန်း ၁၇။ | ဦးထင်၏ နေအိမ်ဧည့်ခန်း | . . . ၁၂၇ |
| အခန်း ၁၈။ | ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး | . . . ၁၃၃ |
| အခန်း ၁၉။ | (ပြကွက်-၁) အလကာ၊ ရသခန်း | . . . ၁၄၂ |
| | (ပြကွက်-၂) အလကကျောင်းရှေ့၊ ရွာလမ်း | ... ၁၄၄ |
| | (ပြကွက်-၃) အလကာ၊ ရသခန်း | . . . ၁၄၇ |
| အခန်း ၂၀။ | အလကာ၊ ကျောင်းဝင်းရှေ့ | . . . ၁၅၁ |
| အခန်း ၂၁။ | လက်ဆည်ကန်ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်း | . . . ၁၅၇ |
| အခန်း ၂၂။ | စိုက်ပျိုးရေး၊ ရှေ့တန်းစခန်း | . . . ၁၆၀ |
| အခန်း ၂၃။ | ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး | . . . ၁၆၅ |
| အခန်း ၂၄။ | ရှမ်းပြည်နယ်၊ တာလေမြို့၊ နန့်ခမ်းစင်လာတို့၏ နေအိမ် | . . . ၁၆၉ |
| အခန်း ၂၅။ | တာလေမြို့၊ လျှောင်ဒဏ်သင့် တစ်နေရာ | . . . ၁၇၇ |
| အခန်း ၂၆။ | တာလေမြို့၊ လျှောင်ဒဏ်သင့်ညဦးပိုင်း | . . . ၁၈၂ |
| အခန်း ၂၇။ | ရှမ်းပြည်နယ်၊ တာလေမြို့၊ နန့်ခမ်းစင်လာတို့၏ နေအိမ် | . . . ၁၈၆ |

| အခန်းစဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း ၂၈။ | (ပြကွက်-၁) လက်ဆည်ကန်ရွာ၊ ဘုန်းကြီးကျောင်း | . . . ၁၉၀ |
| | (ပြကွက်-၂) လက်ဆည်ကန်ရွာ၊ အလက ခန်းမ | . . . ၁၉၂ |
| | (ပြကွက်-၃) လက်ဆည်ကန်ရွာဦးကျောင်း ဝင်းအတွင်းရှိ ဥပုသ်ဇရပ် | . . . ၁၉၄ |
| | (ပြကွက်-၄) ဖောင်းတောရေလှောင်တမံ၊ မြောင်းလက်တစ်နေရာ | . . . ၁၉၇ |
| အခန်း ၂၉။ | ဦးထင်၏ နေအိမ်ဧည့်ခန်း | . . . ၂၀၀ |
| အခန်း ၃၀။ | (ပြကွက်-၁) စာပျိုးခင်း စာကြည့်တိုက်ရှေ့ | . . . ၂၀၇ |
| | (ပြကွက်-၂) လက်ဆည်ကန်တော်သို့ သွားရာ ရွာလမ်းပေါ် | . . . ၂၀၉ |
| | (ပြကွက်-၃) လက်ဆည်ကန်တော်၊ ကန်ပေါင်ရိုး | . . . ၂၁၀ |

# "တီးလိုက်ပါတဲ့ ဗုံကြီးသံ" ပြဇာတ်

## ပါဝင်သူများ

| | | |
|---|---|---|
| ၁။ နှင်းရည်ဖြူ | - | အလယ်တန်းပြဆရာမ |
| ၂။ ခင်ခင်နွယ် | - | ကျေးရွာဥက္ကဋ္ဌ၏သမီး |
| ၃။ အောင်မင်းအုပ် | - | ဒု-ဦးစီးမှူး၊ စိုက်ပျိုးရေးဌာန |
| ၄။ စိုင်းသိုက်ထွန်း | - | ဒု-လက်ထောက်အင်ဂျင်နီယာ၊ ဆည်မြောင်းဌာန |
| ၅။ ဦးထင် | - | ကျေးရွာဥက္ကဋ္ဌ |
| ၆။ ဒေါ်စိန် | - | ဦးထင်၏ဇနီး |
| ၇။ ဦးညိုမောင် | - | နှင်းရည်ဖြူ၏ဖခင် |
| ၈။ ဦးစိုင်းကျော်ဝင်း | - | စိုင်းသိုက်ထွန်း၏ဖခင် |
| ၉။ ဒေါ်ကြင်အေး | - | ကျောင်းအုပ်ဆရာမကြီး |
| ၁၀။ ဆရာအောင် | - | အလယ်တန်းပြဆရာ |
| ၁၁။ နန့်ခမ်းစင်လာ | - | နှင်းရည်ဖြူ၏ညီမပမာ ရှမ်းအမျိုးသမီးကလေး |
| ၁၂။ ဒေါ်နန်းဖောင်း | - | နန့်ခမ်းစင်လာ၏ မိခင် |
| ၁၃။ စိုင်းခမ်းပေါင် | - | နန့်ခမ်းစင်လာ၏ မောင်လေး |
| ၁၄။ ဗိုလ်ကြီးမိုးသောက် | - | တာလေမြို့၊ တပ်မတော်တပ်ရင်းမှ ဗိုလ်ကြီး |
| ၁၅။ တပ်ကြပ်ခွန်သာ | - | နန့်ခမ်းစင်လာ၏ ချစ်သူ |
| ၁၆။ ငတော | - | ထန်းရည်သမား |

၁၇။ ငတော် - ထန်းရည်သမား

၁၈။ ငတီး - ထန်းရည်သမား

၁၉။ ကိုကြီးပေါင်း - ထန်းတက်သမား

၂၀။ မိကျောင်း - ကိုကြီးပေါင်း၏ မိန်းမ

၂၁။ ဦးတင်ဝင်း - ကျွန်းတောင်သူ

၂၂။ ဒေါ်လှဝင်း - ဦးတင်ဝင်း၏ဇနီး

၂၃။ မောင်နေရောင် - ကျောင်းသားလေး

၂၄။ ကိုတင်အေး - ပညာတတ်လယ်သမား

၂၅။ ကိုတင် - ရယက အဖွဲ့ဝင်

၂၆။ ဦးတင်မြင့် - မြို့နယ် ပြန်/ဆက်ဦးစီးမှူး

၂၇။ - မြို့နယ်စိုက်ပျိုးရေးအရာရှိ

၂၈။ အဘွားရွှေမိ - ကောက်စိုက်သမပဟောင်းကြီး

၂၉။ - ဦးပဥ္စင်း

၃၀။ - ရွာသူရွာသားများ

၃၁။ - ကျောင်းသူ ကျောင်းသားများ

၃၂။ - ဆရာ၊ ဆရာမများ

၃၃။ - တစ်ခန်းရပ်ပြဇာတ်သရုပ်ဖော်အဖွဲ့များ

၃၄။ ဦးရိုက် - ကိုလိုနီခေတ်သူကြီး

၃၅။ ဦးလင်း - ကိုလိုနီခေတ်ကန်ဆော်

၃၆။ ကယ်လီ - ကိုလိုနီခေတ် ရာဇဝတ်အုပ်

၃၇။ - ကိုလိုနီခေတ်ပုလိပ်

**ဇာတ်လမ်းကာလ**

၂၀၀၇ မှ ၂၀၁၁ ခုနှစ်များ ပတ်ဝန်းကျင်။

## ဇာတ်လမ်းအခြေခံရာဒေသ

- မြင်းမူမြို့နှင့် မျက်နှာချင်းဆိုင်၊ ဧရာဝတီမြစ်တစ်ဘက်ကမ်းရှိ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျေးရွာကြီးတစ်ရွာ။
- ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ၊ တာလေပတ်ဝန်းကျင်။
- ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ မြန်အောင်မြို့။

## မှတ်ချက်

စိုင်းသိုက်ထွန်း၏ ပြောစကားများတွင် တိုင်းရင်းသားစကားသံပေါ်လွင်စေရန်အတွက် -

- **"နှင်းရည်ဖြူ"** ကို **"နှင်းရည်ဖြူ"** (ဟထိုးမပါ။)
- **"မနှင်းနှင်း"** ကို **"မနင်းနင်း"** စသည်ဖြင့်ရေးသားပါသည်။

* * * * *

## အခန်း- ၁

## ပြကွက် (၁)

**နေရာ** - လက်ဆည်ကန်၊ ကန်ပေါင်ရေတံခါးအနီး
**အချိန်** - နေ့ခင်း
**အပြင်အဆင်** - မိုးသားနောက်ခံကားရှိရမည်။

- ၎င်းရှေ့တွင် ကန်ပေါင်ရိုးအဖြစ်၊ လူတစ်ရပ်ခန့် အမြင့် ကုန်းကြောရေးချက် ထောင်ကား ထားရှိရမည်။ ကုန်းကြော ကန်ပေါင်ရိုးအလယ်လောက်တွင် သစ်သားထည် ရေတံခါးတစ်ခု ရေးဆွဲပါရှိရမည်။ မြန်မာ့ရိုးရာနည်း ရေတံခါးကို ရစ်လုံးဖြင့် အတင်အချလုပ်နိုင်ရန် သစ်သား ရစ်လုံးကြီးတစ်ခုလည်း ကြိုးများပတ်လျက် မြင်သာအောင် ဖန်တီးပြထားရမည်။ ကန်ပေါင်ရိုးပေါ်သို့ အတွင်းပိုင်း ဝဲယာမှတက်နိုင်၊ ဆင်းနိုင်အောင် စီစဉ်ထားရမည်။
- ၎င်းကန်ပေါင်ရိုးရှေ့တွင် ရေပြင်ရေးချက် ဒူးပိတ်ကားရှိရမည်။

(ကားဖွင့်)

(ဇာတ်စင်၏ လက်ဝဲဘက်မှ သူကြီး ဦးရိုက် ခေါင်းဆောင်၍ ပုလိပ်ရာဇဝတ်အုပ် ကယ်လီနှင့် ရိုင်ဖယ်ထမ်း ပုလိပ်တစ်ယောက် ကန်ပေါင်ရိုး ပေါ်သို့ တက်လာစေ။ ရေတံခါးနားရောက် သောအခါ သူကြီးဦးရိုက်က အတွင်းဘက်သို့ လှည့်၍ "ငဖေရေ- ငဖေ" နှစ်ကြိမ်သုံးကြိမ် အော်ခေါ်ရာ လက်ယာဘက်မှ ကန်ဆော်- ငဖေ ကန်ပေါင်ရိုးပေါ်သို့ တက်လာပြီး သူကြီးတို့ ရှေ့တွင် လက်အုပ်ချီလျက် ရပ်နေစေ။)

**ဦးရိုက်** ။ ။ ကယ်လီသခင်က ကန်ထဲကငါးတွေ ရေတံခါးက ထွက်လာတာကို ကြည့်ချင်တယ်တဲ့။ ငါးတွေ လည်း ဖမ်းကြည့်ချင်တယ်တဲ့။ မင်း ရေတံခါးကို ခဏဖွင့်ပေးလိုက်ပါ။

(ကယ်လီက ခါးထောက်လျက် ဟန်ပါပါ ခေါင်း ညိတ်ပြီး ပြုံးလျက်ရှိစေ။)

**ငဖေ** ။ ။ သူကြီးမင်း. . . ဒီကန်တော်ကြီးရဲ့ စည်းကမ်း သတ်မှတ်ချက်တွေသူကြီးမင်း အသိမဟုတ်လား။ ဒီအချိန်မှာ ရေတံခါး လုံးဝမဖွင့်ရဘူးလေ။

**ဦးရိုက်** ။ ။ ငဖေ. . ဒါ သခင်ကြီးကွ၊ သူလိုအင်ဆန္ဒရှိတာကို တို့က လုပ်ပေးရမှာလေ။ ငါ့ရွာမှာ သူပျော်ဖို့ အရေးကြီးတယ်။

**ငဖေ** ။ ။ (ကြောက်ရွံ့သော မျက်နှာထားဖြင့် လက်နှစ်ဖက် ကာယမ်း၍) ဟာ. . . ကျွန်တော်တော့ မဖွင့် ရဲဘူး၊ မဖွင့်ရဲဘူး။ ရှေးမင်းတွေ လက်ထက်

ကတည်းက ကျောက်စာနဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းဥပဒေတွေ သူကြီးမင်းရဲ့။ (လက်ကာလျက်ရှိစေ။)

**ဦးရိုက်** ။ ။ ဘာလဲ၊ ငဖေ. . မင်းက ငါ့သမီး ကယ်လီနဲ့ ရသွားမှာစိုးလို့ ဒီလိုကန့်လန့်လုပ်နေတာလား။ မှတ်ထား၊ မင်းရဲ့သား ငလင်းကို ငါ့သမီးနဲ့ သဘောမတူဘူး။

**ငဖေ** ။ ။ အို-အို-ဒီလိုမဟုတ်ပါဘူး။ သားရေး၊ သမီးရေး ကိစ္စ ကျွန်တော် ပြောစရာမရှိပါဘူးခင်ဗျာ။ (ငဖေ၏ အမူအရာကိုကြည့်ပြီး ကယ်လီမျက်နှာ ညိုသွားကာ ၎င်း၏လက်ကို ခြောက်လုံးပြူး အိတ်ပေါ်သို့ တင်လိုက်စေ။ သူကြီး ဦးရိုက် ကြောက်ရွံ့လျက်ရှိစေ။)

**ဦးရိုက်** ။ ။ ကဲကဲ- ဒီလိုလုပ်ကွာ ငဖေ။ ငါပဲ တာဝန်ယူတဲ့ အနေနဲ့ ရစ်လုံးကြီးကို ငါကိုင်ထားမယ်။ မင်းက ရစ်လုံးဒလက်ကို အားနဲ့ဆွဲပြီးဖွင့်။ ငါး နည်းနည်းပါးပါး ထွက်လာရင် ပြန်ပိတ်လိုက်- ဟုတ်ပြီလား။

**ငဖေ** ။ ။ (စိတ်မပါ့တပါနှင့်) သူကြီးမင်း သဘောပါလေ။ (ငဖေ ကြောက်ကြောက်ရွံ့ရွံ့နှင့် ရေတံခါး ရစ်လုံး အနားသွားပြီး ရစ်လုံးဒလက်ကိုကိုင်၊ ဦးရိုက်က ရစ်လုံးကြီးစကို ကိုင်စေ။)

(ထို့နောက် ငဖေက ဒလက်ကို အားဖြင့်ဆွဲလှည့်လိုက်ရာ ရေတံခါးမှ ရေများ ဒလဟောထွက်

လာစေ။ လျှပ်စစ်နည်းပညာဖြင့် ဖန်တီးရန်)
(ကယ်လီ ဝမ်းသာအားရနှင့် "အိုး . . ငါးဒွေ-
ငါး . . ဒွေ . . . "အော်ဟစ်ကာ ရေထွက်ပေါက်
အနားသို့ ပြေးဆင်းသွားကာ ငါးများကို လက်
ဖြင့် လိုက်ဖမ်းဟန်ပြုစေ။ တစ်ခဏအတွင်း
မှာပင် ကယ်လီ၏ "အား . . . " ဟု အော်ဟစ်
သံကြီး ပေါ်လာစေ။ ကန်ပေါင်ပေါ်မှ လူများ
ထံမှလည်း "မြွေကြီး . . . မြွေကြီး"အော်သံနှင့်
တစ်ပြိုင်နက် မြွေသဏ္ဍာန်တစ်ခုနှင့် လုံးထွေး
လျက် ရာဇဝတ်အုပ် ကယ်လီ လဲကျသွားစေ။)

(မီးမှိန်သွား)

* * * * *

## ပြကွက် (၂)

**နေရာ** - ဦးထင်၏ နေအိမ်ဧည့်ခန်း

**အချိန်** - ညနေပိုင်း

**အပြင်အဆင်** - ပျဉ်ထောင်အိမ် တစ်လုံး၏အတွင်းပိုင်းရေးချက်
နောက်ခံကား ရှိရမည်။ အများသုံး ဆက်တီ
တစ်စုံချထားရမည်။
- စာအုပ်ဗီရိုနှင့် စားပွဲတစ်လုံးရှိရမည်။

(မီးပြန်လင်း)

(ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးထင်၊ ၎င်း၏ဇနီး
ဒေါ်စိန်၊ ၎င်းတို့၏သမီး ခင်ခင်နွယ်၊ ဧည့်သည်
ဦးညိုမောင်၊ ၎င်း၏သမီး နှင်းရည်ဖြူ အတူ

ပါလာသူ နန်းခမ်းစင်လာတို့ ဆက်တီတွင်ထိုင်လျက်ရှိစေ။ ဆက်တီစားပွဲပေါ်တွင် ရေနွေးကြမ်း၊ လက်ဖက်၊ ထန်းလျက်ပွဲများ ရှိရမည်။)
(ဦးထင် ပြောပြနေသည့် စကားများကို အားလုံးက စိတ်ဝင်တစားနားထောင်နေသည့် အနေအထား ဖြစ်ရမည်။)

**ဦးထင်** ။ ။ အဲဒီလို လက်ဆည်ကန်၊ ကန်တော်မှာ ရာဇဝတ်အုပ် ကယ်လီ မြွေကိုက်သေဆုံးတဲ့ အချိန်မှာပဲ ကန်တော်-ငဖေရဲ့သား ငလင်းနဲ့ သူကြီးသမီး မိနှောင်းတို့ဟာ မြင်းမူဘက်ကမ်းကို ထွက်ပြေးသွားကြတယ်လေ။ ရာဇဝတ်အုပ် ကယ်လီနဲ့ အတင်းပေးစားမှာစိုးလို့ မိနှောင်းက သူချစ်သူ ငလင်းနဲ့ လိုက်သွားတာ။

**နင်းရည်ဖြူ** ။ ။ သူကြီးမင်းက လိုက်မခေါ်ဘူးလား။

**ဦးထင်** ။ ။ လက်ဆည်ကန်ရွာမှာကလည်း ရာဇဝတ်အုပ် ကယ်လီ သေဆုံးမှုကြီး ဖြစ်နေတော့ သူကြီးဦးရိုက်လည်း သမီးနောက် မလိုက်နိုင်ဘူးပေါ့။ ငလင်းနဲ့ မိနှောင်းတို့ကတော့ ကြောက်ကြောက်နဲ့ မန္တလေးဘက်မှာ ခြေရာဖျောက်သွားခဲ့ကြတယ်။ နောက်တော့ ငလင်းက ဘီအိုင်အေထဲ လိုက်သွားတယ်။ မိနှောင်းလည်း ကလေးတစ်ယောက်နဲ့ အောက်ပြည် အောက်ရွာပါသွားတယ်လို့ သတင်းကြားရတယ်။ အဲ့ဒါဟာ ကျွန်တော်တို့ သိရသလောက်ပါပဲ။ အဲ- ငလင်း

ဆိုတာက ကျွန်တော့်အမေရဲ့ မောင်ဝမ်းကွဲ တော်ပါတယ်။ ဒီတော့ ဦးလင်းဟာ ကျွန်တော့် ဦးလေးပေါ့။ သူတို့ဇာတ်လမ်းဟာ အစပျောက် နေခဲ့တာ နှစ်ပေါင်းများစွာကြာမှ မမျှော်လင့်ဘဲ ဦးလင်း၊ ဒေါ်နှောင်းရဲ့မြေးက ရောက်လာတော့ ကျွန်တော်ဖြင့် ဘယ်လောက်ဝမ်းသာတယ် ဆိုတာ ပြောမပြနိုင်အောင်ပါပဲ။

**ဦးညိုမောင်** ။ ။ ကျွန်တော်က ဦးလင်းရော ဒေါ်နှောင်းရော မမြင်ဖူးခဲ့ပါဘူး။ သူတို့သမီး မြနှင်းကို ကျွန်တော် တို့မြို့မှာရှိတဲ့ ဘာဝနာကုန်းလို့ခေါ်တဲ့ သီလရှင် ကျောင်းမှာ စတွေ့ခဲ့တာပါ။ သီလရှင် ဆရာကြီး က လူမမည်ကလေး မြနှင်းကို စစ်အတွင်း သူ့ အမေ သေခါနီးအပ်ခဲ့လို့ မွေးခဲ့တာတဲ့။ ကျောင်း ဆရာလေး ကျွန်တော်နဲ့မြနှင်းတို့ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်က အကြောင်းပါခဲ့တုန်းက သီလရှင် ဆရာကြီးပြောပြလို့ မြနှင်းရဲ့ မိဘနာမည်နဲ့ ဇာတိရွာ "လက်ဆည်ကန်"ဆိုတာ မှတ်သားထား လိုက်နိုင်တာပါ။ ဒါပေမဲ့ လက်ဆည်ကန်ဆိုတာ ဘယ်တိုင်း၊ ဘယ်မြို့နယ် မသိခဲ့ဘူး။ အညာ ဘက်က ဆိုတာတော့ပြောတယ်။ နောက်ပြီး မြနှင်းကလည်း ဒီသမီးလေး နှင်းရည်ဖြူကို မွေးပြီးပြီးချင်း ဆုံးသွားတော့ သူ့အမေဘက်က ဆွေဆက်မျိုးဆက် ပြတ်သွားပြီလို့တောင် ထင်ခဲ့ မိပါတယ်ခင်ဗျာ။

**နှင်းရည်ဖြူ** ။ ။ သမီးဆိုရင်လည်း အမေဒေါ်မြနှင်းကို မြင်တောင် မမြင်လိုက်ရတော့ အမေ့ဆွေမျိုးဘက်ကို ဘယ်လိုလုပ် ဆက်သွယ်နိုင်ပါ့မလဲ။ ဒါပေမဲ့ ကံအကြောင်းတရားက ဆန်းကြယ်လိုက်တာ။ သမီး ယဉ်ကျေးမှုနဲ့အနုပညာ တက္ကသိုလ်ကနေ ဘွဲ့ရတဲ့အချိန်မှာ ပညာရေးဌာနကို ဆန္ဒပြုပြီး စေလိုရာစေ လျှောက်လိုက်တာ မန္တလေးတိုင်းကို ချပေးတယ်။ တိုင်းထဲက လစ်လပ်နေရာတွေကို ပြတော့ "လက်ဆည်ကန်ရွာ" ကို တွေ့တာနဲ့ အမေ့ရွာများ ဖြစ်မလားလို့ ရွေးလိုက်တာ တကယ်ဖြစ်နေတယ်လေ။

**ဦးထင်** ။ ။ အင်း- ဒါကြောင့်လည်း သမီးတို့သားအဖတွေ ဒီရွာကို ရောက်ရောက်ချင်း ဦးလင်းနဲ့ ဒေါ်နှောင်း နာမည်တွေ သိလားလို့ အရေးတကြီး လိုက်မေးတာ မဟုတ်လား။

**ဦးညိုမောင်/နှင်းရည်ဖြူ** ။ ။ ဟုတ်တယ်. . ဟုတ်ပါတယ်။

**ဦးထင်** ။ ။ ကျွန်တော်ကလည်း ကျေးရွာဥက္ကဋ္ဌဖြစ်နေတော့ ထွေထွေထူးထူး တခြားသွားမေးစရာ မလိုတော့ဘဲ ကျွန်တော့် ဦးလေးနာမည်မို့ တန်းသိသွားတာပေါ့။ အင်း. . သမီးရဲ့ ကံအကြောင်းတရားက ကိုယ့်ဇာတိကိုပြလိုက်တဲ့ သဘောဖြစ်မှာ။

**ဒေါ်စိန်** ။ ။ နှင်းရည်ဖြူက သူ့အဘွားဒေါ်နှောင်း ဝင်စားတာများလား မသိဘူးနော်။
(အားလုံးရယ်ကြစေ။)

**ခင်ခင်နွယ်** ။ ။ အို- အမေကလည်း မဖြစ်နိုင်တာ။

**ဒေါ်စိန်** ။ ။ ဟဲ့- ဘယ်သိနိုင်မလဲအေ့။

**နှင်းရည်ဖြူ** ။ ။ အဘွား ဒေါ်နှောင်း ဝင်စားတာဟုတ်မဟုတ်တော့ မသိဘူး။ သမီး ဒီရွာရိပ်ခိုလိုက်တာနဲ့ တစ်ပြိုင်နက် ရင်ထဲမှာ အေးမြသွားသလို ခံစားရတယ်။

**ခင်ခင်နွယ်** ။ ။ အင်း. . သမီးကတော့ တွေ့တွေ့ချင်း ငါ့ညီမလေး ဖြစ်ရင် ကောင်းမှာပဲလို့ စိတ်ထဲမှာ ဖြစ်ခဲ့တာ၊ ခုတော့ တကယ်ပဲ ညီမဖြစ်နေတာကိုး။ (နှင်းရည်ဖြူ၏ လက်ကလေးများကို ဆုပ်ကိုင်ပြီး) ဝမ်းသာလိုက်တာကွယ်။ သွေးက စကားပြောတာပေါ့နော်. . ။

**နှင်းရည်ဖြူ** ။ ။ ဟုတ်တယ်နော်. . ။

**ခင်ခင်နွယ်** ။ ။ ဩော်- ဖေဖေနဲ့ မေမေ၊ ညီမလေး နှင်းရည်ဖြူကို သမီးတို့အိမ်မှာပဲ ထားမယ်နော်။

**ဦးထင်** ။ ။ ဆရာမလေးတစ်ယောက် အသစ်ရောက်လာမယ်လို့ ဆရာမကြီးက ပြောတော့ ထုံးစံအတိုင်း အ. လ. က ကျောင်းဝင်းထဲက အဆောင်မှာ ထားဖို့ပဲ စဉ်းစားထားခဲ့ကြတာ။ ခုတော့ တူမလေးဖြစ်နေတော့ ဒီမှာပဲထားမှာပေါ့ကွဲ့။ သမီးခင်နွယ်နဲ့ ညီအစ်မနှစ်ယောက် အဖော်ရသွားပြီ။

**ခင်ခင်နွယ်နှင့်နှင်းရည်ဖြူ** ။ ။ (လက်ချင်းကိုင်ပြီး) ဝမ်းသာလိုက်တာ. . ။

**ဦးထင်** ။ ။ ဩော်ဒါနဲ့- ဦးညိုမောင်. . ၊ ဟိုကလေးမလေးက သမီး နှင်းရည်ဖြူနဲ့ အတူနေဖို့ပါလာတာ

လား။ အတူနေမယ်ဆိုလည်း ဒီအိမ်က အကျယ်ကြီးပဲ။ အားနာစရာ မရှိဘူး။ သူတို့ကို စိတ်ချလက်ချ ထားခဲ့နော်။

**ဦးညိုမောင်** ။ ။ အဲ. . သူလေးက နန့်ခမ်းစင်လာ. . တဲ့။ ရှမ်းမလေးပါ။ သူ့မမ နှင်းရည်ဖြူကို လိုက်ပို့တာပါ။ ဒီမှာ နေရစ်ခဲ့လို့လည်း မရပါဘူး။ အင်း . . . ကျွန်တော့် အလုပ်အကြောင်း ဦးထင်တို့ကို ပြောပြဦးမှ. . .။

**ဒေါ်စိန်** ။ ။ စကားတွေပြောရလို့ မောနေပါဦးမယ်။ ရေနွေးသောက်၊ အမြည်းစားကြပါဦး။

**ဦးညိုမောင်** ။ ။ ခုနက ရောက်ရောက်ချင်း ထမင်းကျွေးတော့ ဆာဆာနဲ့ အားရပါးရစားခဲ့ပါတယ်။ (ရေနွေးတစ်ခွက် ငှဲ့သောက်၊ ခဏနားပြီး) ကျွန်တော်က ရှမ်းပြည်နယ် အရှေ့ပိုင်းမှာ ကျောင်းဆရာ စဖြစ်တာပါ။ တာလေဆိုတဲ့ နေရာပေ့ါ၊ အဲဒီကမှ ကိုယ့်ဇာတိမြန်အောင်မြို့ကို မူလတန်းကျောင်းအုပ်ဘဝနဲ့ ပြောင်းရတာပေါ့။ အဲဒီအချိန်မှာ မြနှင်းနဲ့တွေ့တယ် ဆိုပါတော့ခင်ဗျာ။ လေးငါးနှစ်ကြာမှ သမီးလေးကိုရတာ။ သမီးလေးမွေးပြီး မြနှင်း ဆုံးပါးသွားတော့ သမီးလေးကို ကျွန်တော့်အမေက ထိန်းသိမ်းပေးခဲ့တယ်။ သက်ကြီးရွယ်အို အမေလည်း ခုတော့ မရှိတော့ပါဘူး။

**အများ** ။ ။ ဩော် . . .

**ဦးညိုမောင်** ။ ။ မြနှင်းဆုံးပါးသွားချိန်မှာ စိတ်ပြေလက်ပျောက် ကျောင်းပိတ်ရက် ရှမ်းပြည်ကို ခဏသွားလည်တော့ ဟိုက မိတ်ဆွေရင်းချာတွေက သူတို့သားသမီးလေးတွေကို ပညာဆက်သင်နိုင်အောင်လို့ ကျွန်တော့်ကို အားကိုးတကြီး အပ်လိုက်ကြတယ်။ စရိတ်ကိုလည်း တစ်နှစ်စာ ပေးလိုက်တယ်။ ကျွန်တော် အဲဒီကလေးတွေကို အိမ်မှာ ထိန်းသိမ်းစောင့်ရှောက်ပြီး မြန်အောင် အထကမှာ ပညာဆက်သင်ပေးခဲ့တယ်။ သူတို့ရဲ့ စားရေးသောက်ရေးကို စီမံပေးရင်း သူတို့ရဲ့ပညာရေးကို ဂိုက်လုပ်ပေးတယ်ပေါ့။ အောင်မြင်တာများပြီး နောက်နှစ်တွေမှာလည်း အစဉ်အဆက်ဖြစ်သွားတယ်လေ။ နှစ်နှစ်လောက် ကြာတော့ ကျွန်တော် မူလတန်းကျောင်းအုပ် အလုပ်ကပင်စင်ယူလိုက်တယ်။ ဟောဒီ နန့်ခမ်းစင်လာလေးကတော့ ကျွန်တော် ပထမဆုံး ခေါ်လာတဲ့ ရှမ်းမလေးပါ။ သူလေးက သမီးနှင်းရည်ဖြူကို အစ်မတစ်ယောက်လို အရမ်းချစ်တယ်လေ။ ကျွန်တော့်သမီးလေးပဲ ဆိုပါတော့ဗျာ။ သူဆယ်တန်းအောင်တော့ ဘယ်မှ ဆက်မတက်ဘဲ ကျွန်တော့်ဆီမှာပဲ ဆက်နေပြီး နောက်ထပ်ရောက်တဲ့ ကလေးတွေကို ကျွန်တော်နဲ့အတူ ဝိုင်းပြီးထိန်းသိမ်းပေးနေတာပါ။

**ဦးထင်** ။ ။ ဪ- ဒီလိုကိုး။

**နန့်ခမ်းစင်လာ** ။ ။ သမီးလည်း မမနှင်းရည်နဲ့အတူ ဒီမှာနေခဲ့ချင်ပါတယ်။ ဒါပေမဲ့ မြန်အောင်မှာ ဘဘညို တစ်ယောက်တည်း ကလေးတွေတာဝန် မနိုင်မနင်း ဖြစ်မှာစိုးလို့။

**ဦးညိုမောင်** ။ ။ ဒါကြောင့် ကျွန်တော်နဲ့ စင်လာက ဒီမှာ ကြာကြာနေလို့မဖြစ်ပါဘူး။ ခုတောင် ထမင်းချက်ဒေါ်မိုးကြီးကို အိမ်မှာအိပ်ခိုင်းပြီး ကလေးတွေထိန်းသိမ်းရေး လုပ်ခိုင်းခဲ့ရတယ်။ ခုတော့- ဒီမှာကလည်း သမီးရဲ့ ဆွေမျိုးတွေနဲ့ မမျှော်လင့်ဘဲ တွေ့နေရတော့ ကျွန်တော် စိတ်မပူရတော့ပါဘူး။ ဒါကြောင့် သန်ဘက်ခါလောက် ကျွန်တော်နဲ့ စင်လာ ပြန်ပါမယ်။

**ဦးထင်** ။ ။ ဒါဆိုရင်တော့ ဦးညိုမောင်ကို ဆွဲမထားတော့ပါဘူးဗျာ။ သမီး နှင်းရည်ဖြူအတွက်ကတော့ လုံးဝမပူပါနဲ့နော်။ သူ့ ဘိုးဘွား မိခင်တို့ရဲ့ ရင်ခွင်ထဲမှာရှိနေတယ်လို့သာ မှတ်လိုက်ပါတော့။

**ဦးညိုမောင်** ။ ။ ဟုတ်ကဲ့ပါခင်ဗျာ။

**နှင်းရည်ဖြူ** ။ ။ ဖေဖေ မပြန်ခင်၊ မေမေရဲ့ဖခင်၊ မေမေရဲ့ အဘိုးတို့ ကန်ဆော်တာဝန် ထမ်းရွက်ခဲ့တဲ့ လက်ဆည်ကန်ကြီးကို ဖေဖေနဲ့အတူ သွားကြည့်ချင်ပါတယ်။

**ဦးညိုမောင်** ။ ။ သွားရမှာပေါ့ကွဲ့။ ဂါရဝပြုရမှာပေါ့။

**ဦးထင်** ။ ။ နက်ဖြန် သမီးကျောင်းမသွားခင် မနက်စောစော လျှောက်သွားကြတာပေါ့။

**ဒေါ်စိန်** ။ ။ ကျွန်မ မနက်စောစောထ ကောက်ညှင်းပေါင်းပြီး ထည့်ပေးလိုက်မယ်လေ။

**ခင်ခင်နွယ်** ။ ။ ကောင်းတယ်၊ ကောင်းတယ်၊ သမီးလည်းလိုက်မယ်။

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၂

**နေရာ** - လက်ဆည်ကန်တော်၊ ကန်ပေါင်ရိုး

**အချိန်** - နံနက်ခင်း

**အပြင်အဆင်** - မိုးသားနောက်ခံကား ရှိရမည်။

- ၎င်းရှေ့တွင် ကန်ပေါင်ရိုးအဖြစ် လူတစ်ရပ်ခန့် အမြင့် ကုန်းကြောရေးချက် ထောင်ကားရှိရမည်။ (ရေတံခါး မပါရှိ။) ကုန်းကြောတစ်လျှောက် လူများသွားလာနိုင်ရန် ၎င်းထောင်ကား၏ နောက်ဘက်တွင် လျှောက်လမ်းရှိရမည်။
- ၎င်းကန်ပေါင်ရိုးရှေ့တွင် ရေပြင်ရေးချက် ဒူးပိတ်ကား ရှိရမည်။

### (ကားဖွင့်)

(ဦးထင် ခေါင်းဆောင်ပြီး ဦးညိုမောင်၊ နှင်းရည် ဖြူ ခင်ခင်နွယ်၊ နန့်ခမ်းစင်လာတို့ လက်ဝဲဘက်မှနေ၍ ကန်ပေါင်ပေါ်သို့ တက်ရောက်လာကြစေ။ ကန်ပေါင်အလယ်လောက် အရောက်တွင် ရပ်လိုက်ပြီး ဦးထင်က အလယ်မှာရပ်လျက် ကန်

ပတ်ဝန်းကျင်ကို ဟိုသည် လှမ်းမျှော်ကာ ပြောပြ စေ။)

**ဦးထင်** ။ ။ (ရှေ့နောက်၊ဝဲယာညွှန်ပြပြီး) ဒီကန်ပေါင်ရိုးကြီးနဲ့ ဟောဟို ရေပြင်ကျယ်ကြီးကို ခြုံပြီး "လက်ဆည်ကန်တော်"လို့ ခေါ်ခဲ့တာကွဲ့။ ရှေးကတော့ ဒီကန်ပေါင်ရိုးကြီးရဲ့အလယ် (လက်ညှိုးထိုးပြပြီး) ဒီနေရာလောက်မှာ သစ်သားရေတံခါးကြီး အခိုင်အခံ့ ရှိခဲ့တာပေါ့။ ဒီကန်ပေါင်ရိုးရဲ့ အထက်ပိုင်းနဲ့ အောက်ပိုင်းကို အထက်ပယ်၊ အောက်ပယ် ဆိုပြီး ခွဲခြားသတ်မှတ်ထားတယ်။ အထက်ပယ်က လယ်တွေနဲ့ အောက်ပယ်က လယ်တွေ မိုးရင်းစိုက်ဖို့ ရေမျှမျှတတ ရကြဖို့အတွက် ဒီရေ တံခါးကြီးနဲ့ ထိန်းသိမ်းဝေမျှပေးရတာလေ။ အဲဒီလို ထိန်းသိမ်းဆောင်ရွက်ပေးရတဲ့ သူတွေကတော့ "ကန်ခေါင်း" နဲ့ "ကန်ဆော်" တွေပါပဲ။

**နှင်းရည်ဖြူ** ။ ။ အဘိုး ဦးလင်းပေါ့နော်။

**ဦးထင်** ။ ။ အင်း. . ဦးလင်းက ကန်ဆော်အမည် မခံသေးပေမယ့် သူ့အဖေ ကန်ဆော် ဦးဖေနဲ့ အတူတကွပဲပေါ့။ ဦးဖေ မရှိတော့ရင် ဦးလင်းက ကန်ဆော်ဖြစ်ရမှာပေါ့။ ဘာကြောင့်လဲဆိုတော့ ဦးဖေရဲ့ လယ်တွေက (ကန်ခြေရင်းဘက်သို့ လက်ညှိုးထိုးပြပြီး) ဟောဒီကန်ရင်းမှာ ရှိလို့ပဲ။ အဲဒီလယ်တွေက "လေင်းမြေ" လို့ အမည်ရှိတယ်။

**နှင်းရည်ဖြူ** ။ ။ ဩော်- လယ်နာမည်က လေင်းမြေတဲ့လား။

**ဦးထင်** ။ ။ ဟုတ်တယ်တူမရဲ့၊ ဒီကန်တော်နဲ့ ပတ်သက်တဲ့ လယ်တွေမှာ နာမည်တွေရှိတယ်၊ ငပျံဖွန်းတဲ့၊ ငပျံကောတဲ့၊ ငယင်းမာတဲ့၊ မယ်ဥတဲ့၊ အများကြီးပဲ။

**နှင်းရည်မြ** ။ ။ စိတ်ဝင်စားစရာပဲ ဘဘထင်။ အဲဒါတွေကို ကန်ခေါင်း၊ ကန်ဆော်တွေက ရေဘယ်လိုဝေရတာလဲဟင်။

**ဦးထင်** ။ ။ အင်း- အဲဒီအကြောင်းက အသေးစိတ်ပြောပြမှ လိပ်ပတ်လည်မှာလေ။

**ခင်ခင်နွယ်** ။ ။ ဖေဖေ- အဲဒါက ပုဂံခေတ်ကတည်းက ကျောက်စာနဲ့ သတ်မှတ်ခဲ့တာဆို. . .။

**ဦးထင်** ။ ။ အဲဒီလို ယုံကြည်ကြတယ်။ ကျောက်စာကတော့ ရောဝတီ မြစ်ထဲကို ပါသွားပြီလို့ဆိုတယ်။ ဒါပေမဲ့ ဦးဖေတို့ခေတ်အထိ လက်ဆည်ကန်တော်ရဲ့ ရေပေးဝေမှု လက်ဆည်ကန် မုရင်းမလေ့က စနစ်ကျတုန်းပဲ။ ရှေးခေတ်က ဒီမုရင်းလယ်တွေရဲ့ စပါးအထွက်က ကိုယ့်ဒေသအတွက်တော့ ဖူလုံတယ်လို့ ဆိုရမှာပေါ့။ နောက်တော့ လက်ဆည်ကန်တော်ရဲ့ ရေဝေစနစ်ဟာ စစ်အတွင်းမှာ ပျက်သွားခဲ့တယ်။

**နှင်းရည်မြ** ။ ။ ဘဘထင်- အဲဒီမုရင်းမလေ့ကို ပြောပြပါလားဟင်. . .။

**ဦးထင်** ။ ။ ဒီနေ့တော့ အချိန်မရဘူး တူမရဲ့၊ နောက်တစ်ချိန်ချိန်မှာ ပြောပြမယ်။ ကဲ- ခုတော့ ကန်ဆော်

အဆက်ဆက်ရဲ့ ငလင်းမြွေ လယ်ကွက်နေရာကို ဘာဘပြမယ်လာ. . ။ (လက်ယာဘက်သို့ ဆက်လျှောက်ကြစေ။)

**ဦးညိုမောင်** ။ ။ (ခဏာကျန်ရစ်ခဲ့ပြီး၊ တစ်ယောက်တည်း ဆွေးဆွေးမြည့်မြည့်ပြော) (နောက်ခံအသံဖြင့်) မြနှင်းရေ . . . မင်း သိချင်လှတဲ့ မင်းမိဘရဲ့ ဇာတိနေရာကို ကိုညိုရောက်နေပြီလေ။ မင်းရဲ့ သမီးလေးနှင်းရည်ဖြူလည်း သူ့အဘိုးရဲ့ နေရာကို တွေ့ရတော့မယ်။ ဪ- ဘဝကံနည်းရှာတဲ့ မြနှင်းရယ်. . ။

(ဦးညိုမောင်၊ ဦးထင်တို့နောက်သို့ တရွေ့ရွေ့လိုက်သွားစဉ်. . . )

(ကားပိတ်)

* * * * *

## အခန်း- ၃

**နေရာ** - ဦးထင်၏ အိမ်ခြံဝိုင်းအတွင်း
**အချိန်** - ညနေခင်း
**အပြင်အဆင်** - သစ်ပင်ကြီးကြီး တစ်ပင်ပါရှိသော သစ်ပင်ပန်းမန် အိမ်ခြံရှေးချက် နောက်ခံကား ရှိရမည်။
- သစ်ပင်နှင့် တည့်တည့် ကားရှေ့တွင် တန်းလျားခုံရှည်တစ်ခု ချထားရမည်။

(ကားဖွင့်)
(ဦးညိုမောင်နှင့် နှင်းရည်ဖြူ ဇာတ်စင်လက်ယာဘက်မှ ထွက်လာစေ။)

**ဦးညိုမောင်** ။ ။ ကဲ- တို့ သားအဖနှစ်ယောက် မိသားစုအတွင်းရေးတိုးတိုးတိတ်တိတ် ဆွေးနွေးကြရအောင်ကွယ်။ လာ- ဒီမှာထိုင် သမီး။
(သားအဖနှစ်ယောက် တန်းလျားခုံရှည်တွင် ထိုင်ကြစေ။)

**ဦးညိုမောင်** ။ ။ သမီးဒီနေ့ကျောင်းမှာ ဂျူတီရိပ်ပေးပြီးပြီ မဟုတ်လား။ ဆရာမကြီးက ဘာထပ်ပြောသေးလဲ။

**နင်းရည်ဖြူ** ။ ။ သမီးနဲ့ ဘဘထင်တို့ အမျိုးတော်တာ ပြောပြလိုက်တော့ အရမ်းအံ့သြသွားတာပေါ့။ အဲဒီအကြောင်း ကြားရလို့ဆရာ၊ ဆရာမတွေလည်းဝိုင်းပြီး ဝမ်းသာနေကြတယ်။

**ဦးညိုမောင်** ။ ။ ဒါပေါ့ သမီးရယ်၊ ကြံတောင့်ကြံခဲကိစ္စပဲ။ ကံတရားရဲ့ ဆန်းကြယ်မှုပေကိုး။ ဒါနဲ့ သမီး ဘယ်အတန်းကိုင်ရမလဲ။

**နင်းရည်ဖြူ** ။ ။ သမီးကပဲ တောင်းဆိုခဲ့တယ်လေ။ သမီးကဘွဲ့ရပေမယ့် ဆရာဖြစ်သင်တန်း မတက်ရသေးတော့ ၅ တန်းကိုပဲ ကိုင်ပါရစေပေါ့။ ဆရာမကြီးကလည်း ဒီလိုပဲ စီစဉ်ထားပါတယ်တဲ့။ ဆရာဆရာမတွေကလည်း အားမငယ်ဖို့နဲ့ သူတို့ဝိုင်းကူညီပေးမယ်ဆိုပြီး အားပေးကြပါတယ်။

**ဦးညိုမောင်** ။ ။ အေးပေါ့ကွယ်။ ကျောင်းဆရာလောကက ပျော်စရာကောင်းပါတယ်။ နောင်ဆိုရင် ကိုယ့်တပည့်တွေနဲ့ သံယောဇဉ်ဖြစ်ပြီး ကြည်နူးဖွယ်ဘဝတစ်ခု ဖြစ်သွားပါလိမ့်မယ်။ ဖေဖေ့ကိုကြည့်။

**နင်းရည်ဖြူ** ။ ။ ဟုတ်တယ်နော်။ သမီးလည်း ဖေဖေ့ကျောင်းဆရာဘဝကို အားကျပြီး ပညာရေးဌာနကို လျှောက်ခဲ့တာ။ နောက်ပြီးတော့ သမီးဘွဲ့ရပြီး တစ်နှစ်ကျော်ကျော် ဖေဖေနဲ့အတူ ရှမ်းလေးတွေကိုဂိုက်လုပ်ခဲ့တဲ့ အတွေ့အကြုံတွေလည်းရှိနေတယ်လေ။ ဩော် . ဖေဖေ သမီးကို မိသားစုအတွင်းရေးဆွေးနွေးမယ်ဆိုတာ ဘာလဲဟင် . . ။

**ဦးညိုမောင်** ။ ။ အင်း အင်း. . အဲဒါ. . သမီးရဲ့ အချစ်ရေးကိစ္စ မေးမလို့ကွဲ့။ သမီးလေး. . ။

**နှင်းရည်မြ** ။ ။ ရှင် ဖေဖေ. . ။

**ဦးညိုမောင်** ။ ။ အမေမရှိတော့လို့ ဖေဖေဟာ သမီးရဲ့ အဖေ ဆိုလည်းဟုတ်၊ အမေဆိုလည်း ဟုတ်တယ်နော်။

**နှင်းရည်မြ** ။ ။ ဟုတ်ပါတယ် ဖေဖေ။

**ဦးညိုမောင်** ။ ။ အဖေတစ်ခု သမီးတစ်ခုဘဝမှာ တို့သားအဖ အရာရာကို ပွင့်ပွင့်လင်းလင်း ရှိရမယ်လေ။ ခုဆိုရင် သမီးက ဖေဖေနဲ့ အဝေးမှာနေရပြီဆို တော့၊ အရွယ်ရောက်နေတဲ့ သမီးရဲ့ အချစ်ရေး ကိစ္စကို ဖေဖေသိထားဖို့ လိုတယ်မဟုတ်လား သမီး။

**နှင်းရည်မြ** ။ ။ ဟုတ်ပါတယ် ဖေဖေ။ သမီး မိုးသောက်အကြောင်း ဖေဖေ့ကို ပြောပြမလို့ပါပဲ။ သူနဲ့ သမီးက ပြတ် သွားပါပြီ။

**ဦးညိုမောင်** ။ ။ ဟင်- ဘယ်လိုဖြစ်တာလဲ။ ဒီကလေးက ဖေဖေ့ မျက်စိအောက်မှာပဲ ကြီးပြင်းသွားတာ။ သူ့မိဘ ဆိုလည်း ဖေဖေ့ မိတ်ဆွေတွေပဲ။ သူက အခု ဗိုလ်ကြီးတောင် ဖြစ်နေပြီ မဟုတ်လား။ ရိုးရိုး သားသားလေးပဲ။

**နှင်းရည်မြ** ။ ။ မိုးသောက်နဲ့ သမီးက ငယ်သူငယ်ချင်းဘဝကနေ ချစ်သူဘဝ ရောက်ခဲ့ကြတာပါ။ ရိုးသားတာ လည်း သမီးအသိပါ။ ဒါပေမဲ့ သူ့သင်တန်းဆင်း

ပြီး နယ်စပ်ဘက်ကို ရောက်သွားတော့ အဲဒီမှာ သူ အသောက်အစား များသွားတယ်ထင်ပါတယ်။ သမီးတက္ကသိုလ် နောက်ဆုံးနှစ်၊ တစ်နေ့မှာ သမီးဆီကို မိန်းကလေးတစ်ယောက်အသံနဲ့ ဖုန်းလာတယ်။ သူနဲ့ ဗိုလ်မိုးသောက် လက်မှတ်ထိုးပြီးပြီတဲ့။ ဒါနဲ့ သမီးက ဗိုလ်မိုးသောက်နဲ့ ပြောမယ်ဆိုတော့ မိုးသောက်က ဘာပြောတယ်မှတ်လဲ။ မင်းနဲ့ငါနဲ့ ဇာတ်လမ်းပြတ်ပြီတဲ့။ နောက်တစ်နေ့ ထပ်ဆက်တော့ မင်းကို မချစ်တော့တဲ့သူကို ဘာဖြစ်လို့ ဆက်နေတာလဲတဲ့။ အဲဒီအချိန်ကစပြီး သမီးသူ့ကို ရင်နာနာနဲ့ မေ့ပစ်လိုက်တယ်။

**ဦးညိုမောင်** ။ ။ တော်တော်မိုက်တဲ့ကလေးပဲ။ အင်း. . သမီးက မေ့လိုက်ပြီဆိုပေမယ့် သံယောဇဉ်ပြတ်ရဲ့လား။

**နင်းရည်မြ** ။ ။ အို ဖေဖေရယ်၊ သူဒီလိုပြောမှတော့ သမီးက ဘာတွယ်တာနေရမှာလဲ။ အခု သမီးရဲ့ဘဝကို တပည့်လေးတွေကြားမှာ မြှုပ်ထားလိုက်မယ်။ ဂီတနဲ့ လောကကို အလှဆင်မယ်။ လူမှုရေးတွေ လုပ်ပြီး လူတွေကို ကူညီမယ်။ သမီး မြန်အောင်ကြက်ခြေနီအသင်းမှာ ထူးချွန်ကြက်ခြေနီ တံဆိပ်ရခဲ့တာ ဖေဖေအသိပဲလေ။

**ဦးညိုမောင်** ။ ။ အေးပါကွယ်၊ ငါ့သမီးလေးရဲ့ လူမှုရေးစိတ်ဓာတ်ကို ဖေဖေသိပါတယ်။အင်း. . ဒါပေမဲ့. . .။

**နင်းရည်မြ** ။ ။ ဘာ ဒါပေမဲ့လဲ ဖေဖေရဲ့။

**ဦးညိုမောင်** ။ ။ "သမီးကညာ အခါမလင့်စေနဲ့"ဆိုတဲ့ ဆိုရိုးစကားရှိတယ် သမီးရဲ့။ နောက်ပြီး ဖေဖေ့အရွယ်က တတိယပိုင်း ရောက်လာပြီလေ။ သမီးလေးလောကအလယ်မှာ တစ်ယောက်တည်း ကျန်ခဲ့မှာ စိုးတယ်။

**နှင်းရည်ဖြူ** ။ ။ ဟာ- ဖေဖေကလည်း မစိုးရိမ်ပါနဲ့။ သမီးက ဖေဖေ့သမီးပါ။ စိတ်ဓာတ်ကြံ့ခိုင်ပါတယ်။

**ဦးညိုမောင်** ။ ။ သမီးက ငယ်သေးတယ်လေ။ ၂၅ နှစ်တောင် မပြည့်သေးတော့ ဖေဖေကစိတ်မချဘူး။ ခု ဒီမှာ ဆွေမျိုးတွေ ပြန်တွေ့ရတယ်ဆိုပေမယ့် သမီးဘဝရှေ့ရေး အတည်တကျ ဖြစ်ဖို့လိုတယ်ကွဲ့။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့် မဟုတ်လား။

**နှင်းရည်ဖြူ** ။ ။ အင်း. . သမီးကတော့ အချစ်ရေးစိတ်ကုန်သွားပါပြီ ဖေဖေရာ။ သမီးတစ်ယောက်တည်းကျန်လည်း ဘဝကို ရုန်းကန်နိုင်ပါတယ်။

**ဦးညိုမောင်** ။ ။ သမီးကို ယုံပါတယ်ကွယ်။ ဒါပေမဲ့ ဖေဖေမသေခင်တော့ သမီးကို အိုးအိမ်အတည်တကျမြင်ချင်တယ်သမီး။ ဒီတော့ သမီးမှာချစ်ရတဲ့သူများတွေ့လာရင် ဖေဖေ့ကိုပြောနော်။

**နှင်းရည်ဖြူ** ။ ။ (ရယ်လျက်) သမီးကတော့ နောက်တစ်ယောက်ဆိုတာမျိုးကို မစဉ်းစားတော့ပါဘူး ဖေဖေရာ။ အဲ- ဖေဖေက သမီးကို စိတ်မချလို့ သင့်တော်တဲ့သူမျိုးတွေ့ရင်တော့ သမီးကိုပြောပေါ့။ ဖေဖေက သင့်တယ်ဆိုရင် သမီးမငြင်းပါဘူး။

**ဦးညိုမောင်** ။ ။ ဟုတ်ပြီ- ဟုတ်ပြီ၊ သမီးက ဒီလိုစဉ်းစားတယ်ဆိုရင်တော့ ဖေဖေတစ်မျိုးတော့ စိတ်အေးသွားပါပြီကွယ်။

**နှင်းရည်ဖြူ** ။ ။ ဖေဖေ့ကိုလည်း သမီးကအိမ်မှာမရှိတော့ စိတ်ပူတယ်။ ဒါပေမဲ့ စင်လာလေးရှိလို့တော်သေးတယ်။

**ဦးညိုမောင်** ။ ။ ဟုတ်တယ်လေ၊ သူလည်း ဖေဖေ့သမီးဖြစ်နေပြီပဲ။ နောက်ပြီး ၉ တန်းရောက်လာတဲ့ ခွန်စောခိုင်လေးကလည်း ဖေဖေ့ရဲ့ လက်ရုံးလေးဖြစ်လာပြီ။ ဖေဖေ့အတွက် မပူနဲ့။ ဖေဖေနဲ့စင်လာနက်ဖြန်ပဲ မြန်အောင်ပြန်မယ်နော် သမီး။ အရေးအကြောင်းရှိရင် ဖုန်းဆက်။ ရွာထဲမှာ ဖုန်းရှိတယ်လို့ပြောတယ်။

**နှင်းရည်ဖြူ** ။ ။ ဆက်မှာပေါ့ဖေဖေရဲ့။ ရွာထဲကဆက်လို့ အဆင်မပြေရင်တောင် ဧရာဝတီမြစ် ဟိုဘက်ကမ်း မြင်းမူမြို့ကို ကူးပြီးဆက်မယ်။ နက်ဖြန်ကျရင် ဖေဖေနဲ့စင်လာကို ဘဘထင်က မြင်းမူအထိ ကူးတို့စက်လှေနဲ့ လိုက်ပို့မယ်တဲ့။

**ဦးညိုမောင်** ။ ။ ကဲ- ဒါဆို၊ ဖေဖေတို့ ပစ္စည်းလေးတွေထည့်ကြစို့။ (ဦးညိုမောင်တို့ သားအဖ ခုံရှည်တန်းလျားမှ ထလိုက်စဉ် -)

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၄

**နေရာ** - လက်ဆည်ကန်ရွာ၊ အလက ကျောင်းဝင်း။

**အချိန်** - နေ့ကျောင်းလွှတ်ချိန်။

**အပြင်အဆင်** - စာသင်ဆောင်များ ရေးချက် နောက်ခံကား ရှိရမည်။

### (ကားဖွင့်)

(ကျောင်းသားငယ်များ ပြေးလွှားဆော့ကစား နေကြစေ။ အချို့က ဇာတ်စင်အတွင်းသို့ဝင် သွားလိုက်၊ ပြန်ထွက်လာလိုက်နှင့် ဆော့ကစား နေပုံကို ပြထားပြီး အတန်ကြာတွင် ဇာတ်စင် အတွင်းမှ ကလေးတစ်ယောက် "အား. . " ဟု အော်ရင်း ဇာတ်စင်ပြခွင်သို့ ပြေးထွက်လဲကျ လာစေ။ ကစားနေကြသော ကျောင်းသားများ ထိုကလေးထံ ဝိုင်းအုံကြည့်ပြီး တစ်ယောက် တစ်ပေါက် ပြောသံများ ထွက်ပေါ်လာစေ။)

**တစ်ယောက်** - ဟာ သွေးတွေ၊ သွေးတွေ။

**တစ်ပေါက်ပြောသံများ**

- သွပ်ပြားရှတာ
- သွပ်ဟောင်းပုံကြီးပေါ် ခုန်ချတာကိုး
- ဆရာမ သွားပြောမှပဲ

**ကျောင်းသား တစ်ယောက်** ။ ။ (အခြားတစ်ယောက်အား) ဟေ့ကောင် လာ၊ ဆရာမ သွားခေါ်မယ်။ (အတွင်းသို့ဝင်သွားစေ။) (တစ်အောင့်အကြာ ၎င်းတို့နှစ်ယောက်က ဆရာမ နှင်းရည်ဖြူကို ခေါ်လာစေ။ နှင်းရည်ဖြူ လက်ထဲတွင် ရှေးဦးသူနာပြုကစ်ပုံးပါလာ။)

**ဒေါ်နှင်းရည်ဖြူ** ။ ။ (ဝိုင်းအုံနေသော ကလေးများကို ဖယ်ရှားဝင်လာပြီး) ဖယ်စမ်း. . ဖယ်စမ်း (ဒဏ်ရာရထားသော ကလေးကိုပွေ့ပြီး ဒဏ်ရာကိုစစ်ကြည့်၊ ကစ်ပုံးထဲမှ အရက်ပြန်၊ ဂွမ်း၊ ပတ်တီးတို့ဖြင့် ရှေးဦးသူနာပြု လုပ်ပေးပြီး၊ ကျောင်းသားကြီးနှစ်ယောက်အား) ဆေးခန်း အမြန်ပို့ရမယ်။ မင်းတို့နှစ်ယောက် ပွေ့ချီခဲ့ကြနော်။
(ထိုစဉ်ပင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်အေးနှင့် ဆရာ၊ ဆရာမတချို့ ရောက်လာစေ။)

**ဒေါ်နှင်းရည်ဖြူ** ။ ။ ကလေးနှစ်ယောက် ဆရာမကြီးအခန်းဘက် ပြေးသွားတာ တွေ့လို့၊ ဟဲ့- ဘာဖြစ်တာလဲ မေးတော့ သွပ်ပြားရှတာသိသိချင်း ကျွန်မ အသင့်ဆောင်ထားတဲ့ ဖတ်စ်အိတ်ကစ်ပုံး ယူလာပြီး ချက်ချင်းပြုစုပြီးပါပြီ။ ဒဏ်ရာက နက်လို့ ချုပ်ရလိမ့်မယ်။ သွေးထွက်မလွန်

အောင်တော့ ပတ်တီးနဲ့ ထိန်းထားပါတယ်။ မပူပါနဲ့ ဆရာမကြီး။ ကျွန်မ ဆေးခန်းကို လိုက်ပို့ပါမယ်။ သူ့အိမ်တော့ ကျွန်မ မသိဘူး။

**ဆရာမကြီး** ။ ။ သူ့အိမ်ကို ဆရာတစ်ယောက် သွားပြောခိုင်းလိုက်မယ်။ ဆရာမလေးက ဆေးခန်းကိစ္စပဲ လုပ်ပေးပါနော်။

(ဒေါ်နှင်းရည်ဖြူက ဦးဆောင်ပြီး ဒဏ်ရာရကလေးကို ကျောင်းသားကြီးနှစ်ယောက်က ပွေ့ချီလျက် ဇာတ်စင်အတွင်းသို့ ဝင်သွားစေ။ ကျောင်းသားများလည်း အလျှိုအလျှိုဝင်သွားစေ။)

**ကျောင်းအုပ်ဆရာမကြီး** ။ ။ ဆရာဦးခိုင်က ဆိုင်ကယ်ရှိတော့ အဲဒီကလေးအိမ်ကို အကြောင်းကြားပေးပါနော်။ သူ့အိမ်သိတယ်မဟုတ်လား။

**ဆရာဦးခိုင်** ။ ။ သိတယ်၊ သိတယ်။ ဂျမ်းကုန်းထဲမှာ။ (ပြောပြောဆိုဆို ဇာတ်စင်အတွင်း ဝင်သွားစေ။)

**ကျောင်းအုပ်ဆရာမကြီး** ။ ။ အင်း. . ဆရာမလေး နှင်းရည်ဖြူက ကြက်ခြေနီအသင်းဝင်ဆိုတော့ အဆင်ပြေလိုက်တာ။ ကျွန်မတို့ကျောင်းအတွက် အားကိုးရမယ့်ဆရာတစ်ယောက် တိုးလာတာပေါ့။

**ဆရာမတစ်ဦး** ။ ။ ဟုတ်ပါတယ် ဆရာမကြီး။ ဒေါ်နှင်းရည်ဖြူက သူများကို ကူညီချင်တဲ့စိတ်ရှိတယ်။

**ဆရာတစ်ဦး** ။ ။ ဒီလို ဒဏ်ရာနက်တာမျိုးက သွေးထွက်လွန်ရင် ဒုက္ခရောက်နိုင်တယ်။

**ကျောင်းအုပ်** ။ ။ ခုတော့ ကလေးအတွက် မစိုးရိမ်ရတော့ပါဘူး။

**ဆရာမကြီး**

(ထိုစဉ် ကျောင်းတက်ခေါင်းလောင်းသံ ထွက်ပေါ်လာစေ။)

**(ကားပိတ်)**

❖ ❖ ❖

## အခန်း- ၅

**နေရာ** - ရေလယ်ကျွန်း။

**အချိန်** - နေ့လယ်ပိုင်း။

**အပြင်အဆင်** - ပြောင်းခင်းကို နောက်ခံထားလျက် တဲတစ်လုံး ရှေးချက် နောက်ခံထားရှိရမည်။

(ကားဖွင့်)

(ကျွန်းတောင်သူတစ်ဦး သံတူးရွှင်းဖြင့် မြေတူး ဟန်ပြုနေစေ။ ဆရာမနှင်းရည်ဖြူနှင့် လှော်တက် တစ်ခုထမ်းထားသော ကျောင်းသားလေး တစ်ယောက် လက်ယာဘက်မှ ထွက်လာစေ။)

**တောင်သူ** ။ ။ (တူးရွှင်းကို ကမန်းကတန်းချလိုက်ပြီး) မဝင်းရေ . . ဆရာမ ရောက်လာပြီဟေ့။ သားရေ- လှော်တက် သွားထားလိုက်ဦး။ (ကျောင်းသားလေး လက်ဝဲဘက်သို့ ဝင်သွားပြီး ပြန်ထွက်လာစေ။)

**အတွင်းမှအသံ** ။ ။ လာပြီ လာပြီတော်ရေ။ (လက်ဝဲဘက်မှ ထွက်လာပြီး) လာပါ ဆရာမ၊ တဲထဲသွားရအောင်။ တဲထဲမှာ ဆရာမစားဖို့ ပြောင်းဖူးကြော်ထားတယ်။

**နင်းရည်ဖြူ** ။ ။ ဩော်- ရပါတယ်ရှင်။ ကျွန်မ ကျွန်းရှုခင်းလေး ခဏကြည့်ဦးမယ်။ ဒါနဲ့ ဒီက မောင်နေရောင်ရဲ့ အဖေနဲ့ အမေပေါ့နော်။ ဦးတင်ဝင်းနဲ့ ဒေါ်လှဝင်း. .။

**ဒေါ်လှဝင်း** ။ ။ ဟုတ်ပါတယ် ဆရာမ။ သားကလေ. . တန်းပိုင်ဆရာမလေးက ကျောင်းပိတ်ရက်မှာ တဲကို လာချင်တယ်ပြောလို့ သားကိုလှေနဲ့ အကြိုလွှတ်လိုက်တာပါ။

**နင်းရည်ဖြူ** ။ ။ ဟုတ်ပါတယ်၊ ကျွန်မ မောင်နေရောင်ကို မှာလိုက်တာပါ။ ကျွန်းထဲကိုရောက်ဖူးချင်တာရော၊ မောင်နေရောင့် မိဘတွေနဲ့ ဆွေးနွေးချင်တာရောပေါ့။ ဆွေးနွေးချင်တယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ကလေး အတွက်ပါ။

**ဦးတင်ဝင်း+ဒေါ်လှဝင်း** ။ ။ ဟင်- သားလေးက ဘာဖြစ်လို့လဲ ဆရာမ။

**နင်းရည်ဖြူ** ။ ။ အို- ဘာမှဖြစ်လို့ မဟုတ်ပါဘူးရှင်၊ ဒီလိုပါ၊ ဟိုတစ်လောက နေ့လယ်ကျောင်းဆင်း ထမင်းစားချိန်မှာ၊ မောင်နေရောင်က သူများတွေလို ထမင်းဘူး၊ ထမင်းထုပ် ပါတာမတွေ့လို့ လေ့လာလိုက်တော့ သူက ပြောင်းဖူးဖုတ်ပဲစားတယ်တဲ့။ ဟိုတစ်နေ့တုန်းကလည်း သူ့ခြေဖဝါးကို မည်းညစ်နေတဲ့ အဝတ်နဲ့ပတ်ထားလို့ ခေါ်ပြီးဖြည်ကြည့်လိုက်တော့ ပုလင်းကွဲရှတာတဲ့။ လှေထဲက တွေ့တဲ့အဝတ်စနဲ့ ပတ်ခဲ့တာကိုး။ ဒါနဲ့ သူ့အနာကို ဆေးကြောပြီး ဆေးထည့်၊ ပတ်တီးစည်းပေး

လိုက်တယ်။ အဲဒါလေးတွေကြောင့် မိဘရဲ့အခြေအနေသိချင်လို့ ကျွန်မလာတာပါ။

**ဒေါ်လှဝင်း** ။ ။ ဟုတ်ကဲ့- ဟုတ်ကဲ့၊ သားလေးက ပြောပြပါတယ် ဆရာမ။ ပြောင်းဖူး ဖုတ်စားတဲ့နေ့တွေက ကျွန်မ တစ်ပတ်လောက် ဟိုဘက်ကမ်းသွားပြီး သီးနှံတွေ ရောင်းနေရလို့ပါ။ သူ့အဖေကလည်း အခင်းထဲမှာ အချိန်ကုန်တော့ ထမင်း မချက်နိုင်လို့ ကလေးကို ပြောင်းဖူးဖုတ်ပဲ ပေးလိုက်တာတဲ့။

**နှင်းရည်ဖြူ** ။ ။ သြော် သြော်- ဒီလိုလား။ မောင်နေရောင်က စာကြိုးစားတဲ့ကလေးဆိုတော့ မိဘက ကလေးကို ဂရုမစိုက်နိုင်ရဲ့လား၊ ဒါမှမဟုတ် မိဘတွေက အရမ်း ကသိနေလို့လား လေ့လာချင်တာကြောင့်ပါ။

**ဦးတင်ဝင်း** ။ ။ ဂရုမစိုက်တာတော့ မဟုတ်ပါဘူး ဆရာမရယ်၊ ကျွန်တော် လိုသွားတာပါ။

**ဒေါ်လှဝင်း** ။ ။ ပုလင်းကွဲရှတာကို အဝတ်နဲ့စည်းခဲ့တာကတော့ ကျွန်မတို့ဆီမှာ ဘာဆေးမှ မရှိလို့ပါ။ သူများတွေ လုပ်သလိုပဲ နနွင်းသိပ်ပြီး အဝတ်နဲ့ စည်းပေးလိုက်တာ၊ လမ်းကျတော့ အဝတ်စက ရေထဲပြုတ်ကျလို့ လှေထဲမှာတွေ့တဲ့ အဝတ်တွေနဲ့ ပတ်သွားတာနေမှာ။

**နှင်းရည်ဖြူ** ။ ။ အင်း- အဲဒါသိပ်အန္တရာယ်ရှိပါတယ်။ အနာကို မသန့်တဲ့ အဝတ်နဲ့စည်းရင် အဲဒီအဝတ်ထဲက

ရောဂါပိုး အနာထဲဝင်ပြီး ပိုဆိုးသွားနိုင်ပါတယ်။ အဲဒီလို ထိခိုက်ရှနာဖြစ်ရင် အရေးကြီးတာက အရက်ပြန်နဲ့ အနာကို ဦးဆုံး သန့်ပေးဖို့ လိုပါတယ်။ ဒါကြောင့် အရက်ပြန်ပုလင်း တစ်လုံးလောက်တော့ ဆောင်ထားသင့်တယ်။ ပြီးမှ ဆေးခန်းမှာ ဆေးထည့်ရင် ဖြစ်ပါတယ်။

**ဒေါ်လှဝင်း** ။ ။ ဟုတ်ကဲ့ မှတ်ထားပါမယ်ဆရာမ။

**နှင်းရည်မြ** ။ ။ ပြောင်းဖူးဖုတ်တွေစားတဲ့ ကိစ္စကတော့ အမြဲတမ်းချည်းမဟုတ်လို့ တော်ပါသေးရဲ့။ အင်း. . မိဘက အလုပ်ရှုပ်ပေမယ့် သားသမီးလေးတွေ စားရေးသောက်ရေးကိုတော့ ပုံမှန်လေးလုပ်ပေးပါနော်။ တော်ကြာ ကလေးရဲ့ စိတ်ဓာတ်ကျသွားတတ်ပါတယ်။ ခုဟာက မိဘတွေအနေနဲ့ ချို့ချို့တဲ့တဲ့ကြီး မဟုတ်ပါဘူးနော်။

**ဒေါ်လှဝင်း** ။ ။ ဟုတ်ကဲ့ပါရှင်။ ကျွန်မတို့ နောင်ကိုသတိထားပါ့မယ်။ ကဲ့- ဆရာမ တဲထဲမှာထိုင်ရအောင်။

**နှင်းရည်မြ** ။ ။ ခဏလေး. .၊ ကျွန်မ ဦးတင်ဝင်းကို မေးချင်တာလေး ရှိသေးတယ်။

**ဦးတင်ဝင်း** ။ ။ ဘာပါလိမ့်ခင်ဗျာ။

**နှင်းရည်မြ** ။ ။ ဦးတင်ဝင်းခုနက တူးရှင်းနဲ့တူးနေတဲ့ ကျင်းတွေက အများကြီးပဲ။ တဲဆောက်ဖို့ဆိုရင်လည်း ဒီလောက်ကျင်းတွေ များများတူးဖို့ မလိုဘူးလေ။ အဲဒါ ဘာလုပ်ဖို့လဲဟင်။

**ဦးတင်ဝင်း** ။ ။ ဩော်- အဲဒါက ငှားမြေဆက်မလို့ပါ။

**နှင်းရည်မြ** ။ ။ ငှားမြေ . . ၊ ဟုတ်လား။ ဒီကျွန်းကမြေကို သူများဆီက ငှားဖို့ ကိစ္စလား။

**ဦးတင်ဝင်း** ။ ။ မဟုတ်ဘူး ဆရာမ။ ဒီလိုပါ။ ဟောဒီနားက မြေတွေက သဲတွေဖုံးနေလို့ ဒီအတိုင်းစိုက်လို့ မရပါဘူး။ မစိုက်ဘဲထားရင်လည်း အလကားဖြစ်သွားမယ်။ အဲဒီ သဲပြင်ကြီးရဲ့အောက်မှာ စိုက်လို့ကောင်းတဲ့ ကျွန်းမြေလွှာရှိတယ်။ ဒါကြောင့် အပေါ်ယံ သဲမြေကို တူးရွှင်းနဲ့တူးဖောက်ပြီး အဲဒီကျင်းထဲကို သဘာဝမြေဩဇာထည့်၊ ပြီးတော့ မျိုးစေ့ထည့်စိုက်လိုက်ရင် မျိုးစေ့ရဲ့အမြစ်က အောက်က မြေကောင်းကို ရောက်သွားတာပေါ့။ အဲဒီလိုနည်း စိုက်ပျိုးတာကို ငှားမြေဆက်တယ်လို့ ခေါ်တာပါခင်ဗျာ။

**နှင်းရည်မြ** ။ ။ ဪ- ဘဘောပေါက်ပါပြီရှင်။ ခု ဒီကျင်းတွေမှာ ဘာစိုက်မှာလဲ။

**ဦးတင်ဝင်း** ။ ။ ဖရဲချမှာပါ။

**နှင်းရည်မြ** ။ ။ အင်း . . ဖရဲမျိုးစေ့က အောက်မြေကို အမြစ်စွဲသွားတာနဲ့ အပေါ်မှာ ဖရဲပင်အညွန့်တွေ ဖြာမှာပေါ့နော်။

**ဦးတင်ဝင်း** ။ ။ ဟုတ်ပါတယ်၊ အောက်က မြေကောင်းဆိုတာလည်း မြစ်ရေပြင်နဲ့ ဆက်စပ်နေတော့ ရေသိပ်လောင်းဖို့ မလိုဘူးပေါ့ခင်ဗျာ။ ဖရဲခင်းကြီး ဖြစ်လာတဲ့ အချိန်ကျရင် ဆရာမလေး တစ်ခေါက်လောက် လာကြည့်ပါဦး။

**နှင်းရည်မြူ** ။ ။ စိုက်ပျိုးရေးဟာ သိပ်ကို စိတ်ဝင်စားစရာကောင်းတာပဲနော်၊ ဟိုးက ပြောင်းဖူးခင်းကြီးကလည်း ညို့နေတာပဲ။

**မောင်နေရောင်** ။ ။ ဆရာမပြန်ရင် ပြောင်းဖူးတွေ ပေးလိုက်ပါရစေနော်။

**နှင်းရည်မြူ** ။ ။ အေးပါကွယ်၊ အေးပါ။

**ဒေါ်လှဝင်း** ။ ။ ကဲလာ၊ တဲထဲသွားကြရအောင်။

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၆

| | |
|---|---|
| **နေရာ** | - အလက၊ ပဉ္စမတန်း စာသင်ခန်း။ |
| **အချိန်** | - ကျောင်းချိန်။ |
| **အပြင်အဆင်** | - စာသင်ခန်းတစ်ခု၏ အတွင်းပိုင်း အပြင်အဆင်။ |
| | - နံရံနောက်ခံကားရှိရမည်။ |
| | - လက်ယာဘက်အစွန်နားတွင် ကျောက်သင်ပုန်း ရှိရမည်။ ကျောက်သင်ပုန်းထိပ်တွင် ပဉ္စမတန်း (ခ) ဟု ရေးထား။ |
| | - ကျောက်သင်ပုန်းရှေ့တွင် ဆရာစားပွဲတစ်လုံးနှင့် ကုလားထိုင် ရှိရမည်။ |
| | - ကျောက်သင်ပုန်းရှိရာဘက်သို့ မျက်နှာမူလျက် စာသင်ခုံများကို မြင်ကွင်းတွင် အရေအတွက် သင့်သလို ချထားပြီး ကျန်စာသင်ခုံများ ဇာတ်စင် အတွင်း၌ ရှိလေဟန် အနေအထားဖြစ်ရမည်။ (ကျောင်းတက်ခေါင်းလောင်းသံနှင့်အတူ ကားဖွင့်) (စာသင်ခုံများတွင် ကျောင်းသားကျောင်းသူများ |

ထိုင်နေကြစဉ်၊ ဒေါ်နှင်းရည်ဖြူ လက်ယာဘက်မှ စာသင်ခန်းထဲသို့ ဝင်လာစေ။)

**ကျောင်းသား/သူများ ။** ။ (ထ၍) မင်္ဂလာပါဆရာမ . . .။

**ဒေါ်နှင်းရည်ဖြူ ။** ။ မင်္ဂလာပါ တပည့်တို့ . . .။
(ကျောင်းသား/သူများ ပြန်ထိုင်ကြစဉ် ကျောင်းသားလေးနှစ်ယောက် လက်ယာဘက်မှ ကမန်းကတန်းဝင်ရောက်လာကြပြီး စာသင်ခုံများဆီသို့ သွားမည်ပြုရာ. . .)

**ဒေါ်နှင်းရည်ဖြူ ။** ။ ဟေ့ ဟေ့ မောင်ကဲနဲ့ မောင်သဲ. . ဒီကိုလာပါဦးကွဲ့။
(ကျောင်းသား နှစ်ယောက်က မချိုမချဉ်မျက်နှာထားများနှင့် စားပွဲရှေ့လာရပ်စေ။)

**ဒေါ်နှင်းရည်ဖြူ ။** ။ လက်ပိုက်ပါ၊ ဆရာရှေ့လာရင် လက်ပိုက်ရတယ်ဆိုတာ သင်ထားတယ် မဟုတ်လားကွဲ့။

**ကျောင်းသားနှစ်ယောက် ။** ။ ကျောင်းသား နှစ်ယောက်။ ဟုတ်ကဲ့ ဆရာမ။
(လက်ပိုက်ကြစေ။)

**ဒေါ်နှင်းရည်ဖြူ ။** ။ မင်းတို့နှစ်ယောက်ဟာ အမြဲလိုလို နောက်ကျတယ်။ နောင်ကို နောက်မကျရအောင် မင်းတို့ခြေထောက်တွေကို သတိပေးမှ ဖြစ်တော့မယ်ကွဲ့။ (စားပွဲပေါ်မှ သစ်သားပေတံပြားကို ကိုင်လိုက်ပြီး ကျောင်းသားနှစ်ယောက်အား) ကဲ-ဟိုဘက်လှည့်။ (ပေတံဖြင့် ခြေသလုံးကို တစ်ချက်စီ ရိုက်စေ။)

(အတန်းထဲမှ "မြန်မာစံတော်ချိန် တစ်နာရီရှိပါပြီ" ဟူသော အသံထွက်လာစေ။)

**ဒေါ်နှင်းရည်ဖြူ ။ ။** (ကျောင်းသားနှစ်ယောက်) ကဲ- သွားထိုင်တော့။ (ကျောင်းသားနှစ်ယောက် ၎င်းတို့၏ခုံကို သွားထိုင်ကြစေ။)

**ဒေါ်နှင်းရည်ဖြူ ။ ။** ခုနက "မြန်မာစံတော်ချိန် တစ်နာရီရှိပါပြီ" လို့ ပြောသံကြားလိုက်တယ်ကွဲ့။ အတော်ပဲ၊ အဲဒီကိစ္စကို ဆရာမပြောချင်နေတာ. .။ အတန်းတွေမှာ ဆရာက အပြစ်ရှိတဲ့ကျောင်းသားကို ရိုက်တဲ့အခါ၊ တစ်ချက်ရိုက်ရင် မြန်မာစံတော်ချိန် တစ်နာရီရှိပါပြီတဲ့။ နှစ်ချက်ရိုက်ရင် မြန်မာစံတော်ချိန် နှစ်နာရီရှိပါပြီတဲ့။ အဲဒီလို မကြားတကြားပြောတာ အလေ့ကျနေကြတယ်ကွဲ့။ အဲဒီလိုပြောတာဟာ "သရော်တယ်" လို့ခေါ်တယ်၊ သရော်တယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ၊ သိကြလား။

(တိတ်ဆိတ်နေကြစေ။ ခဏကြာမှ-)

**ကျောင်းသားတစ်ယောက် ။ ။** (ထဖြေ) သရော်ဆိုတာ ခေါင်းလျှော်တဲ့ဟာပါဆရာမ။ (ဝိုင်းရယ်ကြ)

**ဒေါ်နှင်းရည်ဖြူ ။ ။** မှတ်ထားကြ၊ သရော်တယ်ဆိုတာ လှောင်ပြောင်တယ်ဆိုတဲ့ အဓိပ္ပာယ်ကွဲ့။ ဒီတော့ ဆရာကရိုက်တာကို လှောင်ပြောင်သလိုဖြစ်မသွားဘူးလား။

**ကျောင်းသား/သူများ ။ ။** ဖြစ်သွားပါတယ် ဆရာမ။

**ဒေါ်နှင်းရည်ဖြူ ။** ။ ဆရာက ရိုက်တယ်ဆိုတာလည်း တပည့်လုပ်ခဲ့တဲ့အပြစ်ကို အသိတရားရရုံပဲ ရိုက်တာ။ ကျိုးသွားအောင်၊ ပဲ့သွားအောင်ဆိုပြီး မုန်းလို့ ရိုက်တာလား။

**ကျောင်းသား/သူများ ။** ။ မဟုတ်ပါဘူး ဆရာမ။

**ဒေါ်နှင်းရည်ဖြူ ။** ။ ခုနပြောသလို မြန်မာစံတော်ချိန် တစ်နာရီရှိပါပြီ၊ နှစ်နာရီရှိပါပြီ စသဖြင့် ပြောတာဟာ ဆရာကို လှောင်ပြောင်သလို ဖြစ်သွားတယ်ကွဲ့။ "မြန်မာစံတော်ချိန်" ဆိုတဲ့စကားကို တို့နိုင်ငံရဲ့ ရေဒီယို၊ တယ်လီဗီးရှင်းတွေမှာ သုံးနှုန်းခဲ့တာကြာပြီလေ၊ အဲဒီထဲမှာပါတဲ့ စကားလုံးတွေဟာ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ပြတယ်ကွဲ့။ မြန်မာဆိုတာ စကားလုံးကိုကြည့်။ မြန်မာဆိုတာ ဗမာတစ်မျိုးတည်းကို မဆိုဘူး၊ မြန်မာဆိုတဲ့ စကားထဲမှာ ဘာတွေပါလဲကွဲ့။

**ကျောင်းသား/သူများ ။** ။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း ပါပါတယ် ဆရာမ။

**ဒေါ်နှင်းရည်ဖြူ ။** ။ ဟုတ်တယ်၊ ငါ့တပည့်တွေတော်တယ်။ မြန်မာဆိုတဲ့ စကားဟာ ဟိုး ပုဂံခေတ်ကစပြီး နိုင်ငံနဲ့ လူမျိုးကို ရည်ညွှန်းပြီး သုံးနှုန်းခဲ့တာကွဲ့။ အဲ-နောက်စကားတစ်လုံး "စံတော်ချိန်" ဆိုတာကော သိကြသလား။

**ကျောင်းသား/သူများ ။** ။ မသိပါဘူး ဆရာမ။

**ဒေါ်နှင်းရည်မြူ ။ ။** "စံ" ဆိုတာ အကောင်းဆုံး၊ အမှန်ဆုံးအရာ။ "စံချိန်" ဆိုတာ စံအဖြစ်သတ်မှတ်ချက်၊ စံအဖြစ် သတ်မှတ်ထားတဲ့ အချိန်ကို ဆိုလိုတယ်ကွဲ့။ ဒီထဲမှာ "တော်" ဆိုတဲ့ စကားပါတာကို သတိထားကြည့်ရမယ်။ "စံတော်ချိန်" တဲ့။ အဲဒါ ဘာကိုဖော်ပြသလဲဆိုရင် နိုင်ငံတော်နဲ့ပတ်သက်တာကို ဖော်ပြတဲ့စကား ဖြစ်တယ်ကွဲ့။ နိုင်ငံတော်က စံအဖြစ် သတ်မှတ်ထားတဲ့ အချိန်နာရီကို "စံတော်ချိန်" ရယ်လို့ သုံးနှုန်းတာကွဲ့။ "တော်" ဆိုတာက တော်ဝင်မြင့်မြတ်မှုကို ကိုယ်စားပြုတယ်လေ။ ဒါကြောင့် အဲဒီလို အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ပြတဲ့ တော်ဝင်မြင့်မြတ်တဲ့ စကားလုံးတွေကို ပြောင်လှောင်တဲ့စကား၊ သရော်တဲ့စကားအဖြစ် သုံးသင့်သလားကွယ်။

**ကျောင်းသား/သူများ ။ ။** မသုံးသင့်ပါဘူး ဆရာမ။

**ဒေါ်နှင်းရည်မြူ ။ ။** ဟုတ်ပြီ၊ ငါ့တပည့်တွေ သဘောပေါက်သွားကြပြီ။ သရော်တဲ့စကား မပြောသင့်သလို မတော်တဲ့စကားလည်း မပြောသင့်ဘူးဆိုတာကို ခုကြုံတုန်း ဆရာမပြောပြဦးမယ်၊ ခုခေတ်လူငယ်တွေကြားမှာ အထူးသဖြင့်တော့ မူးယစ်ဆေးတို့ဘာတို့သုံးတဲ့သူတွေကြားမှာ အဓိပ္ပာယ်မဲ့တဲ့ ရိုင်းစိုင်းတဲ့ စကားလုံးတွေ သုံးနေကြတယ်ကွဲ့။ ခေါက်ထားလိုက်စမ်းပါတို့၊ လာထည့်နေပြန်ပြီ

တို့၊ စိမ်းလိုက်စမ်းပါတို့. . အများကြီးပဲကွဲ့။ အဖေက သားကို ဆုံးမစကားတွေ တတွတ်တွတ် ပြောတာကို အဘိုးကြီး အီး ပေါက်နေတယ် တဲ့. . ။ (ရယ်ကြစေ။)

**ဒေါ်နှင်းရည်ဖြူ ။ ။** နောက်ပြီး၊ လူကြီးကို ဘဲကြီးတဲ့။ အဲဒီလိုရိုင်းရိုင်း စိုင်းစိုင်းပြောတာတွေဟာ ငရဲကြီးတယ်နော်၊ ဒါမျိုး လုံးဝ အတုမခိုးကြနဲ့ကွဲ့။ သရုပ်ပျက် သီချင်းတွေထဲမှာလည်း ကြားနေရတယ်၊ "ကဲ သာကဲ-ကဲသာကဲ-ကောင်မလေးကို ဆွဲမှာပဲ. ." တဲ့၊ နောက်ရှိသေးတယ်၊ "မိုက်လား-မိုက်လား-မိုက်တယ်-မိုက်တယ်" အရက်မူးသံနဲ့ဆိုတဲ့ သရုပ်ပျက် သီချင်းတွေ၊ ပြီးတော့ အဲဒီလို သီချင်းတွေထဲမှာ "ဝို့ ဝို့ ဝိုး" တဲ့။ "အ အ အား" တဲ့။ "ဝက်၊ ဝက်၊ ဝက်အူ ဝက်အူ" တဲ့၊ ခွေးအူသံလိုလို၊ အကြောဆွဲတာလိုလို (ရယ်ကြစေ) အဲဒါတွေဟာ တိုင်းတစ်ပါးက ဝင်လာတဲ့ သရုပ်ပျက်တွေကွဲ့၊ အတုမယူကြနဲ့ကွဲ့၊ လိုက် မဆိုကြနဲ့နော်။

**ကျောင်းသား/သူများ ။ ။** ဟုတ်ကဲ့ပါ ဆရာမ။

**ဒေါ်နှင်းရည်ဖြူ ။ ။** တကယ်တော့ ဆရာမတို့ မြန်မာလူမျိုးဟာ အင်မတန် ယဉ်ကျေးတဲ့ လူမျိုးကွဲ့။ တို့စကား၊ တို့သီချင်း၊ တို့ဂီတတွေဟာ အလွန်ယဉ်ကျေး တယ်။ သိမ်မွေ့တယ်၊ တိုင်းတစ်ပါးက ဝင်လာ

တဲ့ သရုပ်ပျက် ဂီတတွေနဲ့ လုံးဝ မတူဘူးကွဲ့။ အဲဒီ သရုပ်ပျက်ဂီတနဲ့ မြန်မာ့ဂီတကိုယှဉ်ပြီး ဆရာမ တစ်ခန်းရပ်ပြဇာတ်ကလေး တစ်ခု တောင် ရေးထားသေးတယ်။ နောက်ကြုံရင် ပြောပြမယ်။ ကဲ- ကဲ ယဉ်ကျေးမှုနဲ့ ပတ်သက် တာလေးတွေ ပြောပြပြီးပြီ။ ဆရာမရဲ့ သမိုင်း ဘာသာရပ်စာအုပ်တွေ ထုတ်ကြ။

**ကျောင်းသား/သူများ ။** ။ ဟုတ်ကဲ့ ဆရာမ။

**(ကားပိတ်)**

❖ ❖ ❖

## အခန်း- ၇

**နေရာ** - အလက၊ ဆရာ၊ ဆရာမများ နားနေခန်း။

**အချိန်** - နေ့လယ် ကျောင်းဆင်းချိန်။

**အပြင်အဆင်** - စာသင်ကျောင်းတစ်ကျောင်း၏ အခန်းနံရံ နောက်ခံကား ရှိရမည်။

- စားပွဲ နှစ်လုံးကိုဆက်၍ စားပွဲရှည်လုပ်ထားပြီး ကုလားထိုင်များလည်း သင့်သလိုရှိရမည်။
- စားပွဲရှည်ပေါ်တွင် ထမင်းချိုင့်၊ ထမင်းဘူးများ တင်ထားလျက်ရှိသည်။

(ကျောင်းဆင်းခေါင်းလောင်းသံနှင့်အတူ ကားဖွင့်)

(ဆရာ၊ ဆရာမများ လက်ယာဘက်မှ ထွက်လာကြပြီး စကားစမြည်ပြောဆိုလျက် ကိုယ့်ထမင်းချိုင့်၊ ကိုယ့်ထမင်းဘူးယူကာ ထမင်းစားရန် သင့်သလို နေရာယူကြစေ။ စားပွဲပေါ်တွင် တစ်ချိုင့်ကျန်နေ။)

(ထမင်းစားစပြုပြီး တစ်အောင့်အကြာတွင် ဒေါ်နှင်းရည်ဖြူ ထမင်းဘူးလွတ်တစ်ခုကိုင်လျက် ထွက်လာစေ။)

**ဒေါ်နှင်းရည်ဖြူ ။** ။ အလှူခံ-အလှူခံ၊ ထမင်း အလှူခံပါတယ် ရှင်. . . ။

(ဆရာ၊ ဆရာမများ စားရင်းတန်းလန်း လှမ်းကြည့်ကြစေ။)

**ဒေါ်နှင်းရည်ဖြူ ။** ။ (သူ့ထမင်းချိုင့်ကိုဖွင့်ပြီး ၎င်းထဲမှ ထမင်း၊ ဟင်း အချို့ကို သူယူလာသော ထမင်းဘူးထဲသို့ ပြောင်းထည့်ရင်း) ခုနစ်တန်းက ကျောင်းသား တစ်ယောက်လေ ခလုတ်တိုက်လဲပြီး ထမင်းဘူး မှောက်သွားလို့၊ အဲဒါ ထမင်းတစ်ဇွန်းစီပေး ပါရှင့်။

**ဆရာ၊ ဆရာမများ။** ။ ဪ- ဒီလိုကိုး . . ။

(ဒေါ်နှင်းရည်ဖြူက ထမင်းလိုက်ခံစေ။ အချို့လည်း ဟင်းပါ ထည့်ပေးစေ။ "ရပြီ- ရပြီ" ဆိုကာ ဒေါ်နှင်းရည်ဖြူ ထမင်းဘူးကိုင်လျက် ပြန်ထွက်သွားစေ။)

(ဆရာ၊ ဆရာမများ ထမင်းဆက်စားရင်း စကားပြောလျက်ရှိကြစေ။)

**ဆရာအောင် ။** ။ ဒေါ်နှင်းရည်ဖြူကတော့ ကလေးတွေချစ်တာလည်း မပြောနဲ့။ သူက ဘယ်ကလေးဖြစ်ဖြစ် ဘာလုပ်ပေးရမလဲ ကြည့်နေတဲ့သူ. . ။

**ဆရာ၊ ဆရာမများ။** ။ ဟုတ်ပ- ဟုတ်ပ. . ။

**ဆရာမတစ်ဦး ။** ။ ခုလည်းကြည့်လေ။ သူ့အတန်းက မဟုတ်ဘူး။ ခုနစ်တန်းက ကျောင်းသား. . ။

**ဆရာတစ်ဦး** ။ ။ တစ်နေ့က ကျွန်တော့်အတန်းထဲမှာ ကလေးတစ်ယောက် ဗိုက်အောင့်လို့ဆိုပြီး ငိုနေတယ်။ ကျွန်တော်က အူအတက်တို့ ဘာတို့ဖြစ်မှာစိုးလို့ ဆေးခန်းသွားပြဖို့ စီစဉ်တာကို ကလေးက ဘာပြောတယ်မှတ်လဲ။ ဆရာမလေး ဒေါ်နှင်းရည်ဖြူနဲ့ ပြလို့မရဘူးလားတဲ့။

**ဆရာမတစ်ဦး** ။ ။ အင်း- ဒေါ်နှင်းရည်ဖြူက ဖတ်စ်အိတ် လုပ်ပေးတာ ခဏခဏမြင်ရတော့ တခြားအတန်းက ကလေးတွေက သူနာပြုဆရာမလေးလို့ ထင်နေကြဟန်တူတယ်ရှင့်။

**ဆရာမတစ်ဦး** ။ ။ ကြင်နာသနားတတ်တဲ့ စိတ်ရှိလို့လည်း ထူးချွန်သူနာပြုတံဆိပ်ရခဲ့တာ နေမှာပေါ့။ ကျွန်မရဲ့ ခြောက်တန်းက ကလေးမတစ်ယောက် အိမ်ပြန်မရောက်လို့ဆိုပြီး သူ့အိမ်က ကျွန်မဆီလာမေးတာလေ၊ လာမေးတဲ့အချိန်မှာ ဒေါ်နှင်းရည်ဖြူလည်း ရှိတယ်။ ကျွန်မက သူ့အမေနဲ့ လိုက်စုံစမ်းလို့ အဒေါ့်အိမ်မှာ တွေ့ပြီးပြီ။ အဲဒါ- သူက ညနေထမင်းစားပြီးချိန်မှာ ဒီကိစ္စသတိရပြီး သူ့အစ်မ ခင်ခင်နွယ်ကိုခေါ် ကလေးမလေးရဲ့အိမ်သွားပြီ ပြန်တွေ့မတွေ့ သွားမေးသေးတာတဲ့။

**အများ** ။ ။ စိတ်ထားကောင်းတဲ့ ဆရာမလေးပါ. .။

(ထိုစဉ် ဒေါ်နှင်းရည်ဖြူထွက်လာပြီး. . )

**ဒေါ်နှင်းရည်ဖြူ** ။ ။ ကျွန်မအတင်းတွေ ပြောနေကြတယ်ထင်တယ်။ (ထမင်းချိုင့်ကိုယူ၍ ဗွန်းဖြင့်စားရန်ပြင်စေ။)

**ဆရာအောင်** ။ ။ ဒေါ်နှင်းရည်ရေ… သူတို့က ဆရာမလေး ကြက်ခြေနီစိတ်ဓာတ် အပြည့်ရှိတာပြောနေကြတာဗျ။ ကျွန်တော်က ဂီတသမားဆိုတော့ ဆရာမလေးရဲ့ မြန်မာ့ယဉ်ကျေးမှုအနုပညာနဲ့ ပတ်သက်တဲ့စိတ်ဓာတ်ကို ပြောချင်တယ်ဗျ။

**ဒေါ်နှင်းရည်ဖြူ** ။ ။ ကျွန်မက ယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်ဆင်း ဆိုတာကလွဲပြီး ဘာမှထူးထူးခြားခြား အရည်အချင်းမရှိပါဘူး ဆရာရဲ့။

**ဆရာအောင်** ။ ။ (ထမင်းစားပြီး သွားဟန်ဖြင့်) နေဦး အဲဒီကိစ္စက အေးအေးဆေးဆေး ဆွေးနွေးမှဖြစ်မှာ။ ကျွန်တော် လက်သွားဆေးလိုက်ဦးမယ်။ (ထမင်းချိုင့်ကို ပြန်သိမ်းပြီး အတွင်းဘက်သို့ ဝင်သွားစေ။ တခြားဆရာ ဆရာမများလည်း ထမင်းစားသောက်မှုကို အပြီးသတ်နေကြစေ။ ဒေါ်နှင်းရည်ဖြူတစ်ယောက်တည်း စားနေဆဲဖြစ်စေ။) (တစ်အောင့်အကြာ ဆရာအောင် ပြန်ထွက်လာပြီး ဓာတ်ဘူးနှင့် ပန်းကန်လုံးများထုတ်ကာ ရေနွေးကြမ်းငှဲ့သောက်စေ။ တခြား ဆရာ၊ ဆရာမများလည်း ဝိုင်း၍သောက်ကြစေ။)

**ဆရာအောင်** ။ ။ (ရေနွေးကြမ်းသောက်ရင်း) လွန်ခဲ့တဲ့အပတ်ထဲက ကျွန်တော်အတန်းနားချိန်၊ ဒေါ်နှင်းရည်ဖြူ ငါးတန်း (ခ) မှာ မြန်မာစံတော်ချိန်ကိစ္စကစပြီး မြန်မာ့ယဉ်ကျေးမှုအနုပညာနဲ့ ပတ်သက်တာလေးတွေ ပြောပြနေတာ ကြားခဲ့ရပါတယ်။

**ဒေါ်နှင်းရည်ဖြူ** ။ ။ ဩော်- အဲဒါကိုပြောတာလား။

**ဆရာအောင်** ။ ။ ကျွန်တော်က ဂီတဝါသနာပါလို့ မယ်ဒလင်လေး တောင်တင်တောင်တင်၊ သီချင်းလေး ဟိုအော် ဒီအော် ဆိုနေပေမယ့် အဲဒီနေ့က ဆရာမလေး ပြောပြနေတဲ့ အချက်တွေကို မှတ်မှတ်သားသား မရှိခဲ့တာအမှန်ပါ။ အဲဒီနေ့က ဆရာမ ကလေး တွေကို ဆုံးမပြောပြနေတော့မှ ဩော်- ငါတို့ မြန်မာ့ယဉ်ကျေးမှုကို တိုင်းတစ်ပါး ယဉ်ကျေးမှု တွေက လွှမ်းမိုးလာနေတာကို တားဆီးကာကွယ် ရမှာ ငါတို့ ကျောင်းဆရာတွေမှာလည်း တာဝန် ရှိပါလားလို့ အသိရခဲ့ပါတယ်ဗျာ။

**ဆရာမတစ်ဦး** ။ ။ ဒေါ်နှင်းရည်ဖြူရေ. . ဟောပြောပွဲလေးတောင် လုပ်သင့်ပြီ။ ဒါမှ အများလည်းကြားရမယ်။

**ဒေါ်နှင်းရည်ဖြူ** ။ ။ (ရယ်ရယ်မောမောနှင့်) ဒီလောက်လည်း မဟုတ် ပါဘူးရှင်။ ဆရာအောင်က ချဲ့ပြောနေတာပါ။ (ထမင်းစားပြီး၍ ထမင်းချိုင့်ကို သိမ်းစေ။)

**ဆရာအောင်** ။ ။ ချဲ့ပြောတာမဟုတ်ပါဘူးဗျာ။ ခေတ်ပေါ်ဆိုတဲ့ စတူဒီယိုတေးတွေဟာ ဘယ်လောက်သရုပ်ပျက် နေပြီ ဆိုတာတွေကို ဒေါ်နှင်းရည်ဖြူက ကောင်း ကောင်းကြီး သိနေတာဗျာ။ အဲဒီ သရုပ်ပျက် ဂီတနဲ့ မြန်မာ့ဂီတကို ယှဉ်ပြီး ပြဇာတ်တစ်ပုဒ် ရေးထားတာတောင်ရှိတယ်တဲ့။

**ဆရာမတစ်ဦး** ။ ။ ဟာ- အဲဒီပြဇာတ် ကြည့်ချင်ပါရဲ့ရှင်။

**ဆရာအောင်** ။ ။ ကျွန်တော် အဲဒါလေးတွေးမိလို့ပါ။ အလျှဉ်းသင့်တဲ့ ပွဲတစ်ခုခုမှာ ကျောင်းပြဇာတ်အနေနဲ့ ကျောင်းသူ၊ ကျောင်းသားလေးတွေပါ ပါဝင်ကပြမယ်ဆိုရင် သိပ်ကောင်းမှာဗျ။

**ဆရာတစ်ဦး** ။ ။ ကျောင်းနှစ်ပတ်လည်နေ့မျိုးမှာ က ရင်ဖြစ်တာပဲဗျ။

**ဆရာအောင်** ။ ။ ကျွန်တော် ဆရာမကြီးကို တင်ပြဆွေးနွေးကြည့်မယ်ဗျာ။ ဆရာမ ဒေါ်နှင်းရည်ဖြူကသာ ဇာတ်ညွှန်း စီစဉ်ထားစေချင်ပါတယ်။

**ဒေါ်နှင်းရည်ဖြူ** ။ ။ အဲဒီလိုစီစဉ်မယ်ဆိုရင် ကျွန်မက ဝမ်းသာအားရဆောင်ရွက်ပါ့မယ်ရှင်။

**ဆရာအောင်** ။ ။ ဒေါ်နှင်းရည်ဖြူကို တစ်ပါတည်း ပြောထားရဦးမယ်။ နောက် စာသင်နှစ်ကျရင် ဒီကျောင်းရဲ့ အနုပညာတာဝန်ကို ဆရာမကို လွှဲပေးမှာနော်။ ကျွန်တော်က သစ်မရခင်စပ်ကြား ဝါးပေါင်းကွတ်ရတာပါ။

**ဒေါ်နှင်းရည်ဖြူ** ။ ။ ဟာ- ဆရာအောင်ပဲ ဆက်ပြီး တာဝန်ခံလုပ်ပါရှင်။ ကျွန်မက တွဲဖက်လုပ်ပေးသွားမှာပါ။ ခုလည်း မြန်မာ့ကျောင်းသီချင်းနဲ့ ဇာတိမာန်သီချင်းတွေကို ဆရာနဲ့အတူ ဝိုင်းသင်ပေးနေတာပဲ မဟုတ်လားလို့။

**ဆရာအောင်** ။ ။ ကျွမ်းကျင်မှုအရ ဆရာမကတာဝန်ယူရမှာကို ဆရာမကြီးနဲ့ တင်ပြပြီးပါပြီ။ မငြင်းပါနဲ့ခင်ဗျာ။

ကျွန်တော်ကတော့ မယ်ဒလင်လေးနဲ့ ဆရာမကို ကူညီပေးနေမှာပါ။

**ဒေါ်နှင်းရည်ဖြူ ။** ။ ကျွန်မက တီးတတ်ရုံပဲရှိတာပါ။ ဆရာအောင်လောက် သီချင်းမရပါဘူး။ ဒါကြောင့် ကျွန်မတစ်ယောက်တည်းတော့ လွှတ်မထားပါနဲ့နော်။

**ဆရာတစ်ယောက်။** ။ အဲဒါတော့ မပူပါနဲ့ဆရာမရယ်။ လူပျိုကြီး ဆရာအောင်က သူသီချင်းဆိုဖို့ ဆရာမက ကီးဘုတ်တီးပေးရင် ဆရာမအနားက ခွာတောင်ခွာမှာ မဟုတ်ဘူးဗျ။

(ဒေါ်နှင်းရည်ဖြူ မျက်နှာမထားတတ်ဖြစ်နေစဉ်-)

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၈

**နေရာ** - ဦးထင်၏ နေအိမ်ဧည့်ခန်း။
**အချိန်** - ညနေပိုင်း။
**အပြင်အဆင်** - အခန်း- ၁၊ ပြကွက် (၂) အတိုင်း။

(ကားဖွင့်)
(ဇာတ်စင်လက်ယာဘက်မှ စက်ချုပ်သံကြားနေရစေ။ လက်ဝဲဘက်မှ အောင်မင်းအုပ်နှင့် စိုင်းသိုက်ထွန်း ထွက်လာစေ။)

**အောင်မင်းအုပ် ။** ။ (အသံကျယ်ကျယ်ဖြင့်) ဒေါ်ခင်ခင်နွယ်ရှိပါသလား ခင်ဗျာ။
(စက်ချုပ်သံရပ်သွားပြီး လက်ယာဘက်မှ "ဘယ်သူလဲ၊ ဧည့်သည် လက်မခံဘူး" ဟူသောစကားသံပေါ်လာပြီး ခင်ခင်နွယ် ထွက်လာစေ။ စိုင်းသိုက်ထွန်းကိုတွေ့ရာ အားတုံ့အားနာဖြစ်သွားပြီး. . . )

**ခင်ခင်နွယ်** ။ ။ ဟင်- ကိုအောင်မင်းကလည်း ညှိသည်ပါလာရင် ကြိုတင်ပြီး လှမ်းပြောမှပေါ့။ ခုတော့ ကျွန်မနောက်ပြောမိတာ အားနာစရာ ဖြစ်သွားပြီ။

**စိုင်းသိုက်ထွန်း** ။ ။ (ပြုံးလျက်) အားနာစရာ မရှိပါဘူး ခင်ဗျာ။ ကျွန်တော်နဲ့ ကိုအောင်မင်းက လူရင်းတွေပါ။

**အောင်မင်းအုပ်** ။ ။ ဟုတ်တယ်နွယ်ရဲ့..။ ကဲ- အေးအေးဆေးဆေး ထိုင်ပြီး မိတ်ဆက်ပေးမယ်လေ။ (ဆက်တီတွင် ထိုင်ကြစေ။)

**အောင်မင်းအုပ်** ။ ။ ဥက္ကဋ္ဌကြီးတို့ ဘယ်သွားလဲဟင် ...။

**ခင်ခင်နွယ်** ။ ။ ဖေဖေက စာသင်ကျောင်းမှာ အစည်းအဝေး ရှိလို့ ခုနလေးတင်ထွက်သွားတယ်။ အမေက ဘုန်းကြီးကျောင်း သွားတယ်။

**အောင်မင်းအုပ်** ။ ။ ဟာ- ဒါဆို လွတ်လွတ်လပ်လပ်ပြောလို့ရတာ ပေါ့နော်။

**ခင်ခင်နွယ်** ။ ။ ကိုမင်းကလည်း ညှိသည်ရှေ့မှာ ဘာတွေပြောမှန်း မသိဘူး။

**အောင်မင်းအုပ်** ။ ။ ကိုယ်တို့က လူရင်းတွေပါနွယ်ရဲ့။ သူ့နာမည်က စိုင်းသိုက်ထွန်းတဲ့။ ဖောင်းတော ရေလှောင်တမံကို အသစ်ပြောင်းလာတဲ့ ဒု-လက်ထောက် အင်ဂျင်နီယာလေ။

**စိုင်းသိုက်ထွန်း** ။ ။ ဟုတ်ကဲ့ ဒုံးရောလက်ရောထောက်တဲ့ အင်ဂျင်နီယာလေးပါ။ (ရယ်ကြစေ။)

**အောင်မင်းအုပ်** ။ ။ ဒီကျေးရွာတွေကို ရေပေးဝေမှု တာဝန်ယူရတယ်လေ။ ရေပေးဝေရေးမှာ ကိုယ်တို့ စိုက်ပျိုးရေး

ဌာနနဲ့ လက်တွဲလုပ်ရတော့ သူနဲ့ကိုယ်နဲ့ သိပ်ခင်သွားကြတယ်။ အခုလည်း ဝပ်ရှော့ဆွေးနွေးပွဲမှာ အတူတူတက်ခဲ့ကြတယ်လေ။

**စိုင်းသိုက်ထွန်း** ။ ။ ကျွန်တော့်ဇာတိက ကျိုင်းတုံပါ။ ဂျီတီအိုင်အောင်ပြီး ဆည်မြောင်းဌာနမှာ အလုပ်ရခဲ့တာပါ။ ဒီဖောင်းတောဆည်ကို ရောက်တာကတော့ သုံးလလောက်ပဲရှိပါသေးတယ်။ ကျွန်တော်ကူညီပေးရမယ့်ကိစ္စ ရှိရင်ပြောပါ ခင်ဗျာ။

**ခင်ခင်နွယ်** ။ ။ ဟုတ်ကဲ့- ကျေးဇူးတင်ပါတယ်ရှင်။ ဩော်- ရေနွေးပွဲ သွားယူလိုက်ဦးမယ်နော်။ (ထစေ။)

**အောင်မင်းအုပ်** ။ ။ နေပါစေ။ အမြည်းများများယူခဲ့။
(ရယ်ကြစေ။ ခင်ခင်နွယ် လက်ယာဘက်သို့ ဝင်သွားစေ။)

**အောင်မင်းအုပ်** ။ ။ ကျွန်တော်က ဧရာဝတီမြစ်ရဲ့ ဟိုဘက်ကမ်းက မြင်းမူမြို့ဇာတိလေ ကိုစိုင်းရဲ့။ ခင်နွယ်ကျောင်းသူဘဝက ဒီလက်ဆည်ကန် အလယ်တန်းကျောင်းက ရှစ်တန်းအောင်တော့ မြင်းမူ အထကမှာ ကျောင်းလာနေရင်းနဲ့ ၁၀ တန်းမှာ ကျွန်တော်တို့ချစ်သူတွေ ဖြစ်ခဲ့ကြတာပါ။ သူက ၁၀ တန်းကျတော့ သူ့အမေကလည်း မကျန်းမာတာနဲ့ ကျောင်းထွက်လိုက်တယ်လေ။ ကျွန်တော် စိုက်ပျိုးရေးတက္ကသိုလ်ဆင်းတော့ ဒီမြို့နယ်ကို ကျေးရွာအုပ်စုတွေ တာဝန်ယူရတဲ့ ဒု-ဦးစီးမှူးရာထူးနဲ့ ရောက်ခဲ့တာ။

**စိုင်းသိုက်ထွန်း** ။ ။ ဒါနဲ့ပဲ ဒီရွာကို ခဏခဏလာတာပေါ့နော်။

**အောင်မင်းအုပ်** ။ ။ တာဝန်အရ ရှေ့တန်းစခန်းကို လာရတာပါဗျာ ဟဲဟဲ။

**စိုင်းသိုက်ထွန်း** ။ ။ ကိုအောင်မင်းအုပ်နဲ့ မခင်ခင်နွယ်က ဖူးစာရေး လမ်းကြောင်းဖြောင့်တယ်လို့ ဆိုရမှာပေါ့နော်။ (ထိုစဉ်၊ ခင်ခင်နွယ် ရေနွေးကြမ်းပွဲကို သယ်လျက် ပြန်ထွက်လာစေ။ ရေနွေးပွဲ ချလျက်ပြော . . . )

**ခင်ခင်နွယ်** ။ ။ ဖူးစာရေးတွေ ဘာတွေတွေဆိုပြီး ကြားလိုက်ရပါတယ်။ ကိုမင်းနော် မဟုတ်ကဟုတ်ကတွေ လျှောက်ပြောနေတာလား။

**အောင်မင်းအုပ်** ။ ။ ဟုတ်ကဟုတ်ကတွေပါဗျာ။ ကိုယ်အခု ချစ်သူအသစ်ရထားတာကို ပြောပြနေတာလေ။

**ခင်ခင်နွယ်** ။ ။ (မျက်နှာမဲ့ပြီး) တစ်ယောက်မကလို့ နှစ်ယောက်ပဲ ရရ. . .။

**စိုင်းသိုက်ထွန်း** ။ ။ ကိုအောင်မင်းအုပ်က ပျော်ပျော်နေတတ်တာ သိပ်ကောင်းတယ်။ သောကကင်းဝေး နေထိုင်ရေး ဆိုတဲ့စကား မှန်တယ်ဗျ။

**ခင်ခင်နွယ်** ။ ။ ကိုစိုင်းသိုက်ထွန်းရယ် သူက ပျော်ပျော်နေတာထက် ဗလွတ်ရွတ်တ သိပ်ပြောတာရှင့်။

**အောင်မင်းအုပ်** ။ ။ အဲဒါကြောင့် မင်း ကိုယ့်ကိုကြိုက်ခဲ့တာ မဟုတ်လား. . . ဗျ။

**ခင်ခင်နွယ်** ။ ။ ကြည့်လေ၊ သူက အဲဒီလို ကိုစိုင်းသိုက်. . .။

**စိုင်းသိုက်ထွန်း** ။ ။ ကျွန်တော့်ကို ရင်းနှီးတဲ့အနေနဲ့ ကိုစိုင်းလို့ ခေါ်ရင် ရပါတယ်ခင်ဗျာ။

**ခင်ခင်နွယ်** ။ ။ဟုတ်ကဲ့ပါ- ဒီရွာက ပေါက်ပေါက်ဆုပ်ကို သကာရည်နဲ့ ထောပတ်ကလေးထည့် လုပ်ကြတယ်။ ပေါက်ပေါက်ဆုပ်တွေ စားပါဦးကိုစိုင်း။

**အောင်မင်းအုပ်** ။ ။ ဟင်- ကိုယ့်ကိုတော့ မကျွေးဘူးလား။

**ခင်ခင်နွယ်** ။ ။ မကျွေးဘူး. .၊ (အိမ်ပြင်ဘက်ကို လှမ်းကြည့်ဟန်နှင့် လက်ဝဲဘက်သို့ကြည့်ပြီး) ဟော- ဖေဖေနဲ့ညီမလေးတို့ ပြန်လာပြီ. .။ (လက်ဝဲဘက်သို့သွားကြိုစေ။)

(အားလုံး ထမလိုပြုနေစဉ်၊ ဦးထင်နှင့် နှင်းရည်ဖြူ လက်ဝဲဘက်မှ ထွက်လာ။)

**ဦးထင်** ။ ။ ထိုင်ကြပါ- ထိုင်ကြပါ။ မောင်အောင်မင်းတို့ ရောက်နေတာကိုး။ ဌာနတွင်း သင်တန်းဆိုလား၊ ဘယ်တုန်းကဆင်းလဲ။ (ဆက်တီတွင် ဝင်ထိုင်စေ။)

**ခင်ခင်နွယ်** ။ ။ ညီမလေး နှင်းရည်ဖြူလည်း ထိုင်ပါဦး။ မိတ်ဆက်ပေးရအောင်။ (နှင်းရည်ဖြူ ဝင်ထိုင်စေ။)

**အောင်မင်းအုပ်** ။ ။ ကျွန်တော် လွန်ခဲ့တဲ့လဆန်းပိုင်းက ပြန်ရောက်ပါတယ်ခင်ဗျ။ မြို့နယ်ရုံးကို ပြန်ဝင်နေပြီး အခုမှရွှေ့တန်း စခန်းကိုလာတာပါ။ ဌာနတွင်း သင်တန်းပြီးချိန်မှာ ဆည်ရေ ပေးဝေမှုနဲ့ ပတ်သက်တဲ့ဝပ်ရှော့ဆက်တက်ခဲ့ရပါတယ်။ ဟောဒီက ကိုစိုင်းလည်း တက်ရတယ်လေ။

**ဦးထင်** ။ ။ ဩော်- ဒါကြောင့်ကြာသွားတာကိုး။

**ခင်ခင်နွယ်** ။ ။ မိတ်ဆက်ပေးရဦးမယ်။ (နှင်းရည်ဖြူသို့ ညွှန်ပြပြီး) ဒါ- ကျွန်မရဲ့ညီမဝမ်းကွဲလေး နှင်းရည်ဖြူပါ။ ဒီ အ. လ. က ကို အလယ်တန်းပြ ဆရာမအဖြစ် ရောက်လာတာပါ။

**အောင်မင်းအုပ်+စိုင်းသိုက်ထွန်း** ။ ။ သိရတာ ဝမ်းသာပါတယ် ခင်ဗျာ။

**နှင်းရည်ဖြူ** ။ ။ ကျွန်မကိုလည်း ညီမလေးတစ်ယောက်လို သဘောထားပါရှင်။

**အောင်မင်းအုပ်** ။ ။ ကျွန်တော်လည်း သင်တန်းမတက်ခင်ကတည်းက ဒီရှေ့တန်းစခန်းကို မရောက်တာကြာသွားလို့ ညီမလေး နှင်းရည်ဖြူ ဒီကိုရောက်လာတာ မသိလိုက်ရဘူး။ ကျွန်တော်က စိုက်ပျိုးရေးဌာနက ဒုဦးစီးမှူး အောင်မင်းအုပ်ပါ။ ကျေးရွာအုပ်စုတွေရဲ့ တာဝန်ဆိုတော့ ဒီမှာအနေများပါတယ်။ ဒီက ဥက္ကဋ္ဌကြီးနဲ့ မနွယ်တို့နဲ့က ဆွေမျိုးသားချင်းလို ရင်းနှီးပြီးသားဖြစ်လို့ ဆရာမလေးကလည်း ရင်းရင်းနှီးနှီး ဆက်ဆံပါနော်။ ဟောဒီကတော့ စိုင်းသိုက်ထွန်းပါ။ ဖောင်းတောရေလှောင်တမံမှာ တာဝန်ကျတဲ့ အင်ဂျင်နီယာလေးပေါ့။ ကျွန်တော့်မိတ်ဆွေ ရင်းချာ၊ လုပ်ဖော်ကိုင်ဖက်ပါ။

**စိုင်းသိုက်ထွန်း** ။ ။ ဟုတ်ကဲ့၊ ကျွန်တော်က ရှမ်းပြည် ကျိုင်းတုံဇာတိပါ။ မိဝေးဘဝေး ကျွန်တော့်ကို တူလိုသားလို သဘောထားပြီး ဆုံးမပါလို့ ဥက္ကဋ္ဌကြီးကိုလည်း

အပ်ပါတယ်ခင်ဗျာ။ ဒီက ညီမများကိုလည်း ခုလိုသိကျွမ်းခွင့်ရတာ ဝမ်းသာတယ်။

**ဦးထင်** ။ ။ မောင်စိုင်းသိုက်ထွန်းကိုလည်း ဘဘက တွေ့တွေ့ချင်း သားချင်းတစ်ယောက်လိုပါပဲကွယ်။ လိုအပ်တဲ့ အကူအညီ ပြောနော်။ အားမနာနဲ့။

**စိုင်းသိုက်ထွန်း** ။ ။ ဟုတ်ကဲ့ပါဗျာ။

**အောင်မင်းအုပ်** ။ ။ ညီမလေး နှင်းရည်ဖြူလည်း ဖောင်းတောရေလှောင်တမံကို တစ်ခေါက်လောက်တော့ ရောက်ဖူးသင့်တယ်နော်။

**ခင်ခင်နွယ်** ။ ။ ညီမလေး နှင်းရည်ဖြူက ယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်ကဆင်းပြီး ဆရာမ ဖြစ်လာတာဆိုတော့ သူက အနုပညာသမားပါ။

**စိုင်းသိုက်ထွန်း** ။ ။ အနုပညာသမားမို့ ဆည်မြောင်းကိစ္စနဲ့ မဆိုင်ပေမယ့် ဒီဒေသရဲ့ စိုက်ပျိုးရေးကို အကျိုးပြုနေတဲ့ ဆည်ကြီးဆိုတော့ တစ်ခေါက်လောက် လာပြီး လေ့လာပါဦးခင်ဗျာ။

**နှင်းရည်ဖြူ** ။ ။ ဟုတ်ကဲ့၊ တစ်ခေါက်တစ်ခါတော့ ကြုံမှာပါရှင်။

**အောင်မင်းအုပ်** ။ ။ မနွယ်က ကိုယ့်ညီမလေးအကြောင်း ဂယနဏ မသိဘဲကိုး။ ညီမလေး နှင်းရည်ဖြူက အနုပညာသမားပေမယ့် စိုက်ပျိုးရေးကိစ္စတွေ သိပ်စိတ်ဝင်စားတာ သိပြီးပါပြီနော်။

**ခင်ခင်နွယ်** ။ ။ အောင်မယ်၊ ညီမလေးကိုဖြင့် ခုမှသိရတာကို. .။

**အောင်မင်းအုပ်** ။ ။ လူ့သတင်း လူချင်းဆောင်ဆိုတဲ့စကား ရှိတယ်လေ။ ညီမလေး နှင်းရည်ဖြူက ငှားမြေဆက် စိုက်ပျိုးနည်းကိုတောင် လေ့လာခဲ့ပြီးပြီဗျ။

**နှင်းရည်ဖြူ** ။ ။ဟင်- အဲဒါ သိနေတာလား။

**ခင်ခင်နွယ်** ။ ။ ညီမလေး. . ဟုတ်သလား။

**နှင်းရည်ဖြူ** ။ ။ ဟိုတစ်လောကလေ၊ မမနွယ်ကို ပြောခဲ့သားပဲ။ ရေလယ်ကျွန်းက တပည့်လေး အခြေအနေ သွားကြည့်တုန်းကပါ။ ရောက်တုန်းရောက်ခိုက် ကျွန်းစိုက်ခင်းတွေအကြောင်း လေ့လာခဲ့တာလေ။

**အောင်မင်းအုပ်** ။ ။ ကဲ- မမှန်ဘူးလား။ အဲဒီအကြောင်းကျွန်းထဲက ကြားခဲ့တာ။ ကျွန်တော်ကတော့ ကိုယ့်ဘာသာရပ် ဖြစ်တဲ့ စိုက်ပျိုးရေးကို စိတ်ဝင်စားတဲ့ အင်အား တစ်ရပ် တိုးလာလို့ ဝမ်းသာနေပါတယ်ဗျာ။

**ဦးထင်** ။ ။ အေးကွဲ့၊ သမီး နှင်းရည်ဖြူရေ. . ဘဘတစ်ခု စဉ်းစားမိတယ်ကွဲ့။

**နှင်းရည်ဖြူ** ။ ။ ဘာပါလိမ့် ဘဘထင်. . .။

**ဦးထင်** ။ ။ အားလုံးလည်း သိရအောင် ပြောပြရဦးမယ်။ ခုနက အလယ်တန်းကျောင်းမှာ ဘဘတို့ အစည်း အဝေးလုပ်ခဲ့တဲ့ ကိစ္စက သီတင်းကျွတ် မီးထွန်းပွဲ မှာအရပ်ပြဇာတ်ကဖို့ ကိစ္စကွဲ့။ ဦးဆောင် လုပ်မယ့် သူက ဟောဒီသမီးနှင်းရည်ဖြူ။

**အများ** ။ ။ (ဝမ်းသာအားရနှင့်) ဟာ- ဟုတ်လား. . .။

**ဦးထင်** ။ ။ လူငယ်လေးတွေ သရုပ်ပျက်ဂီတဘက်ကို ယိမ်း ယိုင်နေတဲ့ ခေတ်မို့လို့၊ သရုပ်ပျက်ဂီတနဲ့ မြန်မာ့

ဂီတကို နှိုင်းယှဉ်တင်ဆက်မယ့် ပြဇာတ်ပါ။ ဒါကြောင့် ရွာက လူအများကြည့်နိုင်အောင် ကျောင်းပြဇာတ်မလုပ်ဘဲ အရပ်ပြဇာတ်လုပ်တာ။ ဘဘ အခုတွေးမိတာက ဘဘတို့ တောင်သူလယ်သမားတွေရဲ့ စိုက်ပျိုးရေးတိုးတက်ဖို့အတွက် သမီး နှင်းရည်ဖြူက ကိုယ်တတ်တဲ့ အနုပညာနဲ့ ပံ့ပိုးသရုပ်ဖော်ပေးရင် ဘယ်လောက်ကောင်းမလဲလို့. . .။

**အောင်မင်းအုပ်** ။ ။ (ထခုန်မတတ် ဝမ်းသာအားရဖြစ်သွားပြီး) ဟုတ်ပါတယ်ခင်ဗျာ. .။ တကယ့်ကို လုပ်ပေးသင့်ပါတယ်ခင်ဗျာ။

**နှင်းရည်ဖြူ** ။ ။ ဖေဖေ ဦးညိုမောင်က ပတ္တလားပညာရှင် အနုပညာသမားမို့ ကျွန်မ ၁၀ တန်းအောင်အောင်ချင်း ယဉ်ကျေးမှုအနုပညာတက္ကသိုလ် တက်ခဲ့ရပေမယ့်၊ ကျွန်မရဲ့ရင်ထဲမှာ လယ်တွေ၊ ယာတွေ အမြဲရှိနေခဲ့ပါတယ်။ ဒီရွာကိုရောက်ပြီး ကျွန်မရဲ့ ဘိုးဘွား အစဉ်အဆက် "ကန်ဆော်" ဖြစ်ခဲ့တာကိုသိရတော့ ကျွန်မရင်ထဲက လယ်တွေ ယာတွေဟာ စိမ်းလန်းလာသလို ခံစားရပါတယ်။ ဒါကြောင့်လည်း စိုက်ပျိုးရေးကိစ္စကြုံတိုင်း မေးမိ၊ လေ့လာမိပါတယ်။ ဘဘထင်ပြောတဲ့အတိုင်း လုပ်ပေးဖို့ သမီးကြိုးစားပါ့မယ်ရှင်။

**အောင်မင်းအုပ်** ။ ။ ဒီလိုသိရတာ ဝမ်းသာလိုက်တာ။ ကျွန်တော်နဲ့ ကိုစိုင်းတို့မကြာခင်က ဝပ်ရှော့ဆွေးနွေးပွဲမှာ

သိခဲ့ရတဲ့ စနစ်သစ် စပါးပျိုးထောင် စိုက်ပျိုးရေး နည်းကို ညီမလေး နှင်းရည်ဖြူကို ပြောပြချင် လိုက်တာ။ ဘဘထင်တို့ ကျေးရွာဥက္ကဋ္ဌတွေ ကိုလည်း အစည်းအဝေးလုပ်ပြီး ရှင်းပြဖို့ရှိ ပါတယ်။

**ခင်ခင်နွယ်** ။ ။ ကိုအောင်မင်း စိုက်ပျိုးရေးဇာတ်လမ်းကြီးက ရှည်မှာ. .။ ခု-အချိန်ဘယ်ရမလဲ။

**နှင်းရည်ဖြူ** ။ ။ အစ်ကိုအောင်မင်း ပြောပြမယ့်ဟာကိုလည်း စိတ်ဝင်စားပါတယ်။ အဲဒါမတိုင်ခင် ဘဘထင် က သမီးကိုပြောပြရမယ့် အကြွေးတစ်ခု ရှိသေး တယ်လေ။

**ဦးထင်** ။ ။ ဩော်. . "လက်ဆည်ကန် မုရင်းမလေ့" မဟုတ် လား။ ကဲ- ဒါဆို၊ အချိန်ဆွဲမနေနဲ့တော့။ နက်ဖြန် ကျောင်းပိတ်ရက် မဟုတ်လား။ စောစောလေးထပြီး လက်ဆည်ကန်ရိုးကိုသွား ကြမယ်။

**အောင်မင်းအုပ်** ။ ။ လက်ဆည်ကန် မုရင်းမလေ့အကြောင်း ကျွန်တော် လည်း နားစွန်နားဖျားကြားဖူးပါတယ်။ ဘဘ ထင်က လက်တွေ့ရှင်းပြမှာဆိုတော့ နားထောင် ချင်ပါတယ်။ ကျွန်တော်လိုက်လို့ မရဘူးလား ခင်ဗျာ။

**စိုင်းသိုက်ထွန်း** ။ ။ ကျွန်တော်လည်း ဗဟုသုတ ရချင်ပါတယ် ခင်ဗျာ။

**ဦးထင်** ။ ။ ကိုင်း- ဒါဆို တို့အားလုံး နက်ဖြန်မနက် လက်ဆည် ကန်ရိုးသွားဖို့ သမီးခင်နွယ်တို့ သားအမိက ကောက်ညှင်းပေါင်း စီစဉ်ပေတော့။

**ခင်ခင်နွယ်** ။ ။ မေမေပြန်လာရင် စီစဉ်မယ်။ သမီးလည်း လိုက်မှာနော် ဖေဖေ။

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၄

**နေရာ** - လက်ဆည်ကန်တော် ကန်ပေါင်ရိုး။
**အချိန်** - နံနက်ခင်း။
**အပြင်အဆင်** - အခန်း- ၂ အတိုင်း။

(ကားဖွင့်)

(ဦးထင်ခေါင်းဆောင်ပြီး အောင်မင်းအုပ်၊ စိုင်းသိုက်ထွန်း၊ ခင်ခင်နွယ်နှင့် နှင်းရည်ဖြူတို့ ကန်ပေါင်ပေါ်သို့ လက်ဝဲဘက်မှ တက်လာကြစေ။ ခင်ခင်နွယ်က ချိုင့်တစ်ခုကိုကိုင်ထားသည်။ ကန်ပေါင်အလယ်လောက်တွင် ဦးထင်က ရပ်လိုက်ပြီး ဟိုသည် လှမ်းမျှော်ကြည့်စဉ် အောင်မင်းအုပ်နှင့် စိုင်းသိုက်ထွန်းတို့က ကန်ပေါင်တစ်လျှောက်လိုက်လံစူးစမ်းကြစေ။ ထို့နောက် ဦးထင် အနားသို့ပြန်လာပြီး-)

**စိုင်းသိုက်ထွန်း** ။ ။ ရေတံခါးတော့ မရှိဘူးနော်။

**ဦးထင်** ။ ။ ရေတံခါးရှိခဲ့တာပေါ့။ (လက်ညှိုးထိုးပြ) ဟောဒီနားလောက်မှာ သစ်သားရေတံခါးကြီးရှိခဲ့တာ။

ရေတံခါး အတင်အချကို အပေါ်နားကနေ သစ်သားရစ်လုံးကြီးကို ကြိုးပတ်ပြီး ဒလက်နဲ့ အတင်အချလုပ်တာလေ။

**စိုင်းသိုက်ထွန်း** ။ ။ ခု- ဘယ်ရောက်သွားလဲဟင်။

**ဦးထင်** ။ ။ ကိုလိုနီခေတ်ကတည်းက ပျက်စပြုပြီး စစ်အတွင်းမှာ ပျောက်ပျက်သွားတော့တာပါပဲ။ နောက်ပိုင်းတော့ ရေကန်အဖြစ် သုံးလို့ရအောင် မြေကြီးဖြည့်ပြီး ကန်ပေါင်လုပ်လိုက်ကြတာပေါ့။

**နှင်းရည်မြ** ။ ။ ဘဘထင်. . ဒီကန်တော်နဲ့ ပတ်သက်လို့ ဘုရင်က ကျောက်စာနဲ့ သတ်မှတ်ခဲ့တာဆို. . ။

**ဦးထင်** ။ ။ ပုဂံခေတ်က ကျောက်စာရှိခဲ့တယ်လို့ အစဉ်အလာပြောစမှတ်ရှိတယ်ကွဲ့။ ဟုတ်မဟုတ်တော့ မသိဘူး။ ဒါပေမဲ့ လယ်တွေကို "ပယ်"လို့သုံးနှုန်းတာရယ်၊ "ငပျံကော"၊ "ငသင်ပုတ်"၊ "ငယင်း" စတဲ့အမည်တွေရယ်. . . ဒါတွေကတော့ ပုဂံခေတ် အသုံးအနှုန်းတွေလို့ဆိုနိုင်တယ်။

**အောင်မင်းအုပ်** ။ ။ ကျောက်စာကိုတော့ မတွေ့ရတော့ဘူးပေါ့နော်။

**ဦးထင်** ။ ။ ဟုတ်တယ်။ ဧရာဝတီမြစ်ထဲပါသွားတယ်လို့ ယုံကြည်ကြတယ်။

**အောင်မင်းအုပ်** ။ ။ အင်း. . ဒီနေရာတွေက ရှေးကဆိုရင် ဧရာဝတီမြစ်ကမ်းမို့လို့ မိုးအခါမှာ မြစ်ရေပြင်နဲ့ လယ်ရေပြင်ဟာ တစ်ပြင်တည်းဖြစ်မှာပေါ့။

**နှင်းရည်မြ** ။ ။ ကျိန်စာလည်း ရှိတယ်ဆို။

**ဦးထင်** ။ ။ ရှိတယ်။ "ဂွမ်းတလဲ မီးခဲကျပါစေ" တဲ့။ ဒီကန်ပေါင်ကြီးက ရေလှောင်ဖို့ အဓိကကျတာမို့ တာပေါင်အထက်က မြေကြီးကို အောက်သို့ မချရ၊ အောက်ကမြေကြီးကိုသာ အထက်သို့ ပို့နိုင်တယ်၊ အဲဒီစည်းကမ်းဖောက်ဖျက်ရင် ဝါဂွမ်းကို မီးလောင်သလို လောင်ကျွမ်းပါစေလို့ အဓိပ္ပာယ်ရှိတဲ့ ဂွမ်းတလဲမီးခဲကျပါစေဆိုတဲ့ ကျိန်စာပဲ။

**အောင်မင်းအုပ်** ။ ။ အကြောက်တရားနဲ့ ချမှတ်ခဲ့တဲ့ သဘောပေါ့နော်။

**စိုင်းသိုက်ထွန်း** ။ ။ အင်း- အဲဒီကျိန်စာကြောင့်လည်း ဒီတာပေါင်ကြီး ခုထိတည်မြဲနေတာ အမှန်ပဲခင်ဗျ။

**နှင်းရည်ဖြူ** ။ ။ ဘဘထင်- လက်ဆည်ကန်မုရင်းဝေလေ့ဆိုတာ ပြောပြပါဦး။

**ဦးထင်** ။ ။ ပထမဦးဆုံး မုရင်းဆိုတာကို သိဖို့လိုတယ်။ ခုခေတ်မှာ စပါးကို နှစ်သီးပုံမှန်စိုက်နေပြီဆိုတော့ မုရင်းကို မသိသလောက်ဖြစ်သွားပြီကွဲ့။ ရှေးကတော့ မိုးမှာ ကောက်ကြီးစပါးစိုက်တယ်။ ဆောင်းနဲ့နွေမှာ စိုက်လို့ရတဲ့နေရာတွေ မုရင်းစိုက်တယ်။

**ခင်ခင်နွယ်** ။ ။ ပြာသိုလမိုက် လယ်ကောက်စိုက်၊ လက်ပံခေါင်ချင်း လယ်ဝှမ်းဆင်း. . ဆိုတဲ့စကားတွေဟာ မုရင်းစိုက်ပျိုးမှုကို ပြောတာမဟုတ်လား ဖေဖေ။

**ဦးထင်** ။ ။ ဟုတ်တာပေါ့ကွဲ့။ အဲဒီမုရင်းဆိုတာ မိုးရေတွေ ကုန်ခန်းသွားတဲ့ ဆောင်းနဲ့နွေမှာ စိုက်ပျိုးတဲ့

စပါးဆိုတော့ ရေဟာ သိပ်အရေးကြီးတာပေါ့။ မိုးရာသီကုန်ဆုံးချိန်၊ ဟောဒီ လယ်ကွင်းတွေမှာ မုရင်းစိုက်လို့ရအောင် ဒီတာပေါင်ကြီးကို ရှေးက ဆည်ဖို့ခဲ့ကြတာ။ မုရင်းလယ်တွေ တည်နေပုံကို ပထမ ပြောပြမယ်။

**နှင်းရည်ဖြူ** ။ ။ ဟုတ်ကဲ့ ဘဘ။

**ဦးထင်** ။ ။ ဒီတာပေါင်ကြီးရဲ့ ဟောဒီ (နောက်ခံကားဘက်သို့ညွှန်ပြီး) အထက်ပိုင်းကို အထက်ကန်လို့ ခေါ်တယ်။ အထက်ကန်မှာ အကျုံးဝင်တဲ့ လယ်တွေကို လယ်ဝှမ်း၊ လယ်လတ်၊ လယ်ကော ခွဲခြားပြီး နာမည်တွေပေးထားတယ်။ လယ်ဝှမ်း လေးခုရှိတယ်။ နွားပခုံး၊ မအူပိုင်း၊ ငပုံဟွန်းနဲ့ ငပုံကောတဲ့။ သူတို့ကို အထက်လေးပယ်လို့လည်း ခေါ်တယ်။ အဲဒီလယ်ဝှမ်း လေးခုရဲ့ အထက်နားမှာ လယ်လတ်တွေရှိတယ်။ လယ်ချိုင့်၊ မအူပိုင်း၊ ငတီချစ်၊ ဆင်ချည်တိုင်၊ ကျွန်းပတ်၊ ငယင်းမာ၊ မယ်ဥကျော်၊ ဒန်း၊ ခုကန်၊ ခံတက်ပင်လို့ အမည်တွေရှိကြတယ်။ သူတို့ရဲ့ အထက်မှာတော့ လယ်ကောတွေဖြစ်ပြီး စရွေး၊ မီးသွေး၊ အင်းပိုး၊ ငဖြူ၊ ရေလှိုင်း. . တဲ့။ (ထို့နောက် ရှေ့ဘက်လှည့်လိုက်ပြီး) တာပေါင်ကြီးရဲ့ ဟောဒီအောက်ပိုင်းကိုတော့ အောက်ကန်လို့ခေါ်ပြီး သူတို့ကိုလည်း နာမည်တွေပေးထားတယ်။ ဒီကန်ပေါင်ရဲ့ ခြေရင်းမှာ ကပ်လျက်ရှိတာကတော့ (လက်ညှိုး

ထိုးပြပြီး) လေင်းမြွေတဲ့။ သမီးနှင်းရည်ဖြူရဲ့ ဘိုးဘွားပိုင်လယ်ပေ့ါ။ နောက်ပြီးတော့ စိတ်ကြီး၊ စိတ်ကလေး၊ သေင်ပုတ်တဲ့။ အဲဒီ လယ်တွေကို အောက်လေးပယ်လို့လည်း ခေါ်တယ်။ အောက်လေးပယ်နဲ့ တစ်ဆက်တည်း တည်ရှိနေတဲ့ လယ်တွေကတော့ ပြေီကော၊ ပြေီတွန်း၊ ရေခမိုး၊ ရေတိုင်း၊ ယေင်း၊ တောဒီ၊ စေကာ. . . ဆိုတဲ့ လယ်တွေပဲ။

**နှင်းရည်ဖြူ** ။ ။ လယ်ကွက်နာမည်တွေက အတော်ဆန်းတယ်နော်။ အင်း. . ပုဂံခေတ်ကစခဲ့တယ်ဆိုတာ ဖြစ်နိုင်တာပေ့ါ။

**ဦးထင်** ။ ။ ဒီလက်ဆည်ကန်မှာတော့ မုရင်းစပါး စပြီးစိုက်ရမယ့်ရက်ကို ကောက်ကားနဲ့သကြန် တစ်သန်တည်းဆိုတဲ့စကားနဲ့ အမှတ်အသားထားကြတယ်။ ပထမဆုံး စစိုက်ရတဲ့ လယ်တွေကတော့ အထက်ဆုံးက စရွေး၊ မီးသွေး၊ အင်းပိုး၊ ဖြေ၊ ရေလှိုင်း စတဲ့လယ်ကောတွေပဲ။ ဒါတောင် လယ်တစ်ကွက်နဲ့တစ်ကွက် သုံးရက်ခွာစိုက်ရတာ။ သူတို့က အောင်ရေကိုပါ ကန်သင်းနဲ့ ဆည်ယူထားခွင့်ရှိပြီး ပိုတဲ့ ရေအားလုံး အောက်ဘက်ကို ထုတ်လွှတ်လိုက်ရတယ်။

အဲဒီအချိန်မှာ အထက်ကန်ထဲက လယ်လတ်၊ လယ်ဝှမ်းတွေဟာ ရေမြုပ်နေဆဲပဲ။ လယ်ကောတွေက အောင်ရေယူပြီး သုံးရက်အကြာမှာ

ရေတံခါးကြီးကနေ ရေတွေဖွင့်ပေးရတယ်။ ဒါပေမဲ့ အရမ်းဖွင့်ရတာ မဟုတ်ဘူး။ ရေမှတ်တိုင် အရ ဖွင့်ရတာ။

**စိုင်းသိုက်ထွန်း** ။ ။ အဲဒီ ရေမှတ်တိုင်ကော ရှိသေးလား ဘဘထင်။

**ဦးထင်** ။ ။ ဘယ်ရှိတော့မလဲ။ ရေတံခါးကြီးလိုပဲ ပျောက်သွားပြီ. .။ ရေမှတ်တိုင်အရ ရေတံခါးကြီးကနေ ဖွင့်ထုတ်လိုက်တဲ့ ရေတွေဟာ အောက်ကန် (ဇာတ်ခုံရှေ့ပိုင်းသို့ညွှန်ပြ) ထဲကို ဆင်းသွားတော့ အောက်ကန်ထဲက ငလင်းမြွေ စတဲ့ အောက်လေးပယ် ရေသောက်ခွင့်ရကြတယ်။ မုရင်းစိုက်ကြပြီပေါ့။ အောင်ရေကိုပါ ကန်သင်းထဲလှောင်ယူလိုက်ပြီး ပိုတဲ့ရေတွေကို အောက်က ငပြီကော စတဲ့ လယ်ကောတွေဆီကို လွှတ်ပေးလိုက်ရတယ်။

**နင်းရည်မြူ** ။ ။ ရေတံခါးကြီးကနေ ရေတွေထုတ်လွှတ်လိုက်တော့ အထက်ကန်ထဲက လယ်တွေ ဘယ်လိုဖြစ်မလဲ ဘဘထင်။

**ဦးထင်** ။ ။ ဟုတ်တယ်၊ အဲဒါပြောရဦးမယ်။ အထက်ကန်ထဲက လယ်ကောတွေစိုက်ပြီးတဲ့အခါ ရေတွေကို ရေတံခါးက ဖွင့်ထုတ်လိုက်တော့ အထက်ကန်ထဲက နွားပခုံး စတဲ့ လယ်ဝှမ်းတွေနဲ့ လယ်ချိုင့်အစရှိတဲ့ လယ်လတ်တွေဟာ လယ်ကွက်တွေပေါ်လာပြီး စိုက်လို့ရပြီပေါ့။ သူတို့ဟာ ရေအသွင်းအထုတ်ကို လိုသလိုလုပ်လို့ရတယ်။

ဒါပေမဲ့ သူတို့ထဲက ခံတက်ပင်ဆိုတဲ့ နောက်ဆုံးလယ်စိုက်ပြီးချိန်မှာတော့ ရေအသွင်းအထုတ်ကို လုံးဝရပ်လိုက်ကြရတယ်။ အဲဒီအချိန်မှာ ပိုလျှံတဲ့ရေအချို့ဟာ ကန်ရင်းကို ဆင်းလာတယ်။ အဲဒီရေကိုတော့ ကန်ဆော်တာဝန်ယူရတဲ့ ငလင်းမြေလယ်က ခန္ဓဲနဲ့တစ်ရက်ပက်ပြီး သောက်ခွင့်ရတယ်။ အဲဒါကို "ကန်တော်ဆု" လို့ခေါ်တယ်။

**နှင်းရည်ဖြူ** ။ ။ အတော့်ကို စနစ်ကျတာပဲနော်။

**ဦးထင်** ။ ။ နောက်ဆုံးကဏ္ဍတစ်ခုရှိသေးတယ်ကွဲ့။ အဲဒီလို စနစ်တကျ ရေပေးဝေပြီး မုရင်းစပါးတွေ စိုက်ပျိုးပြီးချိန်ကို ကန်နားချိန်လို့ခေါ်တယ်။ စပါးတွေ အနှံ့ဝင်ချိန်အထိပေါ့ကွယ်။ စပါးတွေ အနှံ့ဝင်ပြီဆိုရင် ကန်တော်တစ်ဝိုက်မှာ ကျန်နေတဲ့ရေကို အောင်ရေအဖြစ် မျှယူကြရမယ်။ ကန်ခေါင်းနဲ့ ကန်ဆော်တွေက ရက်တစ်ရက်ကို သတ်မှတ်ပေးရတယ်။ အဲဒီရက်မတိုင်ခင် မုရင်းလယ်သမားတွေဟာ ခန္ဓဲတွေ အသင့်ပြင်ထားကြပြီး သတ်မှတ်ရက် နံနက်မှာ ခံတက်ပင်လယ်ကစ အချက်ပေးလိုက်တာနဲ့ တစ်ပြိုင်နက် ခန္ဓဲတွေနဲ့ ကိုယ့်လယ်ကွက်ထဲကိုယ် ရေသွင်းခွင့်ရကြတယ်။ အဲဒီနေ့မှာတော့ ခန္ဓဲသံတွေ တစ်ကွင်းလုံး ညံသွားတာ ရေကုန်တဲ့ အထိပေါ့။

ကိုင်း. . ခုပြောပြတာ "လက်ဆည်ကန် မုရင်းမလေ့" ပါပဲ။ ဘာများသိချင်ကြသေးလဲ။

**နှင်းရည်ဖြူ** ။ ။ ဘဘထင်ပြောပြတာ မျက်စိထဲ မုရင်းမလေ့ကို ထင်းထင်းကြီး မြင်သွားတော့တာပဲ။ ဘဘက အမှတ်အသား သိပ်ကောင်းတာပဲနော်။

**ဦးထင်** ။ ။ ဒီ လက်ဆည်ကန်တော်ကို အစွဲပြုပြီး လက်ဆည်ကန်ရွာ ဆိုတာဖြစ်လာတာမို့ တိတိကျကျ မှတ်သားထားရတာပေါ့။ နောက်ပြီးတော့ ကန်တော်ကို တာဝန်ယူခဲ့တဲ့ မုရင်းသမားကြီးတွေက ကိုယ့်ဘိုးဘွားတွေဆိုတော့ စဉ်ဆက်မပြတ်အောင် ထိန်းသိမ်းထားရမယ်လေ။

**စိုင်းသိုက်ထွန်း** ။ ။ ကျွန်တော်လည်း ဒီကိုလာတုန်းကတော့ ရောက်ဖူးရုံပါပဲ။ ဒါပေမဲ့ ရှေးမြန်မာကြီးတွေရဲ့ ဆည်မြောင်းတာတမံစနစ်ကို သိခွင့်ရလိုက်လို့ ဥက္ကဋ္ဌ ဘဘထင်ကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။

**အောင်မင်းအုပ်** ။ ။ ရှေးမြန်မာတို့ရဲ့ စိုက်ပျိုးမှုစနစ်ကျပုံတွေကိုလည်း သိလိုက်ရပါပြီခင်ဗျာ။ ကျွန်တော်တို့ခေတ်မှာ ခေတ်မီနည်းပညာတွေ မရှိချိန်မှာ ဘယ်လိုကြိုးပမ်းခဲ့တယ်ဆိုတာ သိရတော့ အားရစရာပါပဲ။ ဘဘထင်က အဲဒီအကြောင်းတွေ အရင်က ပြောမပြခဲ့ဖူးဘူးနော်။

**နှင်းရည်ဖြူ** ။ ။ အဲဒါ ကျွန်မကိုကျေးဇူးတင်ရမှာနော်။ ကျွန်မကြောင့် ဘဘထင်က ပြောပြဖြစ်တာ။

**အောင်မင်းအုပ်+** ။ ။ ဟုတ်ပါရဲ့ခင်ဗျာ။
**စိုင်းသိုက်ထွန်း** (ဦးထင်ပြုံးနေစေ။)
**အောင်မင်းအုပ်** ။ ။ ကျွန်တော်ကလည်း ညီမလေးနှင်းရည်ဖြူကို စပါးစိုက်ပျိုးရေးနည်းသစ် SRI ကို ရှင်းပြဖို့ ရှိသေးတယ်နော်။
**နှင်းရည်ဖြူ** ။ ။ ဟုတ်ကဲ့ပါရှင်..။ စိုက်ပျိုးရေးကို အနုပညာနည်းနဲ့ ပံ့ပိုးဖော်ဆောင်ပေးဖို့ မဟုတ်လား။
**အောင်မင်းအုပ်** ။ ။ ဟုတ်လိုက်တာ။
**စိုင်းသိုက်ထွန်း** ။ ။ ကျွန်တော်ကလည်း ဖောင်းတောရေလှောင်တမံကို ပြပါရစေဦးနော်..။
**နှင်းရည်ဖြူ** ။ ။ ဟုတ်ကဲ့ပါရှင်၊ ရောက်အောင်လာခဲ့ပါ့မယ်။
**ခင်ခင်နွယ်** ။ ။ ကဲကဲ- လောလောဆယ်တော့ ကျွန်မရဲ့ ကောက်ညှင်းပေါင်းချိုင့်ကို ဟိုသစ်ပင်အောက်မှာ ဖွင့်မှာဖြစ်လို့ ချိုင့်ဖွင့်ပွဲကို ကြွရောက်ကြပါရှင်။
**အားလုံး** ။ ။ အဲဒီအစီအစဉ် အကောင်းဆုံး..။

**(ကားပိတ်)**

❖ ❖ ❖

**အခန်း- ၁၀**

| | |
|---|---|
| **နေရာ** | - စိုက်ပျိုးရေး ရှေ့တန်းစခန်းရှေ့ကွက်လပ်။ |
| **အချိန်** | - နေ့ပိုင်း။ |
| **အပြင်အဆင်** | - သစ်ဝါးနှင့် ဆောက်လုပ်ထားသော အဆောက်အအုံတစ်ခု ရေးချက်နောက်ခံကားရှိရမည်။ |
| | - အဆောက်အအုံထိပ်တွင် "စိုက်ပျိုးရေးရှေ့တန်းစခန်း၊ လက်ဆည်ကန်ရွာ" ဆိုင်းဘုတ်ပါရှိရမည်။ |
| | - ရှေ့တွင် နှစ်တစ်လက်မ သစ်သားချောင်းများဖြင့် အကွက်ရိုက်ထားသော သစ်သားပေါင် (ဘောင်) တစ်ခုနှင့်အတူ ဘီလပ်မြေအိတ်ခွံများ အပုံတစ်ပုံ၊ မြေကြီးပုံတစ်ပုံ၊ ကောက်ရိုးပုံတစ်ပုံ ရှိရမည်။ |
| | - သံပုံး၊ ကော်ပြားနှင့် ရေပန်းကရားများလည်း ချထားရမည်။ |

**(ကားဖွင့်)**

(လယ်သမားလူရွယ် ကိုတင်အေးနှင့် လေးငါးယောက် လက်ဝဲဘက်မှ ထွက်လာစေ။)

**လူရွှယ် (၁)** ။ ။ ဟာ- ဒီမှာ သစ်သားချောင်းတွေနဲ့ ဘိလပ်မြေအိတ်တွေပါလား။ ရှေ့တန်းစခန်း ပြင်ဆင်ဖို့နဲ့ တူတယ်။

**လူရွှယ် (၂)** ။ ။ ဒါဆို တို့လယ်သမားတွေကိုဖိတ်တာ ဒီနေရာ မဟုတ်ဘူးထင်တယ်ကွ။

**လူရွှယ် (၃)** ။ ။ လယ်သမားတွေကို ဖိတ်တာမဟုတ်ဘဲ လက်သမားတွေကို ဖိတ်တာများလားကွာ။ လိုက်ဖိတ်တဲ့လူက မှားဖိတ်တာနေမှာ။ လာပြန်ကြစို့။

**ကိုတင်အေး** ။ ။ နေဦး- နေဦး၊ ငါ ဦးအောင်မင်းအုပ်ကို သွားမေးပါ့မယ်။

(ထိုစဉ်၊ လက်ယာဘက်မှ အောင်မင်းအုပ် အပြေးကလေး ထွက်လာစေ။)

**အောင်မင်းအုပ်** ။ ။ ကိုတင်အေးတို့ရေ. . ဒီမှာဖိတ်ထားတာ ဟုတ်တယ်။ လာကြပါ။ လာကြပါ။ ဒီမှာဝိုင်းထိုင်ကြမယ်။ မကြာခင် ဥက္ကဋ္ဌကြီးတို့လာပါလိမ့်မယ်။

(ပြောရင်းပင် ဦးထင် လက်ဝဲဘက်မှ ထွက်လာစေ။ ၎င်းနောက်မှာ ခင်ခင်နွယ်နှင့် နှင်းရည်ဖြူပါလာစေ။ မရှေးမနှောင်းပင် နောက်ထပ် လယ်သမား လေးငါးယောက် ထပ်ရောက်လာစေ။)

**အောင်မင်းအုပ်** ။ ။ ကျွန်တော်တို့လက်တွေ့ပြမှာမို့လို့ ဒီကွက်လပ်မှာပဲ၊ သစ်သားပေါင်ကို ဝိုင်းပြီး နေရာယူကြတာပေါ့နော်။

(ဦးထင်နှင့် နှင်းရည်ဖြူ ခင်ခင်နွယ်တို့က အောင်မင်းအုပ်နှင့် ယှဉ်လျက်နေရာယူပြီး၊

လယ်သမားများလည်း သင့်သလိုနေရာ ယူကြစေ။ အောင်မင်းအုပ်က ဇာတ်စင်၏ ရှေ့ဘက်သို့ မျက်နှာမူထားပြီး ပွဲကြည့်ပရိသတ်က လက်တွေ့ပြသနေသည်များကို မြင်နေစေရမည်။)

**အောင်မင်းအုပ်** ။ ။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးအခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ အထူးသဖြင့် စပါး အဓိက စိုက်ပျိုးပါတယ်။ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်လူထု ဖြစ်ပါတယ်။ တောင်သူလယ်သမားထုလို့ ဆိုနိုင်ပါတယ်။ အခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့နည်းရေးကို နိုင်ငံတော်က စီမံချက်ချပြီး ဆောင်ရွက်နေရာမှာ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးကို ထိပ်ဆုံးက ထားကြောင်း အားလုံးအသိ ဖြစ်ပါတယ်။

**အများ** ။ ။ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

**အောင်မင်းအုပ်** ။ ။ ကျွန်တော်တို့ မြန်မာလယ်သမားတွေဟာ စပါးစိုက်ပျိုးရာမှာ မိရိုးဖလာစိုက်နည်းနဲ့သာ စိုက်ခဲ့ကြပါတယ်။ တီထွင်မှုနည်းခဲ့ကြပါတယ်။ သုတေသနပြုတာတွေ မလုပ်ကြပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ လယ်တွေယာတွေ ဒီလောက်ပေါများပါလျက်နဲ့ တောင်သူလယ်သမားတွေ ဆင်းရဲတွင်းနက်နေတာဟာ အဲဒီအချက်တွေကြောင့်လည်း ပါပါတယ်။ ဒီတော့ မိရိုးဖလာစိုက်နည်းတွေကို ပြုပြင်ပြောင်းလဲဖို့လိုလာပြီ။ နိုင်ငံတော်ကလည်း

ပညာရှင်တွေရဲ့အင်အားနဲ့ သုတေသန လုပ်စရာတွေကို လုပ်ထားပြီးပြီ။ နိုင်ငံတကာက နည်းပညာတွေကိုလည်း ရထားတယ်။ ဒီတော့ တောင်သူတွေအနေနဲ့ အဲဒီနည်းစနစ်သစ်တွေကို အသုံးပြုဖို့ အထူးလိုအပ်နေပါပြီ။

**ဦးထင်** ။ ။ အင်း. . ရှေးက စကားရှိခဲ့တယ်။ "စာမတတ်ရင် လယ်လုပ်"တဲ့။ ဒါပေမဲ့ ခုခေတ်မှာတော့ အဲဒီဆိုရိုးစကားကို "စာတတ်မှလယ်လုပ်" လို့ ပြင်ရပါလိမ့်မယ်။

**အောင်မင်းအုပ်** ။ ။ ဟုတ်ပါတယ်ခင်ဗျ။ ဒါကြောင့် စပါးစိုက်တဲ့နေရာမှာ ခန့်မှန်းခြေနဲ့မဟုတ်ဘဲ သုတေသနလုပ်ထားတဲ့ သိပ္ပံနည်းကျစိုက်နည်းတွေကို ဒီမှာပြပေးမှာပါ။ အခု ဖိတ်ထားတဲ့ ကိုတင်အေးတို့ ပညာတတ်လူငယ်လူရွယ် လယ်သမားတွေက တောင်သူလယ်သမားထုအကြား ဆက်ပြီး နည်းပညာတွေဖြန့်ပေးကြဖို့ပါ။ ကဲ- စလိုက်ပါမယ်။ သိပ္ပံနည်းကျစိုက်နည်းစနစ်မှာ- ၁၄ ချက် ရှိပါတယ်။

**နှင်းရည်မြူ** ။ ။ (မှတ်စုစာအုပ်ကလေးတွင် မှတ်ရန်ပြင်ရင်း) အစ်ကို အောင်မင်း. . အဲဒီ ၁၄ ချက်က. .

**အောင်မင်းအုပ်** ။ ။ ကျောင်းတွေမှာ စာသင်သလို လိုက်မှတ်ဖို့မလိုပါဘူး။ အခုလက်တွေ့ပြသွားတဲ့အခါ မေ့သွားနိုင်လောက်တဲ့ အချက်ကလေးတွေသာမှတ်ပါ။ သိပ္ပံနည်းကျစိုက်နည်းစနစ်- ၁၄ ချက် အနက်

ပေါင်စနစ်နဲ့ ပျိုးထောင်တဲ့စနစ်နဲ့ စိုက်ခင်းကို ပြောင်းစိုက်တဲ့နည်းစနစ်ဟာ သမားရိုးကျ မိရိုးဖလာနည်းနဲ့ ကွာခြားတာကြောင့် အဲဒါကိုအခုအစိက ပြပေးမှာပါ။ ဒီနည်းလမ်းကို စိုက်ပျိုးရေးတက္ကသိုလ်တို့၊ စိုက်ပျိုးရေးသုတေသနတို့မှာ စမ်းသပ်ထားပြီးသားဖြစ်လို့ အဲဒီက သုတေသနပုံစံကိုမှီးပြီး ဒီမှာပြပေးမှာပါ။

အခု၊ အားလုံးရဲ့ ရှေ့မှာတွေ့နေရတာကတော့ နှစ်တစ်လက်မ သစ်သားချောင်းတွေနဲ့ နှစ်ပေ× တစ်ပေကွက်၊ ၁၆ ကွက် ရိုက်ထားတာပါ။ လယ်ကွင်းထဲက ပျိုးပေါင်သဘောပါ။ အောက်မှာ ဘိလပ်မြေအိတ်ခွံတွေနဲ့ မြေဩဇာအိတ်ခွံတွေ ခင်းထားပါတယ်။ မြေဆွေးတွေ သီးသန့်ထည့်လို့ရအောင် ခင်းထားရတာပါ။

ကဲ- ကိုတင်အေးတို့ရေ. . ။ ဟောဟိုမြေဆွေးပုံထဲက မြေဆွေးတွေကို ကော်ပြားနဲ့ယူပြီး သစ်သားပေါင်တွေထဲ ထည့်ဖြန့်ပေးကြပါဗျာ။ (ကိုတင်အေးတို့က "ဟုတ်ကဲ့- ဟုတ်ကဲ့" ဆိုတာ လုပ်ဆောင်ပေးကြစေ။)

**အောင်မင်းအုပ် ။** ။ (မြေသယ်ဖြည့်နေကြစဉ်ပင်ပြော) အဲဒီမြေဆွေးကတော့ နုန်းမြေနဲ့ နွားချေးမြေဆွေးကို ၇ အချိုး ၂ ရောစပ်ထားတာပါ။

(မြေဆွေးများကို သစ်သားပေါင်ထဲ ဖြည့်ပြီးသွားသောအခါ-)

**အောင်မင်းအုပ် ။** ။ အခု မျိုးစေ့တွေကြဲပါမယ်။ (လက်ဆွဲပုံး တစ်ပုံးကို သွားယူလာပြီး) အဲဒီထဲမှာ အညှောက်ဖောက်ထားတဲ့ စပါးမျိုးစေ့ နို့ဆီဘူးနှစ်လုံးကို ထည့်ထားပါတယ်။ ဒီအချက်က အရေးကြီးတာမို့ မကြခင်၊ မျိုးဖောက်ပုံကို အသေးစိတ် ပြောပြပါမယ်။ ဦးစွာ စပါးစေ့များကို ၁၂ နာရီကြာ ရေစိမ်ပြီး ရေပေါ်ပေါ်လာတဲ့ စပါးစေ့တွေကို ဖယ်ရှားပစ်ရပါတယ်။ ဒီနောက်မှာတော့ မျိုးစေ့တွေကို ကောက်ရိုးနဲ့ဖြစ်ဖြစ် ၂၄ နာရီကြာ ဖုံးအုပ်ရမယ်။ အစေ့အညှောက် ပေါက်လာမယ်။ အဲဒီလို အညှောက်ပေါက်ထားတဲ့ ဟောဒီ မျိုးစေ့ နို့ဆီဘူးနှစ်လုံးကို မြေပေါင်မှာ ဟောဒီလို မှုပြီး ကြပက်ရပါမယ်။ (ပြောပြောဆိုဆို သစ်သားပေါင်ပေါ်သို့ လိုက်လံကြပက်စေ။) အရေးကြီးတာက မျိုးတစ်စေ့နဲ့ တစ်စေ့ မပူးကပ်အောင် ကြဲရမယ်။ . . ကဲ ပြီးသွားပြီ။

ကြဲပြီးသွားတဲ့အခါ မြေကြီးနဲ့ ခပ်ပါးပါးဖုံးရပါမယ်။ ကိုတင်အေးတို့ ကူညီပေးပါဦး။

(လယ်သမားများက မြေဆွေးပုံမှ ကော်ပြားများနှင့် မြေဆွေးများ ကော်ယူပြီး လိုက်ဖုံးပေးစေ။)

**အောင်မင်းအုပ် ။** ။ ပြီးရင် ရေအစိုဓာတ်ရရှိ ဖျန်းပေးရမယ်။ ကိုတင်အေးရေ . . . ရေပန်းကရားနဲ့ လောင်းပေးပါဦးဗျာ။

(ကိုတင်အေး၊ ရေပန်းကရားယူပြီး ရေဖျန်းပေးစေ။)

**အောင်မင်းအုပ် ။** ။ ပြီးရင်ပျိုးပေါင်ကို ကောက်ရိုးပါးပါး ဖုံးပေးထားရုံပါပဲ။ မျိုးစေ့တွေ မပျက်စီးဖို့။ ကွင်းမှာဆိုရေထဲပါမသွားအောင်လို့ပါ။

(လယ်သမားများက ကောက်ရိုးများ လိုက်ဖုံးပေးကြစေ။)

**အောင်မင်းအုပ် ။** ။ ပျိုးခင်းပြီးသွားပါပြီခင်ဗျာ။ အဲဒီနောက် ငါးရက်လောက် နံနက်၊ ညနေ အစိုဓာတ်ရအောင် ရေလောင်းပေးရပါမယ်။ ဒီမှာတော့ ရေပန်းကရားနဲ့ ဖျန်းပေးပါမယ်။ နောက် သုံးရက်လောက်ကြာရင် အပင်ငယ်လေးတွေ ထွက်လာမယ်။ အဲဒီအခါ ကောက်ရိုးတွေဖယ်ပေးလိုက်။ အဲဒီနောက် အရွက်နှစ်ရွက် ထွက်လာချိန်၊ ပျိုးရက် ၈ ရက် နဲ့ ၁၂ ရက်ကြား ကာလဟာ စိုက်ခင်းကို ရွှေ့ပြောင်း စိုက်ရမယ့် ကာလပါပဲ။ အဲဒီလို ပျိုးပင်များ ၈ ရက်နဲ့ ၁၂ ရက်ကြား ရွှေ့ပြောင်းစိုက်ပျိုးဖို့က သမားရိုးကျ လုပ်ကိုင်နည်းနဲ့ ကွာခြားတာကို မှတ်သားဖို့လိုပါတယ်။

ကဲ- ဒီပျိုးခင်း နမူနာနည်းလမ်းအတိုင်း ကိုယ့်လယ်ကွက်ထဲမှာ ပျိုးထောင်ဖို့ပါပဲ။ မရှင်းတာရှိရင် မေးကြပါနော်။

**ကိုတင်အေး ။** ။ လယ်ကွက်ထဲမှာ ပျိုးပေါင်သီးခြားလုပ်ရမှာပေါ့နော်။

**အောင်မင်းအုပ်** ။ ။ ဟုတ်ပါတယ်။ အနံ သုံးပေ၊ အမြင့် လေးလက်မ လုပ်ရင်ရပါပြီ။ ခုလိုသစ်သားပေါင်တွေ သုံးဖို့တော့ မလိုပါဘူးနော်။ (ရယ်ကြစေ။) ခုဟာက သုတေသန နမူနာအနေနဲ့ပြတာပါ။ ကဲ. . မိရိုးဖလာနည်းနဲ့ ဘာသက်သာသလဲ နှိုင်းယှဉ်ကြည့်ရအောင်။ မိရိုးဖလာ ပျိုးခင်းတစ်ဧကကို ပျိုးစပါးဘယ်နှတင်းကုန်လဲ။

**လယ်သမားများ** ။ ။ အောက်ထစ် နှစ်တင်းပေါ့။

**အောင်မင်းအုပ်** ။ ။ ပျိုးပေါင်စနစ်နဲ့ဆို စပါး နို့ဆီဘူး ၁၀ ဘူးပဲ ကုန်တယ်။ ထားပါတော့ အဖျင်း၊ အမှော်၊ အလေအလွင့်နဲ့ လေးဆ ထားဦး၊ နို့ဆီဘူး ၄၀၊ ပြည်နဲ့ဆို ငါးပြည်ပဲ။

**လယ်သမားတစ်ဦး** ။ ။ (မှတ်စုထဲမှာ ရေးမှတ်ရင်း) ဟာ- သမားရိုးကျက နှစ်တင်း၊ အခုစနစ်နဲ့က ငါးပြည်. . ။ တစ်ဧကကို တစ်တင်းခွဲလောက်တောင် သက်သာတာပါလား။

**အောင်မင်းအုပ်** ။ ။ ကဲ- ပျိုးခင်းကို သိပ္ပံနည်းကျ ပေါင်စနစ်နဲ့ ပျိုးထောင်ပြပြီးပါပြီ။ ပျိုးပင်တွေ အရွက်နှစ်ရွက်ထွက်လာချိန်မှာတော့ စိုက်ခင်းကို ပြောင်းစိုက်ရမယ်။ အဲဒီမှာ အရေးကြီးတဲ့အချက်၊ မိရိုးဖလာနည်းနဲ့မတူတဲ့ အချက်တွေရှိပါတယ်။ တစ်ချက်က. . ချက်ချင်း နုတ်၊ ချက်ချင်းစိုက်ရမယ်။ အဲဒီလို ချက်ချင်းနုတ်၊ ချက်ချင်းစိုက်

တော့ မိရိုးဖလာစိုက်နည်းလို ပျိုးချေးကို ခြေထောက်နဲ့ရိုက်ရတာ၊ ပျိုးတွေကို ကြိုးနဲ့စည်းရတာတွေ မရှိလို့ ပျိုးပင်နာတဲ့ ပြဿနာမရှိဘူး။ နောက်တစ်ချက်က. . စိုက်တဲ့နေရာမှာ အနက်တစ်လက်မခွဲထက် လုံးဝမပိုအောင်စိုက်ရမယ်။ ကောက်ကွက်တစ်ကွက်မှာ ကောက်မြုံတစ်မြုံ (သို့မဟုတ်) နှစ်မြုံပဲစိုက်ရမယ်။ ဆိုလိုတာက မျိုးစေ့တစ်စေ့ကနေ ပင်ပွား လေးငါးပင်ပါတဲ့ မျိုးစေ့ဆိုရင် တစ်မြုံပဲစိုက်၊ ပင်ပွား နှစ်ပင်သုံးပင်လောက်သာပါတဲ့ မျိုးစေ့ဆိုရင် နှစ်မြုံစိုက်ပေါ့။ မိရိုးဖလာမှာတော့ လက်ဆပျိုးပင် ခြောက်ပင်ခုနစ်ပင်လောက်ဆိုတော့ စပါးပင်တွေဟာ ရေနဲ့အာဟာရဓာတ်ကို လုစားနေရလို့ ပင်ပွားတွေ မသန်စွမ်းဘဲ အပင်ရောဂါတွေ ပိုကျတာပေါ့။

**လယ်သမားများ ။** ။ ဟုတ်တာပေါ့နော်။

**လယ်သမားတစ်ဦး။** ။ စိုက်တဲ့အခါ တစ်လက်မခွဲအနက်ပဲ စိုက်ရမှာဆိုတော့ ကောက်စိုက်သမက ရေထဲမိုးထဲ ဘယ်လိုလုပ် လိုက်နာနိုင်မလဲ။

**အောင်မင်းအုပ် ။** ။ အဲဒီအချက်ဟာ သိပ္ပံနည်းကျစနစ်မှာ အရေးကြီးလှပါတယ်။ ပျိုးပင်ကို တစ်လက်မခွဲထက်နက်အောင် မြုပ်စိုက်လိုက်ရင် ပျိုးပင်ရဲ့မူလအမြစ်နေရာကို အောက်စီဂျင် ကောင်းကောင်းမရောက်တဲ့အတွက် နောက်ထပ် အဆစ်တစ်

ဆစ် ထပ်ထွက်ပေးရလို့၊ ပင်ပွားထွက်ရှိမှုကို နောက်ကျစေပါတယ်။ တစ်လက်မခွဲပဲ စိုက်ရင် ကောက်ပင်လှန်ချိန်မလိုတဲ့အတွက် ပင်ပွားထွက်ချိန်စောပြီး သန်စွမ်းတယ်။ ဒါကြောင့်လည်း ဒီစနစ်တွေနဲ့စိုက်ရင် စပါးသက်တမ်း ၁၀ ရက်လောက် လျော့သွားတယ်လို့ သုတေသနမှာတွေ့ရတယ်။ တစ်လက်မခွဲအနက် စိုက်ဖို့ အခက်အခဲမရှိအောင်ကတော့ စိုက်ခင်းကို မစိုက်ခင်တစ်ရက်ကြိုပြီး ရေပြောင်အောင်သုတ်၊ တမန်း သိပ်ထားဖို့လိုတယ်။ စိုက်တဲ့အခါလည်း တစ်လက်မခွဲကို ပေတံနဲ့တိုင်းနေစရာမလိုပါဘူး။ ကောက်စိုက်မ လက်တစ်ဆစ်ဆိုရပါပြီ။

**အများ** ။ ။ ဩော်. . ဟုတ်သားပေါ့။

**လယ်သမားတစ်ဦး။** ။ စိုက်တဲ့အခါ ပင်ကြားတန်းကြားကရော. . .။

**အောင်မင်းအုပ်** ။ ။ ဒါကတော့ ၈ လက်မလည်း အကြံပြုတယ်။ ၁၀ လက်မလည်း အကြံပြုကြတယ်။ ဆယ်တန်း တစ်တန်းကိုတော့ လေဝင်လေထွက်နဲ့ ပေါင်းလိုက်ဖို့ လှပ်ထားရပါမယ်။ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးသုံးစွဲမှုကတော့ တောင်သူတွေ အလေ့အထရှိပြီးဖြစ်လို့ အထူးမပြောတော့ပါဘူး။

**နှင်းရည်ဖြူ** ။ ။ အဲဒီလိုနည်းတွေနဲ့စိုက်ရင် အထွက်နှုန်း ဘယ်လောက်ရမလဲ။

**အောင်မင်းအုပ်** ။ ။ ပြည်တွင်းမျိုးတွေတောင် တစ်ဧကကို တင်း ရာကျော်ထွက်တယ်။ ခု- နောက်ဆုံးရထားတဲ့ ပုလဲသွယ် စပ်မျိုးစပါးဆိုရင် တင်း ၁၃၀ ကျော် တောင်ထွက်တယ်။

**အမျှား** ။ ။ ဟာ- အများကြီးထွက်ပါလား။

**အောင်မင်းအုပ်** ။ ။ အဲဒါလောက်ကောင်းတဲ့နည်းတွေ၊ လုပ်ကိုင်ဖို့ ကလည်း ဘာမှတိုးပြီး ကုန်ကျစရာမရှိတဲ့နည်း တွေကို တောင်သူတွေသိကြဖို့လိုပါတယ်။ ဒါကြောင့် ကိုတင်အေးတို့ လူငယ်ပညာတတ် တောင်သူလယ်သမားတွေက ဒီနည်းစနစ်တွေ ကို ဆင့်ပွားပေးကြပါ။ ကျေးရွာအုပ်စု ဥက္ကဋ္ဌကြီး ကလည်း စီမံခန့်ခွဲပေးပါလိမ့်မယ်။ နောက်ပြီး ကျွန်တော် အခု အထူးဖိတ်ကြားထားတဲ့ ဆရာမ ဒေါ်နှင်းရည်ဖြူကလည်း အနုပညာနည်းလမ်း နဲ့ ကူညီပေးပါလို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား။

**နှင်းရည်ဖြူ** ။ ။ ဒါနဲ့၊ အစ်ကိုအောင်မင်းအုပ် အရင်ပြောတုန်း ကတော့ SRI ဆို။ အခုရှင်ပြတဲ့ နည်းစနစ် တွေက ဘာလဲ။

**အောင်မင်းအုပ်** ။ ။ ဪဪ- အခု သရုပ်ပြရှင်းပြခဲ့တာတွေဟာ SRI စနစ်ပါပဲ။ SRI ဆိုတာ အင်္ဂလိပ်လို System of Rice Intensification ရဲ့ အတို ကောက်ပါ။ မြန်မာလိုတော့ "မျိုးသက်နုစပါး စိုက်ပျိုးနည်း" ဖြစ်ပါတယ်။ တစ်နည်းပြောရရင် တော့ လယ်သမားများအနေနဲ့ တခြားဘာ

ပစ္စည်းမှ ထွေထွေထူးထူးထပ်မလိုတဲ့ နည်းစနစ် ဖြစ်ပါတယ်။

**ဦးထင်** ။ ။ မိရိုးဖလာနည်းကို သိပ္ပံနည်းပြောင်းစိုက်ရုံပဲ မဟုတ်လား။

**ခင်ခင်နွယ်** ။ ။ ကျွန်မ ကဗျာလေးစပ်ပေးချင်ပါတယ်။

**အများ** ။ ။ ဘာကဗျာပါလိမ့်. . . ။

**ခင်ခင်နွယ်** ။ ။ သိပ္ပံနည်းနဲ့ အဓိဋ္ဌာန်ပြီးသာ စိုက်ကြပါရှင်။

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၁၁

**နေရာ** - ထန်းတောထဲက ထန်းတဲ။

**အချိန်** - မွန်းလွဲပိုင်း။

**အပြင်အဆင်** - ထန်းပင် ထန်းတော ရေးချက် နောက်ခံကား ရှိရမည်။

- ရှေ့တွင် ထန်းတဲကုပ်ကုပ်တစ်လုံး မသပ်မရပ် ရှိရမည်။
- ပတ်လည်တွင် မြူအိုးများ ဟိုတစ်ခု သည်တစ်ခု ရှိရမည်။

### (ကားဖွင့်)

(ထန်းသမား ကိုပေါင်းနှင့် မယား မိကျောင်းတို့ မြူအိုးများထဲသို့ ထန်းရည်များလှယ်ရင်း အလုပ်ရှုပ်နေကြစေ။ အတန်ကြာလျှင် အဝေးမှအသံ "တောတော်တီး-တောတော်တီး- တောတော် - တောတော်တီး . . " ထပ်ခါတလဲလဲ ဟစ်ဆိုသံများကြားရစေ။)

**မိကျောင်း** ။ ။ တောသုံးကောင်လာပြီ။ ကာလနာကျတော့မယ်။

**ကိုပေါင်း** ။ ။ မိဂျမ်း- နင်ကလည်း တောသုံးကောင်ဆို ရန်ပဲ လုပ်နေတယ်။ သူတို့က ပုံမှန်ဖောက်သည် တွေဟ. .။

**မိကျောင်း** ။ ။ ဘာပုံမှန်လဲ။ ကြွေးပုံမှန်၊ ကာလနာတိုက်မယ့် ပုံမှန်။ ဟင်း- ပြော မပြောလိုက်ချင်ဘူး။

**ကိုပေါင်း** ။ ။ ပြောလို့ဖြင့် ပြီးနေပြီ။
(ဇာတ်စင်လက်ဝဲဘက်မှ "တောတော်တီး- တောတော်တီး -တောတော်-တောတော်တီး . . တောသုံးထောင်ကို အပိုင်စီး" အော်ဟစ်ဆိုလျက် ငတော၊ ငတော်နှင့်ငတီးတို့ သုံးယောက် ထွက်လာစေ။)

**ငတော** ။ ။ (တစ်နေရာမှာရပ်ပြီး) တောသုံးထောင်ကို အပိုင် စီးတဲ့ ငါတို့ တောသုံးကောင်ရဲ့ မြေကော်ဇော ကတော့ ဟောဒီနေရာပါပဲ ခင်ဗျာ။ ကိုင်း- ကော်ဇောမြေအပြင်မှာ ရွှေဖင်တွေ ထိုင်ကြ စို့. .။ (ထိုင်ကြစေ။)

**ငတော်** ။ ။ ကဲ- ကိုကြီးပေါင်းရေ. . ထိုနည်းလည်းကောင်း လေး စချင်ပါပြီခင်ဗျာ။

**မိကျောင်း** ။ ။ ထရေဖိုး အကြွေး ၅ ရက်ရှိပြီ။ အဲဒါ အရင်ဆပ် မှ ပေးမယ်။ (ပြောရင်း တဲထဲဝင်သွားစေ။)

**ငတော** ။ ။ မိကျောင်းကလည်းဟာ ဆပ်မှာပေါ့။ ငါတို့ဒီနေ့ ရွှေတန်းစခန်းမှာ လက်သမားလုပ်ပြီး ထော လာပါတယ်။ စိတ်ချ၊ ဒီနေ့အတွက်ပါပေါင်းပြီး ရှင်းမှာ. .။

**ငတော်** ။ ။ ဟောဒီ ငါ့ပခုံးတွေကြည့်လိုက်၊ မြေကြီးတွေ နွားချေးတွေ ထမ်းခဲ့တာ။

**ငတီး** ။ ။ ကဲပါ. . ကိုကြီးပေါင်ရဲ့ ထိုနည်းလည်းကောင်း လေး မြန်မြန် မှိုဝဲချင်နေပါပြီ။ ဟောဒီမှာ ပဲလှော်ထုပ်။ (ခါးပိုက်ထဲမှ ပဲလှော်ထုပ်ကို ထုတ်၍ ရှေ့တွင်ချစေ။)

(ကိုပေါင်း မျှတစ်အိုးလာချစေ။)

**ငတော** ။ ။ ကိုကြီးပေါင်းလည်း လာထိုင်ပါဦးဗျ။ ကိုကြီး ပေါင်းကို ကောက်စိုက်မ လက်တဆစ်အကြောင်း လေး ဖောက်သည်ချမလို့။

**ကိုပေါင်း** ။ ။ (စိတ်ဝင်စားသွားဟန်နှင့်) ဟေ. . ကောက်စိုက်မ လက်တဆစ် ဟုတ်လား။ (ဝင်ထိုင်စေ။)

(ငတော၊ ငတော်၊ ငတီးတို့ ထန်းရည်ခွက်ကိုလှည့် သောက်နေကြစေ။)

**ကိုပေါင်း** ။ ။ ပြောပါကွ မြန်မြန်။ ဟိုမှာ မိရျောင်းငါ့ကို ကြည့် နေပြီ။

**ငတော** ။ ။ ဖြည်းဖြည်းပေါ့ဗျာ၊ ကိုကြီးပေါင်းကလည်း နောက်တစ်ကျော့ခွက်လှည့်ပါရစေဦး။

(ထန်းရည်ခွက်လှည့်သောက်ကြပြန်စေ။)

**ငတော** ။ ။ အင်း. . ထန်းရည်လေးအရှိန်နဲ့မှ လေကလေး ငြိမ်သွားတော့တယ်။ ဒီလို ကိုကြီးပေါင်းရ. . ။ မနက်က ရှေ့တန်းစခန်းမှာ စပါးစိုက်နည်း၊ သိပ္ပံ နည်းကျဆိုတာ လက်တွေ့ပြတယ်ဗျ။ ကျုပ်တို့ က သစ်သားပေါင်တွေခွေ၊ မြေကြီးတွေ နွားချေး

တွေရောစပ်ပြီး နောက်ဘက်မှာလှဲနေကြတုန်း ကောက်စိုက်မ လက်တဆစ်လို့ ပြောသံကြား ရတော့. .၊ ဟော့ကောင် ငတီး၊ မင်း ဆက်ရှင်း ပြလိုက်. .။

**ကိုပေါင်း** ။ ။ မင်းတို့ကလည်း ဈေးကိုင်လိုက်တာ. .။

**ငတီး** ။ ။ ကျုပ်တို့လည်း ရှေ့ဘက်ကို အသာထွက်လာပြီး နားထောင်လိုက်တော့၊ ပျိုးပင်ကို ကောက်စိုက်မ တွေ စိုက်တဲ့အခါ ကောက်စိုက်မရဲ့ လက် တစ်ဆစ်ပဲ စိုက်တဲ့ဗျ။

**ကိုပေါင်း** ။ ။ ဩော်- ငါ့၊ ဘာများလဲလို့။ (ထသွားပြီး တဲထဲ ဝင်သွားစေ။)

(ငတော၊ ငတော်၊ ငတီးတို့ တဟားဟားရယ် နေကြစေ။ ခွက်လှည့်ကြပြန်စေ။ ထန်းရည် ကုန်သွား။)

**ငတော်** ။ ။ ကိုကြီးပေါင်းရေ ထိုနည်းလည်းကောင်း ဗျို့. .။ (နောက်ထပ် တစ်မြူလာချပေး၊ သောက်ကြရင်း အတော်မူးလာကြစေ။)

**ငတီး** ။ ။ (ခါးကြားထဲမှ ဆေးလိပ်တိုထုတ်ပြီး) ဟော့- မိကျောင်း. . မီးခြစ်. . မီးခြစ်ပေးစမ်း။ (တဲဘက်သို့လှည့်မကြည့်ဘဲ လက်ကိုသာဆန့်၍ တောင်းနေ) မီးခြစ်. . မီးခြစ်. . တဲထဲမှ မိကျောင်းအသံ။ မီးခြစ် မရှိဘူး။ တဲနောက်မှာ ထန်းရည်ကျိုတဲ့ မီးရှိတယ်။

ဝတီး ။ ။ ဟင်း- မီးခြစ်ကလေးတောင် ဆောင်မထားဘူး။ သိပ်ညှံ့- သိပ်ညှံ့. .။ (ပြောပြောဆိုဆို ဒယိမ်းဒယိုင်နှင့်ထပြီး တဲနောက်ဘက်ကို ဝင်သွားစေ။ ပြန်ထွက်လာသောအခါ ထန်းလက်မီးစ တစ်စကို လက်ကကိုင်လျက် ယိုင်ထိုးယိုင်ထိုးနှင့် လျှောက်လာ။ တဲမှာ ကာထားသော ထန်းလက်နှင့် တိုက်မိ၊ လဲသွား၊ ပြန်ထ၊ ကိုင်ထားသောမီးစ လွတ်ကျခဲ့။ ယိုင်ထိုး ယိုင်ထိုးနှင့် ထန်းရည်ဝိုင်းသို့ ပြန်ရောက်လာစေ။)

(ထန်းရည်များ ဆက်သောက်ကြ၊ စကားတွေ ဟိုရောက်သည်ရောက် ဖြစ်နေစဉ် ငတီးတိုက်မိခဲ့သော ထန်းလက်မှစ၍ တဲကိုမီးလောင်စေ။)

("မီး- မီး- မီး. . ." အော်သံများနှင့်အတူ ကိုပေါင်း၊ မိကျောင်းတို့ တဲထဲမှ ပြေးထွက်လာပြီး ဟိုပြေးသည်ပြေး ဖြစ်နေ။ တောသုံးကောင်လည်း ထပြေးရာ ချာလပတ်လည်နေစေ။ တဲမီးလောင်လျက်ရှိ။)

(မီးဗျို့- မီး. . . မီး. ." အော်သံများနှင့် သံချောင်းခေါက်သံများ ကြားရပြီး မီးချိတ်၊ မီးကပ်၊ ရေပုံးများနှင့်အတူ ရွာသူရွာသားများ ရောက်လာပြီး အင်တိုက်အားတိုက် မီးငြိမ်းသတ်ကြစေ။ ဥက္ကဋ္ဌကြီး ဦးထင်လည်း ရောက်လာစေ။ တဲတစ်ခြမ်းလောက်နှင့် မီးငြိမ်းသွားစေ။)

(မီးသတ်သူများ မောသွားဟန်နှင့် ထိုင်ကြစဉ်၊ ကျောင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကြီး တချို့လည်း ရောက်လာစေ။ ဆရာမ နှင်းရည်ဖြူလည်း ပါလာ။)

**ဆရာ/ဆရာမများ** ။ ။ ကျောင်းလည်းဆင်းရော မီး မီး ဆိုတာနဲ့ လိုက်လာကြတာ။ ထန်းတဲကို မီးလောင်တာကိုး။

**ဦးထင်** ။ ။ ကဲ- မိကျောင်း ပြောစမ်း၊ ဘယ်ကစလောင် တာလဲ။

**မိကျောင်း** ။ ။ ဟို- ဟို. . ငတီး ငတီး မူးနေတာ။ ဆေးလိပ်မီး သွားတို့ပြီး ခဏနေ လောင်တာပါပဲ။

**ဦးထင်** ။ ။ တောသုံးကောင်ပဲ. . ။ ဘယ်မလဲ ဒီကောင် တွေ. . ။

**ကိုပေါင်း** ။ ။ မရှိတော့ဘူး။

**ဦးထင်** ။ ။ သွားရှာပြီး ခေါ်ခဲ့စမ်း၊ ဒီကောင်တွေမူးနေရင် ဝေးဝေး မရောက်သေးဘူး။ ဒီနားတစ်ဝိုက်မှာပဲ ရှိမယ်။

(ရွာသား နှစ်ယောက် ထသွားစေ။)

**နှင်းရည်ဖြူ** ။ ။ (အနီးမှ ဆရာတစ်ဦးကိုမေး) ဆရာ. . တော သုံးကောင်ဆိုတာ ဘာကောင်တွေလဲဟင်။ တောကောင်တွေလား။

**ဆရာ** ။ ။ အမူးသမား သုံးကောင်ကို ရွာကနာမည်ပေး ထားတာလေ။ တစ်ယောက်က ငတော၊ တစ်ယောက်က ငတော်၊ တစ်ယောက်က ငတီး။ ဒီကောင်တွေက မူးလာရင် တောသုံးထောင်ကို

ပိုင်တယ်ဆိုလား၊ အဲဒီလို သိချင်းလုပ်ဆိုလို့ လူတွေက သူတို့ကို "တောသုံးကောင်" လို့ ခေါ်ကြတာ။ (ရှာသား နှစ်ယောက်က တောသုံးကောင်ကို ခေါ်လာစေ။)

**ဦးထင်** ။ ။ ကဲ- လာကြစမ်း၊ လာကြစမ်း. . ။ မီးဘေးကင်းနေတဲ့ တို့ရွာရဲ့ အလှအပကိုဖျက်ဆီးတဲ့ မင်းတို့ တောသုံးကောင်ကိုတော့ ပြင်းပြင်းထန်ထန် အရေးယူရမယ်။

**ငတော** ။ ။ တမင်လုပ်တာ မဟုတ်ပါဘူး ခင်ဗျ။ ငတီးလေ ငတီး. . . ။

**ငတီး** ။ ။ ကျွန်တော်က မီးခြစ်တောင်းတာ၊ မိဂျောင်းက မီးဖိုမှာသွားတို့ခိုင်းလို့. . ။

**မိဂျောင်း** ။ ။ နင်က မီးစကြီးဆွဲယူလာတာ မဟုတ်လား။

**ဦးထင်** ။ ။ ဟေ့- တောသုံးကောင်. . ဘာမှ အတွန့်တက်မနေနဲ့။ မင်းတို့ တရားခံပဲ။ တော်သေးတယ်၊ တို့ရွာက မီးလောင်တယ်ကြားတာနဲ့ ကိုယ့်အိမ်က ပစ္စည်းတွေ ထုပ်ပိုးသိမ်းဆည်းမနေဘဲ မီးလောင်တဲ့ဆီကို တန်းပြေးပြီး မီးကိုသဲသဲမဲမဲ ဝိုင်းငြိမ်းတဲ့ ဓလေ့ရှိပေလို့ မိဂျောင်းတို့တဲလေး ကုန်မသွားတာ။ အင်း. . ဆွမ်းဆန်ထဲကြွက်ချေး ရောဆိုသလို သာယာလှပတဲ့ ငါတို့ရွာမှာမင်းတို့ တောသုံးကောင်ကတော့ ကြွက်ချေးတွေပဲကွ။ မင်းတို့ကို ထောင်ထဲထည့်မှပဲ။

**တောသုံးကောင်း။** ။ (ဦးထင်၏ ခြေထောက်ကို ဝိုင်းဖက်ပြီး) မလုပ်ပါနဲ့ ဥက္ကဋ္ဌကြီး မလုပ်ပါနဲ့နော်။ ကြောက်ပါပြီခင်ဗျ။ ဥက္ကဋ္ဌကြီး ခိုင်းသမျှလုပ်ပါ့မယ်။

**ဦးထင်** ။ ။ ကဲ- သူတို့ကိုခေါ်ခဲ့။ ငါ ရယက အစည်းအဝေးမှာ ဆုံးဖြတ်မယ်။

(အားလုံးပြန်ရန် ပြင်ဆင်ကြစဉ်-)

**(ကားပိတ်)**

❖ ❖ ❖

## အခန်း- ၁၂

**နေရာ** - ရွာလယ် ဓမ္မာရုံ
**အချိန်** - နေ့ပိုင်း
**အပြင်အဆင်** - အုန်းလေးဖက်ချ ဓမ္မာရုံ သစ်သားအဆောက်အအုံ ရေးချက်နောက်ခံကားရှိရမည်။
- ရှေ့တွင် တန်းလျားခုံရှည်များနှင့် အလယ်တွင် စားပွဲတစ်လုံးရှိရမည်။

## (ကားဖွင့်)

(ငတော၊ ငတော်၊ ငတီးတို့ သုံးယောက် ဝါးလုံးများထမ်းကာ လက်ဝဲဘက်မှ ထွက်လာ၊ ဝါးလုံးများကို ဝုန်းခနဲချလိုက်ပြီး မောပန်းဟန်နှင့် ပုဆိုးဖြင့် ချွေးသုတ်ကြစေ။ ငတီးက အမောဖြေရန် တန်းလျားပေါ်သွား၍ လှဲမည်ပြုရာ-)

**ငတော** ။ ။ ဟေ့. . . ဟေ့- ဝါးခုတ်ပေးရုံနဲ့ မပြီးဘူး၊ ခွဲစိတ်ပေးရဦးမှာ။ လာခဲ့။

**ငတီး** ။ ။ (ခေါင်းကုတ်ပြီး) ဟင်း- ဥက္ကဋ္ဌကြီးတို့ ချလိုက်တဲ့ ဒဏ်က တော်တော်ပြင်းပါလား. . ။ (ခုံရှည်မှ ပြန်ထလာပြီး ဝါးလုံးများကိုင်စေ။)

**ငတော်** ။ ။ သီတင်းကျွတ်မီးထွန်းပွဲအတွက် မီးပုံးလုပ်ဖို့ ဝါးခုတ်၊ ဝါးခွဲ ဒါလောက်နဲ့ပြီးသွားတာ တော်တယ်မှတ်။ မင်းကြောင့် ငါတို့ ထောင်နန်းစံရတော့မလို့။

(သုံးယောက်သား ဝါးများခွဲပြီး၊ ဝါးခြမ်းပြားများ ရသည်အထိ မြေပေါ်ထိုင်၍ လုပ်နေကြစေ။)

(ငတီးက လုပ်နေရင်း သီချင်းဟစ်ဆို-)

**ငတီး** ။ ။ (တောတော်တီး- တောတော်တီး-တောတော် တောတော်တီး၊ တောသုံးထောင်ကို အပိုင်စီး. . . ။

**ငတော** ။ ။ ဟေ့ကောင်. . . ငတီး၊ ခပ်ကုပ်ကုပ်နေ။ နောက်ထပ် အမှုတက်နေဦးမယ်။

**ငတီး** ။ ။ အေးပါကွ၊ တိုးတိုးဆိုတာပါ။

(ခွဲစိတ်ပြီးသမျှ ဝါးခြမ်းပြားများကို စားပွဲအနီးတွင် ပုံထားကြစေ။)

(အတန်ကြာလျှင် ကိုတင်အေးနှင့် ရွာသားတစ်ယောက်၊ ခင်ခင်နွယ်နှင့် ရွာပျိုဖြူ လေးငါးယောက် လက်ဝဲဘက်မှ ထွက်လာကြစေ။ ခင်ခင်နွယ်တို့ လက်ထဲတွင် ကော်အိုးနှင့် ဂုန်နီကြိုးလိပ် ပါလာပြီး စားပွဲပေါ်တင်ထားစေ။)

**ကိုတင်အေး** ။ ။ ငတောတို့. . မင်းတို့ တာဝန်ပြီးပြီလားဟေ့။

**ငတော** ။ ။ ဟုတ်ကဲ့၊ လုပ်နေတုန်းပါ။ ပြီးပါတော့မယ်။ ပြီးသမျှ ဟိုမှာ ပုံထားတယ်။

**ကိုတင်အေး** ။ ။ အေးအေး- ပြီးတဲ့ထဲက တို့ယူလုပ်မှာပေါ့ကွာ။ မင်းတို့လည်း ဆက်လုပ်ကြပေ့ါ။

**ငတော** ။ ။ ဟုတ်ကဲ့- ဟုတ်ကဲ့။

**ကိုတင်အေး** ။ ။ မခင်နွယ်တို့ရေ. . ခါတိုင်း နှစ်လိုပဲပေ့ါ။ မီးပုံးလေးတွေနဲ့ ကြယ်မီးပုံးတွေအတွက် ကျွန်တော်တို့နှစ်ယောက်က ဝါးခြမ်းပြားတွေကို သူ့အတိုင်းအထွာနဲ့သူ ဖြတ်ပေးသွားမယ်နော်။ မခင်နွယ်တို့က ဆက်ပြီး ကော်ကပ်ပုံဖော်ကြပေ့ါ။ ဆင်ရုပ်ကြီး၊ မြင်းရုပ်ကြီးနဲ့ မီးလည်ကတော့ ဒါတွေပြီးမှ သပ်သပ်လုပ်ကြတာပေ့ါနော်။

**ခင်ခင်နွယ်** ။ ။ ဟုတ်ကဲ့ပါ၊ ခါတိုင်းနှစ်လိုပဲပေ့ါ။

(ကိုတင်အေးတို့နှစ်ယောက် ဝါးခြမ်းပြားများကို အတိုင်းအထွာအလိုက် စတင်ဖြတ်တောက်ကြစေ။)

**ခင်ခင်နွယ်** ။ ။ လာကြပေ့ါ။ တို့ မီးပုံးဟောင်းတွေ ဘယ်လောက်အကောင်းကျန်သေးလဲလို့ သွားစစ်ကြည့်ရအောင်။

(အမျိုးသမီးများ လက်ယာဘက်သို့ ဝင်သွားကြစေ။)

(ဝါလုံးများကို ခွဲစိတ်နေသော တောသုံးကောင်အတန်ကြာလျှင် ၎င်းတို့လုပ်ငန်းပြီးသွားစေ။)

**ငထော** ။ ။ ကိုတင်အေး- ကျွန်တော်တို့ကိစ္စပြီးသွားပြီ။ ကိုတင်အေးတို့ကို ဆက်ကူညီပေးရဦးမလား။

**ကိုတင်အေး** ။ ။ ကောင်းတာပေါ့ကွာ။ မြန်မြန်ပြီးတာပေါ့။ ရော့- ဒီမှာ တုတ်အတိုင်း. .၊ အဲဒီအတိုင်းသာ ဖြတ်ထား။ အဲဒါက မီးပုံးလေးတွေအတွက်။ တို့နှစ်ယောက်က ကြယ်မီးပုံးတွေအတွက် သပ်သပ်ဖြတ်မယ်။

(ဝါးခြမ်းပြားများကို ဖြတ်တောက်နေကြစေ။)

**ကိုတင်အေး** ။ ။ (၎င်း၏ အဖော်သို့) ကဲ- ကိုခင်ရေ. . ကြယ်မီးပုံးက အများကြီးလုပ်စရာမလိုတော့ ဝါးခြမ်းပြား ဒီလောက်ဆိုရပြီ။ တို့နှစ်ယောက် ကြယ်မီးပုံးနမူနာ လုပ်သွားရအောင် . .။

(ဝါးခြမ်းပြား တချို့ကိုယူပြီး စားပွဲပေါ်သို့ တင်စေ။)

(ထို့နောက် ကိုတင်အေးနှင့် ကိုခင်တို့ ကြယ်မီးပုံး ပြုလုပ်ကြစေ။ ဝါးခြမ်းပြားများကို ကြယ်ပုံချုံ ကြိုးနှင့်ချည်၊ ကော်သုတ်လျက်ရှိစဉ် ခင်ခင်နွယ် တို့ အမျိုးသမီးအုပ်စု လက်ယာဘက်မှ ပြန်ထွက် လာကြစေ။ လက်ထဲတွင် စားစရာများ ပန်းကန် နှစ်ချပ်ပါလာစေ။)

**ခင်ခင်နွယ်** ။ ။ ဟာ- ကြယ်နမူနာ လုပ်ပေးနေတာလား။ ကောင်းတာပေါ့. .။ ဟောဒီမှာ ပြောင်းဖူးသုပ် တွေ၊ ကြီးမြတို့အိမ်က ပေးလိုက်တာ။ ရှင်တို့ အမျိုးသားတွေက တစ်ပန်းကန်ယူ။

**ကိုတင်အေး** ။ ။ ဒါပြီးမှ စားမယ်လေ။ (ကြယ်မီးပုံးဆက်လုပ်စေ။) (ငတောတို့လည်း ဝါးခြမ်းများ ဆက်ဖြတ်လျက် ရှိစေ။ အတန်ကြာလျှင် အားလုံးဖြတ်ပြီးသွား စေ။ ကြယ်မီးပုံးတစ်ခုလည်း စားပွဲပေါ်တွင် ပုံပေါ်လာစေ။)

**ကိုတင်အေး** ။ ။ ကိုင်း- ပြီးသွားပြီ။ ဟေ့- ငတောတို့ . . လာ၊ ပြောင်းဖူးသုပ်စားကြမယ်။

(ငတောတို့ပါ စားပွဲတွင်ဝိုင်းပြီး စားကြရာ တစ်ခဏအတွင်း ပြောင်းဖူးသုပ်ပန်းကန် ချော သွားစေ။)

**ကိုတင်အေး** ။ ။ ကဲ- အမျိုးသားတွေ တာဝန်ပြီးလို့ ပြန်တော့မယ် နော်။ အမျိုးသမီးတွေ ဆက်လုပ် . . ။

**အမျိုးသမီးများ** ။ ။ လုပ်မယ်- လုပ်မယ် . . ။

(အမျိုးသားအားလုံး လက်ဝဲဘက်သို့ ဝင်သွား ကြစေ။)

(အမျိုးသမီးများ စားပွဲတွင်ဝိုင်း၍ ခုံရှည်များ တွင် ထိုင်ကြစေ။)

**ခင်ခင်နွယ်** ။ ။ ကဲ- တို့အလှည့်။ ဝါးခြမ်းပြား မကုန်မချင်း မထ စတမ်း . . ။ ပါးစပ် မဟာစတမ်း . . . ။

**တစ်ယောက်** ။ ။ ပါးစပ်မဟာလို့တော့ မဖြစ်ဘူး။ ပြောင်းဖူးသုပ် တွေ အလကားဖြစ်သွားလိမ့်မယ်။

**တစ်ယောက်** ။ ။ ပါးစပ်မဟာလို့ မဖြစ်တာတော့ အမှန်ပါပဲရှင်။ ပြောစရာလေးတွေက ရှိနေပါသရှင့်။

**ခင်ခင်နွယ်** ။ ။ ကဲ- ဒါဆိုလည်း စားရင်းလုပ်၊ ပြောရင်းလုပ်ကြတာပေါ့။

(ဝါးခြမ်းပြားများကို စကိုင်ကြစေ။ မီးပုံးချိုးသူကချိုး၊ ကြယ်ချိုးသူကချိုးနှင့်. . မြိုင်မြိုင်ဆိုင်ဆိုင်လှုပ်ရှားနေကြစေ။)

**တစ်ယောက်** ။ ။ ကဲ- ဒီအစည်းအဝေးမှာ ကျွန်မ ပထမဆုံးဆွေးနွေးချင်တာကတော့ ဆရာမလေး မနှင်းရည်ဖြူအကြောင်းပါ။ သူက ကျောင်းမှာ ကျောင်းသူကျောင်းသားတွေကလည်းချစ်၊ ဆရာ ဆရာမတွေကလည်း ခင်ကြပါသတဲ့။ ကြက်ခြေနီ ထူးချွန်တယ်တဲ့။ ဂီတလည်း ကျွမ်းကျင်တယ်တဲ့။

**တစ်ယောက်** ။ ။ ကျွန်မဆက်ဆွေးနွေးပါ့မယ်။ အခု- စိုက်ပျိုးရေးကိုအောင်မင်းအုပ်က ဆရာမလေးကို သူ့စိုက်ပျိုးရေးကိစ္စတွေထဲကို ဆွဲဆောင်နေပါတယ်ရှင့်။ ဒါကြောင့် ခင်ခင်နွယ်တစ်ယောက် ကျန်ရစ်ဖြစ်မှာကို သူငယ်ချင်းများက စိုးရိမ်နေပါတယ်တဲ့ရှင့်။

**ခင်ခင်နွယ်** ။ ။ ဟဲ့ ကောင်မတွေ. . လုပ်ကြံသတင်းတွေ မလွှင့်ကြနဲ့။ ကိုအောင်မင်းအကြောင်း ငါသိတယ်။ သူက ညီမလေး နှင်းရည်ဖြူအပေါ်မှာ ငါနဲ့ပတ်သက်ပြီး ညီမလေးလို သဘောထားတာ. . .။

**တစ်ယောက်** ။ ။ ဒါပေမဲ့ ရင်းရင်းနှီးနှီး နေလွန်းတယ် မိန္ဒယ်ရဲ့။

**ခင်ခင်နွယ်** ။ ။ ကိုအောင်မင်းက သူခင်မင်မိရင် နောက်နောက်ပြောင်ပြောင် တရင်းတနှီး နေတတ်တယ်လေ။

**တစ်ယောက်** ။ ။ အဲဒီလိုနေရင်း နေရင်းက. .

**တစ်ယောက်** ။ ။ မိန္နယ်တစ်ယောက် ကျန်ရစ်ဖြစ်သွားမယ်နော်။

**ခင်ခင်နွယ်** ။ ။ ကဲကဲ- ငါကျန်ရစ်ဖြစ်ချင် ဖြစ်ပါစေ၊ ငါ့ညီမလေးနဲ့ဆို ငါက သဘောတူပ့ါ။

**အများ** ။ ။ တကယ်လား. . ။

**ခင်ခင်နွယ်** ။ ။ တကယ်ပေ့ါ။ (မဲ့ရွဲ့၍) သူတို့ယူမယ်ဆိုရင်တောင် ငါက လက်ထပ်ပေးလိုက်ဦးမှာ. . . ။

**တစ်ယောက်** ။ ။ ကဲ- ဒါဆို၊ မင်းလူကို နှင်းဖြူနဲ့ မြင်းမူကို ပို့လိုက်ရမလား။

**ခင်ခင်နွယ်** ။ ။ ကောင်မတွေ. . . ၊ ကဲ- ကဲ. . (လက်သီးနှင့်လိုက်ထုစဉ်. . . )

**(ကားပိတ်)**

❖ ❖ ❖

## အခန်း- ၁၃

**နေရာ** - လက်ဆည်ကန်ရွာတွင်း၊ မီးထွန်းပွဲ။
**အချိန်** - ညဦး။
**အပြင်အဆင်** - ရွာလမ်းရေးချက် နောက်ခံကားရှိရမည်။
- မီးပုံးများချိတ်ရန် ကြိုးများ သင့်သလို သွယ်တန်းထားရမည်။
- လအရောင် ပြာလဲ့လဲ့ မီးအလင်းပေးထား။

**(ကားဖွင့်)**

(ခင်ခင်နွယ်နှင့် ရွာပျိုဖြူ အမျိုးသမီးများ၊ ကျောင်းသူကျောင်းသားလေးများ ကြိုးတန်းများတွင် မီးပုံးလေးများကို လိုက်လံချိတ်ဆွဲနေကြစေ။ အချို့နေရာများတွင် ကြယ်မီးပုံးများ ချိတ်သည်။ အားလုံး ဝတ်ကောင်းစားလှဖြင့် ပျော်ပျော်ရွှင်ရွှင် လုပ်ကိုင်နေကြစေ။ ကျောင်းသူ၊ ကျောင်းသားလေးများ ဟိုဟိုသည်သည် သွားလာကြည်နူးနေသည့် မြင်ကွင်းဖြစ်စေရမည်။)

(ကိုတင်အေးတို့ လူရွယ်လူငယ်ပိုင်းက ဆင်ရုပ်မီးပုံးကြီး၊ မြင်းရုပ်မီးပုံးကြီးနှင့် မီးလည်ကို အချက်ကျသည့်နေရာများတွင် ပြင်ဆင်နေကြစေ။)

(မီးပုံးများချိတ်ရင်း၊ ခင်ခင်နွယ်က ကလေးများအား မီးထွန်းပွဲနှင့်ပတ်သက်၍ ပြောပြရာ ကလေးများက စိတ်ဝင်တစား မေးမြန်းလျက်ရှိကြစေ။)

**ခင်ခင်နွယ်** ။ ။ သီတင်းကျွတ် မီးထွန်းပွဲတော်ကို ရှေးက "မီးမြင်းမိုရ်ပွဲ" လို့ခေါ်တယ်ကွဲ့။

**ကလေးများ** ။ ။ မီးမြင်းမိုရ်ပွဲ. . ဟုတ်လား။

**ခင်ခင်နွယ်** ။ ။ "တာဝတိံသာပွဲ" လို့လည်း ခေါ်သေးတယ်။

**ကလေးတစ်ယောက်** ။ ။ တာဝတိံသာပွဲနဲ့ မီးမြင်းမိုရ်ပွဲ ဘာကွာလဲ ဟင်. . .။

**ခင်ခင်နွယ်** ။ ။ အဓိပ္ပာယ်ချင်း အတူတူပါပဲကွယ်။ ကလေးတို့သိတဲ့အတိုင်း မြတ်စွာဘုရားဟာ တာဝတိံသာနတ်ပြည်မှာ မယ်တော်မိနတ်သားနဲ့ ဗြဟ္မာတွေကို ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားတာ သီတင်းကျွတ်လပြည့်နေ့မှာ ပြီးတယ်။ အဲဒီလို ဟောကြားပြီးတဲ့နောက် လူ့ပြည်ကိုပြန်ကြွတဲ့အခါ သိကြားမင်းက စောင်းတန်းသုံးသွယ် ဖန်ဆင်းပေးတယ်။ စောင်းတန်းသုံးသွယ်ကို ကြားဖူးကြလား။

**တစ်ယောက်** ။ ။ အဖေပြောပြဖူးတယ်။ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း. .

**ခင်ခင်နွယ်** ။ ။ အေး- ဟုတ်တယ်ကွဲ့။ မြတ်စွာဘုရားက အလယ်ပတ္တမြားစောင်းတန်းကနေ ကြွမြန်းတယ်။ နတ်ဗြဟ္မာများက ရွှေစောင်းတန်း၊ ငွေစောင်းတန်းကနေ ခြံရံလာတယ်ကွဲ့။ တာဝတိံသာကနေ ဆင်းသက်ခါနီးမှာ မြတ်စွာဘုရားက မြင်းမိုရ်တောင်ထိပ်မှာ ရပ်တော်မူပြီး ရေမီးအစုံစုံ တန်ခိုးပြတော်မူတယ်တဲ့။ အဲဒါကြောင့် မီးမြင်းမိုရ်ပွဲလို့ ခေါ်တာကွဲ့။

**ကလေးများ** ။ ။ ဩော်. .

**ခင်ခင်နွယ်** ။ ။ နောက်တစ်မျိုးခေါ်တာရှိသေးတယ်၊ "ဝါကျွတ်ပွဲ"။ အဲဒါကော သိကြလား။

**ကလေး** ။ ။ ဝါကျွတ်လို့ပေါ့။

**တစ်ယောက်** (ကလေးများ ရယ်ကြစေ။)

**ခင်ခင်နွယ်** ။ ။ မှန်ပါတယ်ကွဲ့။ ဒါပေမဲ့ ဝါကျွတ်တယ်ဆိုတာ သိဖို့ လိုသေးတယ်လေ။ ရဟန်းသံဃာတွေ ဝါတွင်းသုံးလပတ်လုံး ကျောင်းတိုက်ထဲမှာ ဝါဆိုဝါကပ်ပြုကြပြီးတဲ့နောက် သီတင်းကျွတ်လပြည့်ကျော် (၁) ရက်နေ့မှာ ဝါဆိုရာကနေ ကျွတ်လွတ်သွားတာမို့ ဝါကျွတ်ပွဲလို့ခေါ်တာကွဲ့။

**ကလေး** ။ ။ ဒါဆိုရင် ဝါကျွတ်တာနဲ့ သီတင်းကျွတ်တာအတူတူ

**တစ်ယောက်** ပဲလား။

**ခင်ခင်နွယ်** ။ ။ အဓိပ္ပာယ်ချင်း အတူတူပါပဲကွယ်။ ရဟန်းသံဃာတွေ ဝါဆိုဝါကပ် ကင်းလွတ်သွားလို့ ဝါကျွတ်တယ်လို့ပြောတာ။ တစ်နည်းအားဖြင့် သီတင်းကျွတ်တယ်ပေါ့။ ဒါကြောင့်လည်း ဒီလကို သီတင်းကျွတ်လလို့ခေါ်တာကွဲ့။ ဒါပေမဲ့ ရှေးတုန်းကတော့ သီတင်းကျွတ်လလို့ မခေါ်ဘူး။ သန်တူလလို့ ခေါ်တယ်။

**ကလေးများ** ။ ။ ဪ. .

**ခင်ခင်နွယ်** ။ ။ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့လို့ သတ်မှတ်ထားတဲ့အတွက် မနက်ကျရင် ဘုန်းတော်ကြီးကျောင်းမှာ သီလပေးရင်းနဲ့ အဘိဓမ္မာတရား ဟောကြားလိမ့်မယ်ကွဲ့။ (ထိုစဉ် ကိုအောင်မင်းအုပ်၊ စိုင်းသိုက်ထွန်းနှင့် အမျိုးသားအချို့ ရောက်လာစေ။)

**ခင်ခင်နွယ်** ။ ။ ကိုမင်းတို့ ကိုစိုင်းတို့ လာကြတာကိုး။ သီတင်းကျွတ် မီးထွန်းပွဲမှာ ကူသိုလ်လာယူကြတာလား။

**အောင်မင်းအုပ်** ။ ။ ဟုတ်တယ်လေ။

**စိုင်းသိုက်ထွန်း** ။ ။ မီးပုံးတွေဝိုင်းချိတ်ပေးဖို့ အဖွဲ့တွေတောင်ပါလာသေးတယ်။

**ခင်ခင်နွယ်** ။ ။ ဖောင်းတောဆည်မှာရော မီးမထွန်းဘူးလား ကိုစိုင်း. .။

**စိုင်းသိုက်ထွန်း** ။ ။ အဲဒီမှာ မီးပုံးတွေထွန်းပြီးမှ ဒီကိုဆက်လာတာ။ ဆရာမ နှင်းရည်ဖြူကော. .။

**ခင်ခင်နွယ်** ။ ။ ဒီည သူ့ပြဇာတ် ကမှာလေ။ ကျောင်းဝင်းထဲမှာ ဇာတ်စင်ပြင်ဆင်နေတယ်။ ပြဇာတ်က ၉ နာရီလောက်မှ စမှာ။ အဲဒီအချိန်ကျမှ ကျွန်မတို့ ကျောင်းကိုသွားကြမယ်။ ဖေဖေတို့လည်း အဲဒီမှာ လုံခြုံရေးစီမံနေကြတယ်။ ကိုစိုင်းတို့ သွားဦးမလား။

**စိုင်းသိုက်ထွန်း** ။ ။ ဟာ- သွားမှာပေါ့။

**အောင်မင်းအုပ်** ။ ။ အတူတူသွားကြမယ်လေ နွယ်ရဲ့။ ခု- မီးပုံးတွေ ဝိုင်းချိတ်ကြမယ်။

**ခင်ခင်နွယ်** ။ ။ မီးပုံးချိတ်တာတော့ ပြီးသလောက်ရှိပြီ။ ဖယောင်းတိုင်တွေလိုက်စိုက်ပြီး မီးထွန်းကြရအောင်။ (အောင်မင်းအုပ်၊ စိုင်းသိုက်ထွန်းနှင့်အဖွဲ့ ဖယောင်းတိုင်များယူကြပြီး မီးပုံးများတွင် စိုက်ကြ၊ ထွန်းကြစေ။ တစ်ခဏအတွင်း ဖြူ၊ နီ၊ ပြာ၊ ဝါ ရောင်စုံမီးပုံးများဖြင့် ဝေဆာလှပသွားစေ။)

**စိုင်းသိုက်ထွန်း** ။ ။ မနွယ်ရေ. . ကျွန်တော့်မှာ ဆည်ကလူငယ်တွေ ပါလာတော့ ရွာထဲနှံ့အောင် မီးပွဲလိုက်ပြလိုက်ဦးမယ်နော်။ ပြီးရင် အလယ်တန်းကျောင်းကို ကြိုသွားနှင့်မယ်။

**ခင်ခင်နွယ်** ။ ။ ဪ- ကောင်းတယ်- ကောင်းတယ်။ ကိုမင်းလည်း လိုက်ချင်လိုက်သွားလေ။

**အောင်မင်းအုပ်** ။ ။ မလိုက်ရေးချ မလိုက်။ ဒီလိုညမျိုး၊ နွယ့်အနားက ခွာရင် ကိုယ့်လောက်မိုက်တဲ့လူ ရှိပါ့မလား။

**ခင်ခင်နွယ်** ။ ။ ပိုလိုက်တာ. .

**စိုင်းသိုက်ထွန်း** ။ ။ ကဲကဲ- ကျွန်တော်တို့သွားနှင့်ပြီနော်။ (၎င်း၏ အဖွဲ့နှင့်အတူ လယ်ယာဘက်သို့ဝင်စေ။) (အခြားသူများ၊ ကလေးများလည်း လူကဲ့ သွားစေ။)

**အောင်မင်းအုပ်** ။ ။ နွယ်ရေ. . . မိုးပေါ်ကို မော့ကြည့်လိုက်စမ်း။ ဘာကြားရလဲ။

**ခင်ခင်နွယ်** ။ ။ မိုးပေါ်မှာ ဘာတွေ့လဲလို့ ပြောရမှာကို. . ။

**အောင်မင်းအုပ်** ။ ။ မဟုတ်ဘူး။ ဖိုးလမင်းကြီးက ကိုယ့်ကိုကြည့်ပြီး ပြောနေသံ ကြားရသလားလို့. . ။

**ခင်ခင်နွယ်** ။ ။ သူ မဟုတ်က ဟုတ်က ပြောတော့မယ်။

**အောင်မင်းအုပ်** ။ ။ မင်းတို့နှစ်ယောက် ဘာဖြစ်လို့ အချိန်ဆွဲ နေတာလဲတဲ့။ မြန်မြန်. . . မြန်မြန်တဲ့။

**ခင်ခင်နွယ်** ။ ။ အို. . ပေါက်ကရတွေ. . ။ ဒီလိုဝါကျွတ်ကာလ တာဝတိံသာပွဲတော်မှာ ရှင်တော်မြတ်ဘုရားနဲ့ ပတ်သက်တာပဲ ပြောရတယ်ရှင့်။

**အောင်မင်းအုပ်** ။ ။ ဩော်- တာဝတိံသာမှာ မယ်တော်မိနတ်သားကို အဘိဓမ္မာတရားဟောပြီး လူ့ပြည်ကို ပြန်လည် ဆင်းကြွလာတာတို့၊ စောင်းတန်းသုံးသွယ်တို့ ဆိုတာ သိပြီးသားပဲ ဥစ္စာ၊ ဘာပြောဖို့လိုသေးလဲ နွယ်ရဲ့။

**ခင်ခင်နွယ်** ။ ။ အဲဒီလို သိထားတဲ့အတိုင်း ဗုဒ္ဓရှင်တော်မြတ်ဘုရား ကို ရည်စူးပြီး ပူဇော်ရမယ်လေ။

**အောင်မင်းအုပ်** ။ ။ ဟုတ်ကဲ့ပါခင်ဗျာ. . ။ ကဲဒါဆိုရင် ရွာဦးက စေတီတော်ကိုသွားပြီး ဆီမီးပူဇော်ရအောင်လေ။

**ခင်ခင်နွယ်** ။ ။ သွားမယ်။ ပြီးရင် အလယ်တန်းကျောင်းသွားပြီး ညီမလေးနှင်းရည်ဖြူရဲ့ ပြဇာတ်ကြည့်ကြမယ်နော်။
(အောင်မင်းအုပ်နှင့် ခင်ခင်နွယ်တို့ လက်တွဲ၍ သွားရန် ဟန်ပြင်စဉ် -)

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၁၄

**နေရာ** - အလက၊ ကစားကွင်းအတွင်းရှိ ဇာတ်စင်။

**အချိန်** - ညဥ့်။

**အပြင်အဆင်** - နောက်ခံပိတ်ကားပေါ်တွင် "မောင်ခင်ဦး (B.E) နှင့် မသက်ထားမူ (အောင်သရဖူလုပ်ငန်း) တို့၏ မင်္ဂလာညဉ့်ခံပွဲ" ဟူသော စာတန်းရေးထား ရမည်။

- ၎င်းနောက်ခံကားနှင့် ထိစပ်လျက် ဇာတ်စင်ခွင်ပြည့် စင်မြင့်တစ်ခုရှိရမည်။ စင်မြင့်ပေါ်တွင် ဆိုဖာဆက်တီများ ရှိရမည်။
- ၎င်း စင်မြင့်ရှေ့၊ အောက်ဘက် (လက်ယာဘက်ခြမ်း) တွင် ခေတ်မီကီးဘုတ်နှစ်လုံးကို သံလုံးစင်ဖြင့် အထက်အောက်တင်ထားရမည်။
- စင်မြင့်ရှေ့၊ အောက်ဘက် (လက်ဝဲဘက်ခြမ်း) တွင် ဖိုင်ဘာစားပွဲကုလားထိုင်များ ဆံ့သလောက် ခင်းကျင်းထားရမည်။
- ရောင်စုံကြိုးအလှများ၊ ပူဖောင်းများနှင့်အတူ မီးခွင်ပြည့် ပေးထားရမည်။

(ပြည်ဖုံးကားချထား)
(ဆရာအောင် ပြည်ဖုံးကားရှေ့သို့ထွက်လာပြီး ဦးညွှတ်၍ပြော. . . )

**ရွှေပွဲလာညည့်ပရိသတ်များခင်ဗျာ -**

ကျွန်တော်တို့လက်ဆည်ကန်ရွာမှာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို နှစ်စဉ်မပြတ် ကျင်းပခဲ့ရာမှာ ဒီနှစ်မှာတော့ အထူးအစီအစဉ်တစ်ခုအနေနဲ့ အရပ်ပြဇာတ်ကို တင်ဆက်ကပြမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာလူမျိုးဆိုတာ ကိုယ့်ယဉ်ကျေးမှုနဲ့ကိုယ် ခံ့ခံ့ထည်ထည်ရှိခဲ့တဲ့လူမျိုးပါ။ ဒါပေမဲ့ ခုကာလမှာ နိုင်ငံခြားမှ ထိုးဖောက်ဝင်ရောက်လာတဲ့ သရုပ်ပျက်ဂီတ၊ သရုပ်ပျက်ဝတ်စားဆင်ယင်မှု၊ သရုပ်ပျက် အပြောအဆိုတွေဟာ လူငယ်တွေကို ဆွဲဆောင်လွှမ်းမိုးလာနေပါတယ်။ ဒါကြောင့် ခုလိုမြန်မာ့ယဉ်ကျေးမှုပွဲတော်ဖြစ်တဲ့ သီတင်းကျွတ်ပွဲတော်ကြီးမှာ ဆရာမ ဒေါ်နှင်းရည်ဖြူ ရေးသားစီစဉ်တဲ့ "အခါတော်" ဆိုတဲ့ တစ်ခန်းရပ် ပြဇာတ်ကို တင်ဆက်မှာဖြစ်ပါတယ်။

ဒီပြဇာတ်မှာ ရွာသူရွာသားများ၊ ဆရာ ဆရာမများနဲ့ ကျောင်းသူ ကျောင်းသားများက ပါဝင်သရုပ်ဆောင်မှာဖြစ်ပြီး တေးဂီတဝိုင်းကို ကျွန်တော် ဆရာအောင်က တာဝန်ယူမှာဖြစ်ပါတယ်။

ကိုယ့်အရပ်နဲ့ ကိုယ့်ဇာတ်ဖြစ်လို့ အမှားပါရင် ခွင့်လွှတ်ကြပါ ခင်ဗျား။ (ဦးညွှတ်ပြီး အတွင်းသို့ပြန်ဝင်စေ။)

(လက်ခုပ်သံများနှင့်အတူ ပြည်ဖုံးကားဖွင့်)

(စားပွဲကုလားထိုင်အချို့တွင် မင်္ဂလာပွဲလာ ပရိသတ် အနည်းငယ်ရှိနေစေ။ တီရှပ်စွပ်ကျယ်နှင့် ဂျင်းဘောင်းဘီဝတ်ဆင်ကာ ဆံရှည်နောက်တွဲ စည်းထားသော ကီးဘုတ်တီးသမားသည် ကီးဘုတ်စင်နောက်မှာရပ်လျက် ဂနာမငြိမ် လှုပ်လှုပ်ရွရွနှင့် ကီးဘုတ်တီးနေစေ။ ရှေ့နားတွင်လည်း ပေါင်အထိခွဲထားသော စကတ်ဘေးကွဲ ဝတ်ဆင်လျက် ဟော့ရှော့ အမျိုးသမီးအဆိုတော် ဒိုးဒိုးဒီပါ စတူဒီယို ဟစ်ဟော့ပ်သီချင်းများ သီဆိုနေစေ။ စကတ်ဘေးခွဲ ဝတ်ထားသော အခြားအဆိုတော်နှင့် ဂျင်းဘောင်းဘီဝတ် အဆိုတော်တို့လည်း ကီးဘုတ်နားတွင် ရှိနေစေ။ ဆောင်းဘောက်မှ ဟစ်ဟော့ပ်သံစဉ်များ ပြင်းထန်ဆူညံစွာ ထွက်ပေါ်နေစေ။)

(မင်္ဂလာပွဲလာ ဧည့်ပရိသတ်များ ဇာတ်စင်၏ လက်ဝဲဘက်မှ ရောက်လာရာ သတို့သမီး၏ ဖခင် ဦးအောင်သရဖူနှင့် မိခင် ဒေါ်ခိုင်ထားထားတို့ ဆီးကြိုနှုတ်ဆက်ဧည့်ခံနေကြစေ။ ခဏအကြာတွင် ဦးအောင်သရဖူ ဇာတ်စင်၏ ရှေ့ပိုင်းသို့ထွက်လာပြီး လက်ပတ်နာရီကိုကြည့်

လိုက်၊ ဇာတ်စင်၏ဝဲဘက်ကို ကြည့်လိုက် ရှိနေစေ။ ဒေါ်ခိုင်ထားထားလည်း ရှေ့သို့ထွက်လာစေ။)

**ဒေါ်ခိုင်ထားထား ။** ။ အခါတော်ပေးချိန်နီးနေပြီ။ စောင်းဆရာ မလာသေးဘူးလားတဲ့၊ အခမ်းအနားမှူးက လာမေးနေတယ်။

**ဦးအောင်သရဖူ ။** ။ ဟုတ်တယ်၊ ကိုယ်လည်းအဲဒါထွက်မျှော်နေတာ။ စောင်းဆရာကို သတို့သားအဖေ ဦးလှထွန်းက သူတို့ရွာကနေ တစ်ပါတည်း ခေါ်လာဖို့ တာဝန်ယူထားတယ်လေ။ ခု ဦးလှထွန်းနဲ့ ဒေါ်စံမယ်တို့ မရောက်လာကြသေးလို့ ကိုယ်လည်း စိတ်ပူနေတာ။

**ဒေါ်ခိုင်ထားထား ။** ။ အခါတော်သီချင်း တီးပေမယ့် စောင်းဆရာ အချိန်မီ ရောက်မလာရင်တော့ ခက်ပြီ။ ဒီမှာက မင်္ဂလာပွဲကြီး ခမ်းခမ်းနားနားဖြစ်ဖို့ ရန်ကုန် ရက်စ်တောဒင့် အဆိုတော်တွေနဲ့ အခမ်းအနားမှူးကို ငါးသိန်းတောင် ပေးခေါ်ထားရတာ။ ကိုယ့်သမီးလေး မျက်နှာမငယ်ရအောင်လို့။

**ဦးအောင်သရဖူ ။** ။ အေးလေ. . အခါတော်ပေးသီချင်းတီးပေးမယ့် စောင်းဆရာ သူတို့ရွာမှာ အလကားရမယ်ဆိုလို့ အဲဒီ တာဝန်လေးပဲ သူတို့သတို့သားဘက်ကို တာဝန်ပေးမိတာ ခုတော့ခက်ပါပြီ။ အချိန်မီ မရောက်ရင် ငါတို့တော့ အရှက်ရတော့မှာပဲ။ (ထိုစဉ်မှာပင် ဦးလှထွန်း၊ ဒေါ်စံမယ်နှင့် ရွာမှ

လိုက်လာကြသူလေးငါးဦး ဇာတ်စင်လက်ဝဲဘက်မှ ခပ်သွက်သွက် ထွက်လာကြစေ။ မောင့်ကျက်သရေခေါင်းပေါင်းနှင့် စောင်းကောက်ပိုက်ထားသော စောင်းဆရာကြီး ဦးဘဟန်လည်း ပါလာစေ။)

**ဦးအောင်သရဖူ ။** ။ တော်ပါသေးရဲ့ ဦးလှထွန်းရာ. . အချိန်မီရောက်လာပေလို့။

**ဒေါ်ခိုင်ထားထား ။** ။ မင်္ဂလာအခါတော်ပေးချိန်က နီးနေပြီ ဒေါ်စံမယ်ရဲ့။ ကျွန်မတို့မြို့မှာက ဒေါ်စံမယ်တို့ တောလိုမဟုတ်ဘူး။ ရန်ကုန်က ငါးသိန်းပေး ငှားထားရတဲ့ အခမ်းအနားမှူးနဲ့ အဆိုတော်အဖွဲ့က အချိန်တိတိကျကျ ပွဲထုတ်ကြမှာရှင့်။

**ဦးလှထွန်း ။** ။ လမ်းမှာ ပဲ့ထောင်စက် နည်းနည်းချို့ယွင်းသွားလို့ပါဗျာ။

**ဦးအောင်သရဖူ ။** ။ ကဲ- ထိုင်ကြပါဦး။ ကျွန်တော်အခမ်းအနားမှူးကို သွားပြောလိုက်ပါဦးမယ်။

(ဦးလှထွန်း၊ ဒေါ်စံမယ်နှင့် စောင်းဆရာကြီး ဦးဘဟန်တို့ ရှေ့ပိုင်းစားပွဲလွတ်တွင် စောင်းကို စားပွဲပေါ်တင်ပြီး ဝိုင်းထိုင်ကြစေ။ ပွဲကြည့်ပရိသတ်နှင့် အနီးဆုံးနေရာဖြစ်ရမည်။ ခဏအကြာ ဦးအောင်သရဖူ၊ ဒေါ်ခိုင်ထားထားတို့နှင့်အတူ စကတ်ဘေားကွဲဝတ် အမျိုးသမီးနှစ်ဦး ရောက်လာစေ။ အမျိုးသမီးနှစ်ဦး လမ်းလျှောက်လာစဉ် စကတ်ဘေားကွဲမှ ခြေသလုံး

ပေါ်ပေါ်သွားသည်ကို မြင်ရ၍ ဦးလှထွန်း၊ ဒေါ်စံမယ်နှင့် ဦးဘဟန်တို့ အံ့ဩတုန်လှုပ်နေကြစေ။)

**ဦးအောင်သရုပ်** ။ ။(ပါလာသော အမျိုးသမီးတစ်ယောက်ကို ညွှန်ပြပြီး) သူကတော့ မင်္ဂလာအခမ်းအနားမှူးလုပ်မယ့် ပတ္တမြားကလျာလင်းတဲ့။ ရန်ကုန်မှာ နာမည်ကြီးပေါ့။

**ပတ္တမြားကလျာလင်း** ။ ။ မင်္ဂလာအချိန် ၉ နာရီ၊ ၁၆ မိနစ်၊ ၃၂ စက္ကန့်ကျရင် ကွန်မစင်ပေါ်ကနေ ဖိတ်ခေါ်လိုက်တဲ့အခါ၊ သတို့သား၊ သတို့သမီးတို့က သတို့သားအရန်၊ သတို့သမီးအရန်တွေလိုက်ပါပြီး ဟောဟို (စင်မြင့်ပေါ်ရှိ ဆိုဖာ ဆက်တီများကို ညွှန်ပြ၍) စင်မြင့်ပေါ်မှာ နေရာယူရမှာပါ။ နှစ်ဖက်မိဘများလည်း တစ်ပါတည်း တက်ရမှာပါ။ အဲဒီအခါမှာ "အခါတော် ပေးတာက နတ်ရေးငယ်ရွှေစာ"ဆိုတဲ့ အခါတော်ပေးသီချင်းပိုဒ်ကို ဆိုရမှာပါ။ (ဦးဘဟန်သို့) အဲဒီမှာ ဘကြီးက စောင်းနဲ့ တီးပေးရမှာနော်။

**ဦးဘဟန်** ။ ။ အဲဒီတစ်ပိုဒ်တည်းလား။ "တော်ကြီးငယ်ယင်ရာ" က စတီးမှ ကောင်းမှာပေါ့။

**ပတ္တမြားကလျာလင်း** ။ ။ အိုး. . နိုး နိုး၊ အခါတော်ဆိုတာ ဘကြီး ပြောတဲ့ "တော်" ဘာတဲ့. . အဲဒါမဟုတ်ဘူး။

**ဦးဘဟန်** ။ ။ ဟာ- "အခါတော် ပေးတာက နတ်ရေးငယ်ရွှေစာ"ဆိုတာက "အတိုင်းမသိ" ဘွဲ့သီချင်းထဲ

ကလေ။ "တော်ကြီးငယ်ယင်ရာ" ဆိုတာလည်း အဲဒီထဲက တစ်ပိုဒ်ပေ့ါ။

**ပတ္တမြားကလျာလင်း။** ။ ဟာ- ရှုပ်ကုန်ပြီ။ ဘွဲ့တွေဘာတွေ ကျွန်မ နားမလည်ဘူး။ ဘကြီးစောင်းကောက်နဲ့ "အခါတော် ပေးတာက နတ်ရေးငယ်ရွှေစာ၊ သာသနာရောင်လင်း၊ ကောင်းခြင်းခု ဒီချိန်ခါ" ဆိုတာပဲ တီး။ တခြားဘာမှ ရှည်ပြီး မတီးနဲ့။ ဟောဒီ (ဘေးနားက အမျိုးသမီးကို ညွှန်ပြ) အဆိုတော် ဒိုးဒိုးဒီပါက အဲဒါကို ဆိုလိမ့်မယ်။

**ဒိုးဒိုးဒီပါ** ။ ။ ဟုတ်တယ်။ ဒိုးဒိုးကလည်း မြန်မာသီချင်းဆိုလို့ အဲဒီ "အခါတော်" အပိုဒ်လေးပဲ လေ့ကျင့်ထားတာ။ မဖြစ်လို့သာဆိုရတာ၊ မြန်မာသီချင်းတွေက အောက်လွန်းလို့ မဆိုချင်ဘူး။ (ဦးဘဟန် ထိတ်လန့်အံ့သြစွာ မျက်လုံးပြူးပြီး ဒိုးဒိုးဒီပါကို ကြည့်စေ။ စကတ်အကွဲကိုလည်း ရွံရှာစွာကြည့်စေ။)

**ဦးဘဟန်** ။ ။ ကဲ- ထားပါတော့။ "အခါတော် ပေးတာက" အပိုဒ်လေးပဲ ကျုပ်ကတီးပေးရမှာပေ့ါ ဟုတ်လား။ ဒါနဲ့ဆိုမယ့် မိန်းကလေးက အဝတ်အစားလဲဦးမှာ မဟုတ်လား။

**ဒိုးဒိုးဒီပါ** ။ ။ အို- ဘာလို့လဲရမှာလဲ။ ကျွန်မဝတ်ထားတာ ဒီမင်္ဂလာပွဲအတွက် ရှယ်ချုပ်ထားတာလေ။ (ခြေထောက်ကို လှုပ်ပြစေ။ ခြေသလုံးပေါ် သွားစေ။)

**ဦးဘဟန်** ။ ။ ဟာ- ကျုပ်တို့ မြန်မာ့ဂီတကို ဒီလိုတော့ မစော်ကားနဲ့။ မင်္ဂလာရှိတဲ့ မဟာဂီတသီချင်းဆိုမယ်ဆိုရင် ယဉ်ကျေးတဲ့ မြန်မာဝတ်စုံ ဝတ်ပြီးမှဆို။ ဒါ- ကျုပ်အပြတ်ပြောတာ။

(ဘေးနားမှ နားထောင်နေသူများ မျက်လုံးပြူးသွားကြစေ။)

**နီးနီးဒီပါ** ။ ။ ဩော်- ဒါဆို ကျွန်မတို့လည်း ပြတ်တယ်။ မြန်မာဝတ်စုံ မဝတ်နိုင်ဘူး၊ ဒါပဲ။

**ဦးဘဟန်** ။ ။ ဒါဆိုလည်းကျုပ်ပြန်မယ်။ ဒူးပေါ်ပေါင်ပေါ်ဒိုးဒိုးဒန့်ဒန့်အဆိုတော်တွေနဲ့ ကျုပ်တို့ မြန်မာ့စောင်းနဲ့ မတန်ဘူး။

(ပြောပြောဆိုဆို၊ မတ်တတ်ရပ်လိုက်ပြီး စားပွဲပေါ်မှ စောင်းကောက်ကိုလှမ်းယူကာ နောက်ပြန်မကြည့်ဘဲ ထွက်သွားစေ။)

(အားလုံး အံ့အားသင့် ကျန်ရစ်စေ။)

**ပတ္တမြားကလျာလင်း** ။ ။ ဦးတို့ မပူပါနဲ့။ ဒီဘဲကြီး ပြန်သွားလည်း ကိစ္စမရှိဘူး။ အခါတော်ပေးသီချင်းကို ကီးဘုတ်နဲ့ တီးမယ်။

**ဦးအောင်သရဖူ** ။ ။ ကီးဘုတ်သမားက မြန်မာသီချင်း မတီးတတ်ဘူးဆို။

**ပတ္တမြားကလျာလင်း** ။ ။ ကီးဘုတ်မှာ ခလုတ်မျိုးစုံပါတာပဲ။ ခလုတ်နှိပ်ရင်သီချင်းဖြစ်တာပဲ။ ဒိုးဒိုး . ကီးဘုတ်နဲ့ သွားညှိလိုက်။ ကဲ- မင်္ဂလာပွဲ စမယ်။

(ဒေါနှင့်မောနှင့် စင်ပေါ်သို့ အပြေးကလေး တက်သွားစေ။)

(အဆိုတော် ဒိုးဒိုးဒီပါ ကီးဘုတ်သမားရှိရာသို့ သွားပြီး တီးတိုးပြောစေ။)

ကီးဘုတ်သမားက "အခါတော် ပေးတာက" အပိုဒ်သံစဉ်ကို ညာလက်ဖြင့် စမ်းတီးကြည့်စေ။ အတွဲအဖက်နှင့် မတီးတတ်သဖြင့် သံစဉ်မှာ ဟိုရောက်သည်ရောက်ဖြစ်နေစေ။ ကီးဘုတ်သမား ခေါင်းကုတ်၍ စိတ်ရှုပ်ဟန်ဖြစ်နေစေ။ အတန်ကြာမှ ဒိုးဒိုးဒီပါက "ဟုတ်ပြီ ဟုတ်ပြီ၊ ဒါဆို ရပြီ" ဟုဆိုကာ စင်မြင့်ပေါ်သို့ လှမ်း၍ လက်မထောင်ပြစေ။

**ပတ္တမြားကလျာလင်း။ ။** (စင်မြင့်မိုက်ခွက်တွင် နေရာယူပြီး) မင်္ဂလာ အချိန်ကျရောက်ပြီဖြစ်လို့ သတို့သား- မောင်ခင်ဦးနဲ့ သတို့သမီး- မသက်ထားမူတို့ မင်္ဂလာစင်မြင့်ထက်မှာ နေရာယူပေးကြပါလို့ ကျွန်မ ပတ္တမြားကလျာလင်းက ဖိတ်ခေါ်ပါတယ်ရှင်။

(ထိုအခါ ကီးဘုတ်မှ အသံထုတ်လိုက်သော "ဒုံး ချပ်- ဒုံးဒုံးချပ်၊ ဒုံးဒုံးချပ်၊ ဒုံးဒုံးချပ်. . ") ဟူသော ဘင်သံပြင်းပြင်းအသံများ ကျယ်လောင်စွာ ထွက်ပေါ်လာစေ။ အဆိုတော် ဒိုးဒိုးဒီပါက မိုက်ကိုင်ပြီး တစ်ကိုယ်လုံးလှုပ်ခါ၍ သီချင်းဆိုစေ။)

ကီးဘုတ်မှ BEAT အသံများနှင့်အတူ ဒိုးဒိုးဒီပါ၏ သီချင်းဆိုသံများ -

"ဒိုးချပ်-အခါတော် ×× ဒိုးဒိုးချပ်-ပေးတာက ×× ဒိုးချပ်-နတ်ရေးငယ် ×× ဒိုးဒိုးချပ်-ရွှေစာ ×× ဒိုးချပ်-သာသနာ ×× ဒိုးဒိုးချပ်-ရောင်လင်း ×× ဒိုးချပ်-ကောင်းခြင်းခု ×× ဒိုးဒိုးချပ်- သည် ချိန်ခါ ×× ဒိုးချပ်-ဒိုးဒိုးချပ်-ဒိုးချပ်-ဒိုးဒိုးချပ်" (စင်မြင့်ပေါ်သို့ တက်လှမ်းလာသော သတို့သား သတို့သမီးနှင့် မိဘများမှာ ဒိုးချပ်- ဒိုးဒိုးချပ် ဟူသော ကျယ်လောင်သည့် ဘင်သံများအကြား မြန်မြန်လျှောက်သူကလျှောက်၊ နှေးနှေးလျှောက် သူကလျှောက်နှင့် ဖြစ်နေပြီး သတို့သမီး၏ ပဝါရှည်ကြီးမှာလည်း ကိုးရိုးကားရား ဖြစ်နေ သည့်မြင်ကွင်းကိုကြည့်၍ မင်္ဂလာပွဲလာ ပရိသတ် များ တဟားဟား ရယ်မောကြစဉ်- )

(ပြည်ဖုံးကားချ)

❖ ❖ ❖

## အခန်း- ၁၅

**နေရာ** - ဖောင်းတော ရေလှောင်တမံ၊ မြောင်းပေါင်ပေါ်။
**အချိန်** - နေ့ပိုင်း။
**အမြင်အဆင်** - ရေလှောင်တမံနှင့် အဆောက်အအုံများ အဝေး မြင်ရေးချက် နောက်ခံကားရှိရမည်။
- ရှေ့တွင် သစ်သားထိုင်ခုံကလေးများ ရှိရမည်။

## (ကားဖွင့်)

(စိုင်းသိုက်ထွန်းက ဦးဆောင်လျက် ကိုအောင်မင်းအုပ်၊ မခင်ခင်နွယ်နှင့် နှင်းရည်ဖြူတို့ ဇာတ်စင် လက်ဝဲဘက်မှ ထွက်လာစေ။)

**စိုင်းသိုက်ထွန်း** ။ ။ ကျွန်တော်တို့ဆည်ကို မနှင်းနှင်း ခုမှပဲ ရောက်တော့တယ်နော်။

**နှင်းရည်ဖြူ** ။ ။ ဟုတ်ပါတယ်၊ ကျွန်မလည်း လာချင်နေတာပါ။ သိတဲ့အတိုင်းပဲ ကျောင်းပိတ်ရက်တိုင်းမှာ အလုပ်က တစ်ခုမဟုတ်တစ်ခု ပေါ်လာတယ်လေ။ လွန်ခဲ့တဲ့ သီတင်းကျွတ်လထဲကတော့

ပြဇာတ်ကိစ္စနဲ့ နေ့တိုင်းလိုလိုကို အလုပ်ရှုပ်နေခဲ့တယ်။

**အောင်မင်းအုပ်** ။ ။ ပင်ပန်းခံရကျိုးတော့နပ်ပါတယ် ညီမလေးရဲ့။ လူတွေအားလုံး ပြဇာတ်ကို အရမ်းသဘောကျသွားတယ်။

**စိုင်းသိုက်ထွန်း** ။ ။ တကယ်သရုပ်ပါတယ်ဗျ။ သရုပ်ပျက်တွေကို ဖော်ထုတ်လိုက်တော့ ကျွန်တော်တို့ မြန်မာ့ဂီတ၊ မြန်မာ့ယဉ်ကျေးမှုရဲ့ဂုဏ်က မြင့်တက်သွားတာပေါ့။ နောက်တစ်ခါကျရင် (စိတ်အားထက်သန်လှသည့် အမူအရာဖြင့်) မြန်မာ့ဂီတရဲ့အရသာကို လူငယ်တွေထဲ ရောက်အောင် ပြလိုက်စမ်းပါ မနင်းနင်းရာ. . ။

**ခင်ခင်နွယ်** ။ ။ အယ်. . ကိုစိုင်းက တကယ့်ခံစားချက်နဲ့ ပြောနေပါလား။ ညီမလေးရေ. . နောက်တစ်ခါကျရင် ကိုစိုင်းကိုပါ ပြဇာတ်ထဲထည့်တော့ . . . ။

**စိုင်းသိုက်ထွန်း** ။ ။ ရတယ်. . ရတယ်. . ။

**အောင်မင်းအုပ်** ။ ။ နောက်တစ်ခါက ကိုယ့်အလှည့်၊ နွယ်ရဲ့. . ။

**နှင်းရည်ဖြူ** ။ ။ သိပ္ပံနည်းကျ စပါးစိုက်ပျိုးရေး မဟုတ်လား။ ကျွန်မ မျက်စိထဲမှာ စိမ်းစိုညိုမှိုင်းနေတဲ့ စပါးခင်းတွေကို အမြဲ မြင်နေရပါတယ်ရှင်။ အစ်ကို အောင်မင်းနဲ့ဆက်ပြီး တိုင်ပင်မယ်လေ။

**အောင်မင်းအုပ်** ။ ။ ဟာ- ဝမ်းသာလိုက်တာ။ ပြဇာတ်မှာ ညီမလေးရဲ့ အနုပညာအစွမ်းကို တွေ့လိုက်ရတော့ အရမ်းကို အားရနေတာ။

**ခင်ခင်နွယ်** ။ ။ ကျွန်မညီမလေးကို သိပ်လည်းမခိုင်းပါနဲ့နော်။

**အောင်မင်းအုပ်** ။ ။ အို- ခိုင်းတာမဟုတ်ပါဘူး။ အကူအညီတောင်းတာပါဗျ။

**နှင်းရည်မြ** ။ ။ အဲဒီကိစ္စက ကိုအောင်မင်းတို့ဌာနကလည်း စပြီးစည်းရုံးခါစ မဟုတ်လား။ စပါးစိုက် ရာသီကိုလည်း ညှိရဦးမှာဆိုတော့ အချိန်ရပါသေးတယ်။ ဒီကြားထဲ ကျွန်မတို့ ညှိနှိုင်းစီစဉ်ကြတာပေါ့နော်။ ဒါနဲ့ ခုလောလောဆယ် သူခိုးကြီးကိစ္စ ကျွန်မ မကျေမနပ်ဖြစ်နေတယ် မမနွယ်ရဲ့။

**ခင်ခင်နွယ်** ။ ။ ဪ- ပြီးခဲ့တဲ့ တန်ဆောင်တိုင်မှာ လူငယ်တွေ ကဲကြတဲ့ သူခိုးကြီးညကို ပြောတာလား။ အေးကွယ် အဲဒါကတော့ အပျော်သဘောဆိုတော့ တားမရသလိုဖြစ်နေတယ်ကွဲ့။

**နှင်းရည်မြ** ။ ။ အင်း- အပျော်သဘောကနေ အပျက်သဘော ဖြစ်လာပြီလေ။ ကျွန်မ နည်းလမ်းတစ်ခု စဉ်းစားမိတာရှိတယ်။

**အများ** ။ ။ ဘယ်လိုနည်းလမ်းလဲ။

**နှင်းရည်မြ** ။ ။ နောက်နှစ်ကျရင် အရပ်ပြဇာတ်ကို သီတင်းကျွတ် အစား တန်ဆောင်တိုင်မှာက။ ရွာထဲက သူခိုးကြီး လုပ်လေ့ရှိတဲ့ လူငယ်တွေကို ပြဇာတ်ထဲမှာ ထည့်သုံး။ ပြဇာတ်မတိုင်ခင် အဲဒီလူငယ်တွေကို မြန်မာသံစဉ်သီချင်းတွေ ကာရာအိုကေဆိုခိုင်း။ ပြဇာတ်ကို အချိန်ဆွဲပြီးက။ ဒါဆိုရင် အဲဒီ

လူငယ်တွေ သူခိုးကြီး မလုပ်နိုင်တော့ဘူးပေါ့။ မကောင်းဘူးလား။

**အောင်မင်းအုပ်** ။ ။ ကောင်းတယ်။ တေက်ပြားတွေ အဖျက်သမား မလုပ်နိုင်တော့ဘူးပေါ့။

**စိုင်းသိုက်ထွန်း** ။ ။ အဲဒီလိုသာဆို၊ မြန်မာသံစဉ်သီချင်းတွေလည်း စင်တင်ပြီးသား ဖြစ်သွားမယ်။ ကျွန်တော်လည်း စိုင်းထီးဆိုင် သီချင်းတွေဆိုမယ်။

**အောင်မင်းအုပ်** ။ ။ ဆို- ဆို- ဒါမှ တန်ဆောင်တိုင်ပွဲ စည်ကား သွားမှာ။

**ခင်ခင်နွယ်** ။ ။ ညီမလေး. . ဒါဆို၊ သီတင်းကျွတ်မီးထွန်းပွဲမှာ ကလေးတွေ ကဗျာရွတ်ဆိုပွဲလေး လုပ်ရင် မကောင်းဘူးလားဟင်--။

**နှင်းရည်ဖြူ** ။ ။ ဟာ- မမနွယ် အတွေးလေး ကောင်းလိုက်တာ။

**အောင်မင်းအုပ်** ။ ။ ကဗျာသမား စာသမားပဲလေ။ ဒီလောက်. . .

**ခင်ခင်နွယ်** ။ ။ ကိုမင်း- ဘာမြှောက်ဦးမလို့လဲ။

**အောင်မင်းအုပ်** ။ ။ ဒီလောက်တော်တဲ့ ကိုယ့်ချစ်သူလို့ ပြောမလို့ ပါဗျာ။

(ရယ်ကြစေ။)

**နှင်းရည်ဖြူ** ။ ။ ဟုတ်တယ်၊ လာမယ့်နှစ် သီတင်းကျွတ်မီးထွန်းပွဲကျရင် ကျောင်းရှေ့မှာ ဒီနှစ်လိုပဲ စင်ထိုးပြီး ကလေးတွေ ကဗျာရွတ်ပြိုင်ပွဲ လုပ်ရမယ်။ သိပ်လည်း ကုန်ကျစရာလည်း မရှိဘူး။ မြန်မာ ကဗျာတွေကိုလည်း ဖော်ကျူးရာရောက်တယ်။ ကလေးတွေလည်း ပျော်ကြမှာ။

**ခင်ခင်နွယ်** ။ ။ ရွာမှာ ကဗျာရွတ်ပွဲဆိုတာ တစ်ခါမှ မလုပ်ဖူးဘူး။ ဖေဖေတို့နဲ့ တိုင်ပင်ရမယ်။ ညီမလေးလည်း ဆရာမကြီးနဲ့ တိုင်ပင်လိုက်။

**နှင်းရည်ဖြူ** ။ ။ ဟုတ်ကဲ့- ဟုတ်ကဲ့. . ။

**စိုင်းသိုက်ထွန်း** ။ ။ ကဲကဲ- ကျွန်တော်တို့ဆည်ကို လှည့်ပြပါရစေဦး။ လှည့်ကြည့်ပြီးချိန်နဲ့ ထမင်းစားချိန် အချိန်ကိုက်ပါပဲ။ ကျွန်တော် စားရိပ်သာမှာ ထမင်း စီစဉ်ထားပါတယ်။

**ခင်ခင်နွယ်+နှင်းရည်ဖြူ** ။ ။ အို- မလုပ်ပါနဲ့။ အိမ်ပြန်မှ စားပါမယ်။

**အောင်မင်းအုပ်** ။ ။ မငြင်းပါနဲ့ခင်ဗျာ။ ကျွန်တော့်အတွက်လည်း မနက်စာ ပြေလည်သွားလို့ပါ။ (ရယ်ကြစေ။) ဆည်ကြီးကို လှည့်ပြတာတော့ ဒီလိုလုပ်ပါ။ ကျွန်တော်နဲ့နွယ်က ဒီဆည်ကြီးကို ရောက်ဖူးနေတာဆိုတော့ ကိုစိုင်းက ညီမလေး နှင်းနှင်းကိုပဲ ခေါ်သွားပြီး လှည့်ပြလိုက်ပါ။ ကျွန်တော်နဲ့နွယ်ကတော့ ဒီနားကပဲ စောင့်နေမယ်နော်။

**စိုင်းသိုက်ထွန်း** ။ ။ (ဝမ်းသာအားရ)ဟာ- အဲဒါကောင်းတယ်။ ဒါဆို မနှင်းနှင်း. . . လာ. . . ။ ကျွန်တော်တို့ မြောင်းလက်အတိုင်း လျှောက်သွားကြမယ်။ (ရှေ့မှ ဆောင်၍ လက်ယာဘက်သို့ဝင်သွားစေ။)

**အောင်မင်းအုပ်** ။ ။ (လှမ်းပြော) ကိုစိုင်းရေ-- နှင်းနှင်းသိချင်သမျှကို အေးအေးဆေးဆေး ဆွေးဆွေးနွေးနွေး ဖြည်းဖြည်းလေး ရှင်းပြနော်။

**ခင်ခင်နွယ်** ။ ။ ဟင်း- သူ့ဉာဏ်ချည်းပဲ။

**အောင်မင်းအုပ်** ။ ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်တာပေ့ါ နွယ်ရဲ့။

**ခင်ခင်နွယ်** ။ ။ ကိုမင်းနော်. . .။

**အောင်မင်းအုပ်** ။ ။ ကဲလာ- ဟိုခုံလေးပေါ်ထိုင်ရအောင်။ (ခုံကလေး တစ်ခုပေါ်တွင် ထိုင်ကြစေ။)

**ခင်ခင်နွယ်** ။ ။ ရွာက ဟာမတွေမေးတာကို သတိရနေတယ် ကိုမင်းရဲ့။

**အောင်မင်းအုပ်** ။ ။ ဘာမေးတာလဲနွယ်။

**ခင်ခင်နွယ်** ။ ။ မင်းလူကို နှင်းဖြူနဲ့ မြင်းမူကို ပို့လိုက်ရမလားတဲ့။

**အောင်မင်းအုပ်** ။ ။ ဘယ်လို- ဘယ်လို

**ခင်ခင်နွယ်** ။ ။ စဉ်းစားကြည့်ပေ့ါ။

**အောင်မင်းအုပ်** ။ ။ မင်းလူကို နှင်းဖြူနဲ့ မြင်းမူကို ပို့လိုက်ရမလား။ (ခဏစဉ်းစားပြီး) သြော်- ကိုယ့်ကို ညီမလေး နှင်းနှင်းနဲ့ စိုးရိမ်ကြတာလား။ အောင်မယ်လေး ဗျာ၊ ကြံကြီးစည်ရာ. . .။

**ခင်ခင်နွယ်** ။ ။ နွယ်ကလည်း ဘယ်လိုမှ မစွဲပါဘူး။ ဟိုဟာမ တွေက ပြောပြောနေကြလို့။

**အောင်မင်းအုပ်** ။ ။ ဘယ်လိုမှ စိတ်မပြစ်မှားမိပါဘူးဗျာ။ နွယ်နဲ့ ကိုယ်တို့ အခြေအနေကိုလည်း ညီမလေးနှင်းနှင်း ကို ပွင့်ပွင့်လင်းလင်း အသိပေးထားတာပဲဥစ္စာ။ ကိုယ်က ညီမလေး နှင်းနှင်းကို တရင်းတနှီး နေတာတော့ မှန်ပါတယ်။ ဒါကလည်း နွယ်နဲ့ ပတ်သက်ပြီး တစ်ချိန်မှာ ကိုယ့်ညီမ တော်ရမှာ မဟုတ်လား။

**ခင်ခင်နွယ်** ။ ။ နွယ်က ကိုမင်းကို ယုံပြီးသားပါ။

**အောင်မင်းအုပ်** ။ ။ ရှေ့လျှောက်လည်း ယုံပါဗျာ။ ကိုယ့်စိုက်ပျိုးရေး နည်းသစ်လမ်းသစ်ကို တောင်သူတွေကြား ပြန့်ပွားဖို့မှာ သူ့အနုပညာအကူအညီကို ယူရမယ့် ကိစ္စရှိဦးမှာလေ။ ကဲ- ပိုပြီးစိတ်အေးရအောင် ကိုယ်တို့ လက်ထပ်ကြမလား။

**ခင်ခင်နွယ်** ။ ။ ဟင်- ဖုတ်ပူမီးတိုက်ကြီးလည်း မလုပ်ချင်ပေါင်။ ဖေဖေတို့ မေမေတို့ကို လုပ်ကျွေးချင်သေးတယ်။ နောက်ပြီး အလုပ်တစ်ခုလုပ်ဖို့ ရှိနေတယ်။

**အောင်မင်းအုပ်** ။ ။ ဘာ အလုပ်လဲ။

**ခင်ခင်နွယ်** ။ ။ ကျေးရွာစာကြည့်တိုက်. . ။ ဖေဖေက ပြန်/ဆက်နဲ့ ညှိနှိုင်းထားတာလေ။ ဒီကိစ္စက နွယ့်အပေါ် တာဝန်ကျနေတယ်။

**အောင်မင်းအုပ်** ။ ။ အင်း--ဟုတ်တာပေ့ါ။ နွယ်လို စာပေဝါသနာကြီးတဲ့သူ ရွာမှာဘယ်ရှိမလဲ။ နောက်ပြီး နွယ်က အချိန်လည်း ပေးနိုင်တယ်လေ။ လုပ်- လုပ်- အောင်မြင်အောင်သာလုပ်။ ကိုယ်ကလည်း လက်တွဲပြီး ကူညီမှာပေ့ါ။

**ခင်ခင်နွယ်** ။ ။ (ဝမ်းသာအားရ) ကိုမင်းကလည်း ကူညီရမယ်နော်၊ ဟုတ်လား။ (အောင်မင်းအုပ်က ခေါင်းညိတ်ပြစေ။) နှစ်ယောက်သား တစ်ဦးနှင့်တစ်ဦး ရွှန်းရွှန်းစားစားကြည့်ပြီး ကြည်နူးနေကြစေ။)

**အောင်မင်းအုပ်** ။ ။ တကယ်တော့ ရွာတွေမှာ စာကြည့်တိုက်တွေ ရှိသင့်တာအမှန်ပဲ နွယ်ရဲ့။ ဗဟုသုတရဖို့ဆိုတာ

စာပေဖတ်ကြမှ. . .။ အခု စပါးစိုက်ပျိုးရေးကိုပဲ ကြည့်။ ကိုယ်တို့ လူမျိုးတွေ မိရိုးဖလာ သမား ရိုးကျနည်းနဲ့ စိုက်ခဲ့ကြတယ်။ တိုးတက်မှုဆိုတာ မပြောပလောက်ဘူး။ ဟော- ကမ္ဘာမှာက မျိုးသစ်တွေ ထုတ်လုပ်၊ ပျိုးထောင်တဲ့စနစ်နဲ့ စိုက်ခင်းပြောင်းစိုက်တဲ့ပုံစံတွေကို သုတေသန လုပ်၊ စက်တွေအသုံးပြုပြီး ထွန်တယ်၊ စိုက်တယ်၊ ရိတ်တယ်၊ ခြွေလှေ့တယ်။ ဒီလို စက်မှုလယ်ယာ နဲ့ တိုးတက်နေတာတွေကို စာမဖတ်တော့ မသိ ခဲ့ကြဘူး။ မသိခဲ့တော့ အခု တကယ်ပြောင်းလဲ ကျင့်သုံးသင့်တဲ့ နည်းလမ်းတွေကို နိုင်ငံတော်က ချပေးတော့ ရုတ်တရက် လက်ခံဖို့ခက်နေတယ်။

**ခင်ခင်နွယ်** ။ ။ ဗဟုသုတမရှိတော့ ချက်ချင်းနားမလည်ဘူး ဖြစ်နေတာပေါ့နော်။ ဒါကြောင့် စာကြည့်တိုက် ရှိမှဖြစ်မှာ ကိုမင်းရဲ့။

**အောင်မင်းအုပ်** ။ ။ ဟုတ်တယ်- ဟုတ်တယ်။ အဲ- စာကြည့်တိုက် တည်ထောင်ပြီးသွားရင်တော့ ကိုယ်တို့ လက်ထပ် ကြမယ်နော်။

**ခင်ခင်နွယ်** ။ ။ (ပြုံးပြုံးလေးလုပ်ပြီး) နွယ်က စာကြည့်တိုက်မှူး လုပ်ရဦးမယ်လေ။

**အောင်မင်းအုပ်** ။ ။ ဟာကွာ. . (ကိုယ့်နဖူးကိုယ်ထုလိုက်စဉ်. . ။)

(ကားပိတ်)

## အခန်း- ၁၆

### ပြကွက် (၁)

**နေရာ** - လက်ဆည်ကန်ရွာ၊ ရွာဦးကျောင်းအနီး။
**အချိန်** - နံနက်ခင်း။
**အပြင်အဆင်** - ဘုန်းကြီးကျောင်းနှင့် အုတ်တံတိုင်းရေးချက် နောက်ခံကားရှိရမည်။

### (ကားဖွင့်)

(ဒေါ်နှင်းရည်ဖြူနှင့် တပည့်ကလေး လေးငါးယောက် လက်ဝဲဘက်မှ ထွက်လာစေ။ လက်ထဲတွင် ဗန်းအလွတ်ကလေးများ ကိုင်လျက်ရှိကြစေ။)

**နှင်းရည်ဖြူ** ။ ။ သားတို့၊ သမီးတို့ အခု မုန့်တွေ သစ်သီးတွေ ဆွမ်းတော်ကြီး ပို့ခဲ့ကြတာ ဘာအတွက်လဲကွဲ့။

**တပည့်များ** ။ ။ ဘုရားပွဲတော်အတွက်ပါ ဆရာမ။

**နှင်းရည်ဖြူ** ။ ။ အဲဒီဘုရားပွဲတော်ရဲ့အကြောင်းကို သိကြသလား။

(တပည့်များ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြစေ။)

**နှင်းရည်ဖြူ** ။ ။ ဒီလိုပါကွယ်။ သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားစရာမလိုပါဘူး။ ဒီအချိန်၊ ဒီရာသီဟာ တောင်သူလယ်သမားတွေ စပါးရိတ်သိမ်းပြီးလို့ အားလပ်သွားတဲ့အချိန် ဖြစ်တယ်။ ရာသီကလည်း အလွန်သာယာတဲ့ တပေါင်းလ။ တပေါင်းသာခေါင် လများနှောင်လို့တောင် ခေါ်ရတဲ့လ ဖြစ်တယ်။ စပါးရောင်းလို့ရထားတဲ့ ငွေနဲ့ အလှူဒါနတွေ ပြုချင်ကြတယ်။ ရှင်တော်မြတ်ဘုရားကို ရည်သန်တဲ့စိတ်၊ ထက်သန်တဲ့ သဒ္ဓါတရားတွေနဲ့ ဘုရားပွဲကျင်းပတဲ့ မလေ့ဖြစ်လာတယ်လို့ ဆိုနိုင်ပါတယ်ကွယ်။ ဒါကြောင့် တပေါင်းပွဲတော်လို့ခေါ်တာ။ ရှေးကတော့ သဲပုံစေတီပွဲလို့လည်း ခေါ်တယ်ကွဲ့။

**တပည့်တစ်ဦး** ။ ။ ဘုန်းကြီးကျောင်းထဲမှာတော့ သဲပုံစေတီမရှိဘူးနော် ဆရာမ။

**နှင်းရည်ဖြူ** ။ ။ ပြော် - သဲပုံစေတီဆိုတာကတော့ ဟိုးရှေးကာလ ဘုရားကျောင်းကန်နဲ့ အလှမ်းဝေးတဲ့ နေရာတွေမှာ ဗုဒ္ဓရှင်တော်မြတ်ဘုရားကို ရည်မှန်းပြီး သဲသောင်လိုနေရာမျိုးမှာ သဲတွေကို စေတီပုံပြုလုပ်ပြီး ပူဇော်ကြတာပါ။ ခုလို စေတီတော်တွေရှိတော့လည်း သဲပုံစေတီလုပ်နေစရာ

မလိုဘဲရှိနေတဲ့ စေတီတော်ကိုပဲ ပူဇော်ပွဲကျင်းပတာပေါ့ကွယ်။

**တပည့်တစ်ဦး** ။ ။ ဆရာမ၊ ကျွန်တော်နေတဲ့ကျွန်းရဲ့ သောင်ခုံပေါ်မှာ သဲပုံစေတီလုပ်လို့ရတာပေါ့ကွယ်။

**နှင်းရည်ဖြူ** ။ ။ ရတာပေါ့ကွဲ့။ သဲသောင်ခုံနဲ့ သဲပုံစေတီဟာ အလွန်တင့်တယ်ပနံရတယ်ကွဲ့။ ရှေးစာဆိုကြီးများရဲ့ စာကဗျာတွေမှာ အလွန်သာယာတဲ့ တပေါင်းလရာသီနဲ့ သဲပုံစေတီကို ယှဉ်တွဲပြီး ရေးဖွဲ့လေ့ရှိတယ်။ ဆရာမ နမူနာ ကဗျာ တစ်ပုဒ်ရွတ်ဆိုပြမယ်။ နားထောင်ကြမလား။

**တပည့်များ** ။ ။ နားထောင်ချင်ပါတယ်ဆရာမ။

**နှင်းရည်ဖြူ** ။ ။ (ကဗျာကို အသံနေအသံထားနှင့် ရွတ်ပြစေ။)

"မြိုင်ခြေငယ်သင်းပါလို့၊ အင်ကြင်းငယ်ရွှေဖီ၊ ဝတ်မှုန်ငယ်စီသည်၊ မြနဒီသောင်တခိုက၊ မောင်မယ်ညို မြူးပြန်တော့တယ်လေး။

ရာသီမိန်ငယ်၊ ဂီမှာန်ရက်ပြောင်း၊ လတပေါင်းမို့၊ ရွက်ဟောင်းကြွေကာ၊ ဥတ္တရာနှင့် ကြယ်မှာဘဒြပိုဒ်၊ လေးချက်ချိန်ကို၊ တိမ်ခြေဆိုက်လို့။ စရိုက်ကယ်ဖွေရှာ၊ ကိုတံငါလည်း၊ ဘာသာတောင်တင်၊ ပျော်မြူးသာရွှင်တော့တယ်၊ သဘင်လခါမို့ကို၊ သဲစေတီ ငွေသောင်ကမ်းက၊ လွမ်းလှတယ်လေး"

**တပည့်များ** ။ ။ ဆရာမဆိုတာ သိပ်ကောင်းတာပဲ။

**နှင်းရည်ဖြူ** ။ ။ သားတို့ သမီးတို့ကိုကြုံတုန်း ပြောပြရဦးမယ်။ လွန်ခဲ့တဲ့ သီတင်းကျွတ်မီးထွန်းပွဲတုန်းက တို့ကျောင်းရှေ့မှာ ဘာကြည့်ခဲ့ရလဲ။

**တပည့်များ** ။ ။ ပြဇာတ်ကြည့်ခဲ့ရပါတယ် ဆရာမ။

**နှင်းရည်ဖြူ** ။ ။ ရှေ့နှစ်ကျရင် သီတင်းကျွတ်မီးထွန်းပွဲမှာ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပမယ်ကွဲ့။

**တပည့်များ** ။ ။ ဘယ်သူတွေရွတ်မှာလဲ ဆရာမ။

**နှင်းရည်ဖြူ** ။ ။ မင်းတို့ ရွတ်ရမှာပေါ့ကွဲ့။

**တပည့်များ** ။ ။ ဟာ- ကောင်းလိုက်တာ။ ဆရာမသင်ပေးမှာလား။

**နှင်းရည်ဖြူ** ။ ။ သင်ပေးမှာပေါ့။ ကျောင်းက ဆရာ ဆရာမတွေကလည်း သင်ပေးမှာပေါ့ကွဲ့။

**တပည့်များ** ။ ။ ဟာ- ပျော်စရာကြီးဟေ့. . .။

(ထိုစဉ် အဝေးဆီမှ သာယာသောပလွေသံ လွင့်ပျံ့လာစေ။ ခွန်းထောက်သဖြန်သံစဉ်မျိုး ဖြစ်၍ ဒေါ်နှင်းရည်ဖြူက နားစွင့်ရင်း လိုက်ဆိုကြည့်စေ။)

"ချိုးနှစ်ကောင်၊ ထနောင်းပင်ညီနောင်က လွမ်းအောင်ကူချွဲ။ ပန်းတော်ဖြူ ပင်မြက်နေဇာ ထူလှတယ်၊ ဖိုးတောင်သူတဲ့။"

**နှင်းရည်ဖြူ** ။ ။ ပလွေသံလေး သာယာလိုက်တာကွယ်။ ဘယ်သူမှုတ်နေတာလဲ မသိဘူးနော်။

**တပည့်တစ်ဦး** ။ ။ အဲဒါ တောသုံးကောင်ပေါ့ ဆရာမ။

**နှင်းရည်ဖြူ** ။ ။ ဟင်- တောသုံးကောင်က ပလွေမှုတ်တတ်တယ်လား။

**တစ်ယောက်** ။ ။ သူတို့က အိုးစည်ဒိုးပတ်လည်း တီးတတ်တယ် ဆရာမရဲ့။ ထန်းရည်မူးလို့ လူတွေက အဖက်မလုပ်တာတဲ့။

**နှင်းရည်ဖြူ** ။ ။ သူတို့ အခုပလွေမှုတ်နေတဲ့နေရာကို ဘယ်သူသိလဲကွဲ့။

**တစ်ယောက်** ။ ။ ကျွန်တော်သိပါတယ် ဆရာမ။ ဟိုကွင်းစပ်မှာပါ။ (လက်ညှိုးထိုးပြ)

**နှင်းရည်ဖြူ** ။ ။ အဲဒီဘက်ကလှည့်သွားကြရအောင်. . .။

**တပည့်များ** ။ ။ ဟုတ်ကဲ့ဆရာမ။

(နှင်းရည်ဖြူနှင့် တပည့်များ ဇာတ်စင်လက်ယာဘက်သို့ ဝင်ကြစေ။)

(ဘုန်းကြီးကျောင်းနှင့် အုတ်တံတိုင်းရေးချက်ကားကို လိပ်တင်လိုက်ရမည်။)

* * * * *

## ပြကွက် (၂)

**နေရာ** - ရိုးပြတ်လယ်ကွင်း

**အချိန်** - ပြကွက် (၁) အတိုင်း

**အပြင်အဆင်** - ရိုးပြတ်လယ်ကွင်း ရေးချက်နောက်ခံကား ရှိရမည်။

- ရှေ့နားတွင် ကုန်းကမူနှင့် သစ်ပင်ဖောက်ကား ရှိရမည်။

(ဘုန်းကြီးကျောင်းနှင့် အုတ်တံတိုင်း ရေးချက်ကားကို လိပ်တင်လိုက်သည်နှင့် ရိုးပြတ်လယ်ကွင်း ရေးချက်နောက်ခံကားနှင့် ကုန်းကမူ သစ်ပင်ဖောက်ကားတို့ ပေါ်လာအောင် စီစဉ်ထား)

(သစ်ပင်ကိုမှီ၍ ငတော်က ပလွေမှုတ်နေစေ။ ငတောနှင့် ငတီးက ကုန်းကမူကို ခေါင်းအုံး၍ လှဲနေကြစေ။)

**ငတော** ။ ။ ဟေ့ကောင်. . . ငတော်၊ မင်းမှုတ်နေတဲ့ ချိုးနှစ်ကောင် ခွန်းထောက်က ပျင်းစရာကြီး။ ဗျာပါသံ သီချင်းမှုတ်ကွာ။ ငတီးက ဒိုးပတ်တီး။ ငါက ကမယ်။

**ငတီး** ။ ။ ဘယ်မှာ ဒိုးပတ်ရှိလို့လဲကွ။

**ငတော** ။ ။ ပတ်ခြောက်. . . ပတ်ခြောက်. . . ။

**ငတော်** ။ ။ ဒါဆို ငါကလည်း နှဲပတ်ခြောက်ပေါ့ကွ။ (ပလွေကိုချပြီး နှဲမှုတ်ဟန်ဖြင့် "တော်တော် တီးတီး" အသံပြုလုပ်စေ။)

(ငတီးက ဒိုးပတ်တီးဟန်ဖြင့် "ပတ်ဗေတိုးဗို" အသံပြုလုပ်စေ။)

**ငတော** ။ ။ (ဒိုးပတ်သံဆို) ဗျာပါဆံရယ်က တစ်ဖက်တစ်ဆုပ်၊ အလို- မုတ်ပတီးက တစ်သွယ်နှစ်သွယ်၊ တို့မလေး ရွှေခြေကျင်းက ဝါဝင်းလှတယ်. . . ။

(ကွေးနေအောင် ကစေ။)

(သီချင်းဆုံးလျှင်)

ငတီး ။ ။ ဟေ့ကောင် ငတော၊ မောတယ်ကွ။ ကိုကြီးပေါင်းတဲကို သွားကြစို့။

ငတော် ။ ။ ဟုတ်တယ်၊ ငါလည်း မှုတ်ရတာ မောနေပြီ။ ကိုကြီးပေါင်းတဲမှာ ထိုနည်းလည်းကောင်းကြစို့။

ငတော ။ ။ ထိုနည်းလည်းကောင်းက ဒီအချိန် ဘယ်ရဦးမလဲကွ။ ဟေ့- ဒါဆို တို့ အမြည်းရှာရင်း အချိန်ဖြုန်းကြမလား။

ငတီး ။ ။ ဘယ်မှာရှာမလဲ။

ငတော ။ ။ လွယ်ပါတယ်ကွာ။ မင်းတို့နှစ်ယောက်က ဟောဒီ သစ်ပင်ဘေးမှာ ရပ်စောင့်နေ။ ငါက (နောက်ခံကားဘက်သို့ လက်ညှိုးထိုးပြီး) ဟိုးကနေသွားပြီး လယ်မီးရှို့မယ်။ မြွေတွေ ထွက်လာမယ်။ လိပ်ကလေးတွေ ထွက်လာမယ်။

ငတော် ။ ။ ဟေ့ကောင်- ဖြစ်ပါ့မလားကွ။

ငတော ။ ။ ဘာလဲ၊ ကြောက်လို့လား။ မြွေသား၊ လိပ်သား သိပ်ကောင်းတာကွ။

ငတီး ။ ။ ဒီလယ်ကွက်က ရွာနဲ့နီးတော့ ရွာကိုမီးကူးရင် ဘယ့်နှယ်လုပ်မလဲကွ။ ရေလည်းမရှိ၊ ရေပုံးလည်း မရှိနဲ့. . .။

ငတော ။ ။ ဟာ- မီးဆိုတာ မီးနဲ့သတ်ရတယ်ကွ။ ကွင်းမီးရှို့ရင် ရေနဲ့သတ်တာ မင်းမြင်ဖူးသလား။ မကြောက်နဲ့ ငါရှိတယ်။ အဲ-မြွေထွက်လာရင်တော့ မပြေးနဲ့။ သစ်ပင်အကွယ်ကနေ တုတ်နဲ့သာသိမ်းရိုက်။

**ငတော်** ။ ။ ဟော့ကောင်- ဒီတစ်ခါ မီးလောင်ရင် ဥက္ကဋ္ဌကြီးက ထောင်ထဲပို့မှာနော်. . .။

(နှင်းရည်ဖြူနှင့် ကျောင်းသား ကျောင်းသူလေးများ ဇာတ်စင် လက်ယာဘက်မှ ထွက်လာကြစေ။ တောသုံးကောင် အံ့အားသင့်နေကြစေ။)

**တောသုံးကောင်** ။ ။ ဟာ- ဆရာမလေး. . .။

**နှင်းရည်ဖြူ** ။ ။ ဥက္ကဋ္ဌကြီးက ထောင်ထဲမပို့စေချင်ရင် ကျွန်မတို့နဲ့ လိုက်ခဲ့ပါရှင်။

(တောသုံးကောင် တစ်ယောက်နှင့်တစ်ယောက် ကြည့်နေကြစေ။)

**နှင်းရည်ဖြူ** ။ ။ ဘာလဲ- မလိုက်ချင်ဘူးလား။ မလိုက်ရင် ဘဘထင်ကို အခုကိစ္စ သွားတိုင်လိုက်ရုံပဲ။

**တောသုံးကောင်** ။ ။ လိုက်ပါ့မယ်၊ လိုက်ပါ့မယ်ခင်ဗျ။

**ငတော** ။ ။ ကျွန်တော်တို့ ဘာလုပ်ရမှာလဲ ဆရာမလေး. .။

**နှင်းရည်ဖြူ** ။ ။ နှဲမှုတ်ရမယ်။ ဒိုးပတ်တီးရမယ်။ သီချင်းတွေ တိုက်ရမယ်--။

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၁၇

**နေရာ** - ဦးထင်၏ နေအိမ်ဧည့်ခန်း။
**အချိန်** - ညနေပိုင်း။
**အပြင်အဆင်** - အခန်း-၁၊ ပြကွက် (၂) အတိုင်း။

**(ကားဖွင့်)**

(ဦးထင် စာအုပ်တစ်အုပ်ဖတ်နေစေ။ အတွင်းဘက်မှ စက်ချုပ်သံကြားနေရစေ။ တစ်အောင့်လောက်ကြာလျှင် နှင်းရည်ဖြူ လက်ဝဲဘက်မှ ထွက်လာစေ။ ကျောင်းဝတ်စုံနှင့်။ လက်ထဲတွင် စာအုပ်များ ပွေ့ပိုက်လျက်ရှိ။)

**ဦးထင်** ။ ။ (လှမ်းကြည့်ပြီး) သမီး- ကျောင်းဆင်းပြီလား။

**နှင်းရည်ဖြူ** ။ ။ ဟုတ်ကဲ့- ဘဘထင်။ (စာအုပ်များကို စားပွဲပေါ် တင်လိုက်ပြီး) ဒီနေ့ ဖေဖေ့ဆီကစာ စာတိုက်ကနေရောက်လာပါတယ်။ ဘဘတို့ကိုလည်း အသိပေးချင်ပါတယ်။ (စာအိတ်ကိုင်လျက်ရှိ။)

(စက်ချုပ်သံရပ်သွားပြီး ခင်ခင်နွယ်ထွက်လာစေ။)

**ဦးထင်** ။ ။ (အံ့ဩဟန်နှင့်) အရေးကြီးလို့လားကွဲ့။

**နှင်းရည်မြ** ။ ။ သမီးတို့ မိသားစုကိစ္စပါ။ ကြီးကြီးစိန်ကို သွားခေါ်လိုက်ဦးမယ်နော်။
(လက်ယာဘက်သို့ ဝင်သွား၊ ခဏအကြာ ဒေါ်စိန်နှင့်အတူ ပြန်ထွက်လာစေ။)

**ဒေါ်စိန်** ။ ။ အရေးကြီးလို့လား သမီး။

**နှင်းရည်မြ** ။ ။ ဖေဖေရေးလိုက်တဲ့စာကို သမီးဖတ်ပြပါ့မယ်။
(စာအိတ်ထဲမှစာကို ထုတ်ယူလိုက်ပြီးဖတ်ပြစေ။)
မြန်အောင်မြို့၊ နေ့စွဲ ၂၀၀၉ ဒီဇင်ဘာလ ၅ ရက်

**သမီး -**

နေကောင်းတယ်မဟုတ်လား။ ဖေဖေလည်း နေကောင်းပါတယ်။ အိမ်မှာ အပြောင်းအလဲ ရှိလို့ ဒီစာကို ရေးလိုက်တာ။ နန့်ခမ်းစင်လာရဲ့ ဖခင်နာတာရှည်ရောဂါသည် ကွယ်လွန်သွားလို့ စင်လာလေး လွန်ခဲ့တဲ့လဆန်းပိုင်းက ရှမ်းကို ပြန်သွားတယ်။ အခုဖေဖေ့ဆီ စင်လာကဖုန်းနဲ့ ပြောတယ်ကွဲ့။ သူ့အမေနဲ့ မောင်ငယ်လေးပဲ ရှိတာမို့ သူပြန်မလာနိုင်တော့ဘူးတဲ့။ သူ တာလေ မှာပဲနေရတော့မယ်။ ကျောင်းဆရာအလုပ် လျှောက်မယ်တဲ့။

ဒါကြောင့် ဖေဖေတော့ လက်မောင်းတစ်ဖက် ပြုတ်သလိုဖြစ်သွားတယ်။ ဒါပေမဲ့ ခွန်စော မောင်လေးကို သမီးသိတယ်မဟုတ်လား။

သူလေးက ဖေဖေ့ကို ကူညီပေးနေတယ်။ ဒါကြောင့် ဖေဖေတို့လုပ်ငန်းရပ်မသွားပါဘူး။ ဒေါ်မိုးကြီးကလည်း ထမင်းချက်အလုပ်အပြင် ကလေးတွေကို ဝိုင်းထိန်းပေးနေပါတယ်။ သမီး မပူပါနဲ့။ ဒါပေမဲ့ နောက်ဆိုရင် လူသစ်တော့ လက်မခံတော့ဘူးလေ။ လုပ်ငန်းကို လျှော့ရတော့မယ်။ သမီးလစာထဲက ဖေဖေ့ဆီပို့ပေးနေတဲ့ ငွေလည်းရှိတော့ ဖေဖေ့အတွက် မပူရပါဘူး။ ရှမ်းက မိတ်ဆွေတွေကိုသာ လူသစ်လက်မခံတဲ့ ကိစ္စ နားလည်အောင်ရှင်းပြရမှာပေါ့။

ကဲ- ဖေဖေ့ဆီက အခြေအနေကို သမီး သိအောင်သာ ရေးလိုက်တာ။ သမီးဘာမှ မပူနဲ့နော်။ ကျန်းမာရေး ဂရုစိုက်။ ဦးထင်၊ ဒေါ်စိန်နဲ့ ခင်ခင်နွယ်တို့ကိုလည်း သတိရကြောင်း ပြောပြပါ။

ဖေဖေ

**ဦးညိုမောင်**

(စာဆုံးသွားသောအခါ၊ အားလုံး စိတ်မကောင်းသော မျက်နှာများဖြင့် ရှိနေကြစေ။)

နှင်းရည်ဖြူ ။ ။ အင်း--ဘဘတို့ သိရအောင်သာပါ။ စိတ်မပူကြပါနဲ့။ ဖေဖေက အလုပ်ကို နိုင်အောင်လုပ်ပါတယ်။ တစ်ခုတော့ စဉ်းစားပါတယ်။ သမီးက ခုဆို လုပ်သက် သုံးနှစ်လောက် ရှိလာပြီဖြစ်လို့ ဖေဖေ့နားနီးအောင် ပြောင်းရွှေ့ခွင့် လျှောက်ထားရကောင်းမလားလို့. . .။

**ခင်ခင်နွယ်** ။ ။ ဟင်- ညီမလေးရယ်၊ မပြောင်းပါနဲ့ကွယ်။ ဒီရွာ ဒီကျောင်းမှာ ညီမလေး မရှိလို့မဖြစ်ဘူး။

**ဦးထင်** ။ ။ ဦးညိုမောင်ကို ဒီမှာခေါ်ထားရင်ကော မဖြစ်ဘူးလားကွဲ့။

**နှင်းရည်ဖြူ** ။ ။ ဟိုက ကျောင်းသားလေးတွေ အလုပ်က ချက်ချင်း ဖြတ်လို့မရဘူး ဘဘရဲ့။
(ခေတ္တမျှတိတ်ဆိတ်သွားစေ။)

**နှင်းရည်ဖြူ** ။ ။ သမီးက နန့်ခမ်းစင်လာလေးကို ပူနေတာပါ။ ဖေဖေ့ ဆီမှာတုန်းက သူရတဲ့ထောက်ပံ့ကြေးနဲ့ သူတို့မိသားစု ရပ်တည်နေနိုင်တယ်။ ခုတော့ စင်လာလေး အလုပ်ချက်ချင်း မရရင်ခက်မယ်။ သူ့မောင်လေးကလည်း ငယ်သေးတယ်။

**ခင်ခင်နွယ်** ။ ။ သူ့ဆီကို စာလှမ်းရေးပြီး အခြေအနေ မေးကြည့်ပါလား ညီမလေး။

**နှင်းရည်ဖြူ** ။ ။ ဟုတ်ကဲ့။ မေးမယ်။ ဒီနွေကျောင်းပိတ်ရက်ကျရင်တော့ ဖေဖေ့ဆီ ခဏပြန်ပါရစေနော် ဘဘထင်။

**ဦးထင်** ။ ။ ပြန်ပါကွယ်၊ ပြန်ပါ။

**ခင်ခင်နွယ်** ။ ။ အင်း-ညီမလေး နှင်းနှင်းလည်း ဒီနှစ်ထဲ သီတင်းကျွတ်ပွဲတော်မှာ ကဗျာရွတ်ပွဲ၊ တန်ဆောင်တိုင်ကျတော့ လူငယ်ပြဇာတ်တွေနဲ့ လုံးထွေးခဲ့ရတာ။ ခု- နားမယ်မှမကြုံရသေးဘူး၊ စိတ်ပင်ပန်းစရာက ဖြစ်လာတယ်။

**ဦးထင်** ။ ။ ကဲကဲ-သမီး စိတ်ပင်ပန်းရှောမယ်။ နားတော့။

(ထိုစဉ်၊ ကျောင်းသူ ကျောင်းသားလေးများ ၁၀ ယောက်ခန့် လက်ဝဲဘက်မှ ပြုံးပြုံးရွှင်ရွှင်နှင့် ဝင်လာစေ။ ကျောင်းသားကြီးတစ်ယောက်က ကီးဘုတ်တစ်လုံးထမ်းလာ။)

**နှင်းရည်ဖြူ** ။ ။ ဟင်-ကလေးတို့ လိုက်လာတယ်။

**ကလေးများ** ။ ။ ဆရာမပဲ သောကြာနေ့ညနေ သီချင်းတိုက်ရမယ်ဆို။

**နှင်းရည်ဖြူ** ။ ။ ဩော်-ဟုတ်သားပဲ။ ကျောင်းနှစ်ပတ်လည်နေ့ကျရင် "မြန်မာ့ကျောင်း" သီချင်းဆိုရမှာ။ ဟုတ်ပြီ၊ ဟုတ်ပြီ။ ကဲ- ကီးဘုတ်ကို စားပွဲပေါ်တင်၊ ခဏထိုင်ကြဦး။ ဆရာမ အဝတ်သွားလဲလိုက်ဦးမယ်။

(လက်ယာဘက်သို့ ဝင်သွား။)

(ကလေးများ စားပွဲအနီးကြမ်းပေါ်တွင် ထိုင်နေကြစေ။ ခဏအကြာ နှင်းရည်ဖြူပြန်ထွက်လာပြီး ကီးဘုတ်တီးရန်ပြင်ဆင်စေ။)

**နှင်းရည်ဖြူ** ။ ။ ကဲ- ထပြီး ဒီမှာဝိုင်းကြ။

(ကလေးများစားပွဲတွင် ဝိုင်းထိုင်နေရာယူကြစေ။ နှင်းရည်ဖြူ ကီးဘုတ်တီးလျက် ကလေးများ၏ ဝိုင်းဆိုသံများ ထွက်ပေါ်လာစေ။)

(မြန်မာ့ကျောင်းသား နိုင်ငံတော်အတွင်း ထင်လင်းရှိရမည်၊ စည်းကမ်းသေဝပ်ခြင်း အရင်းပြုသည်၊ ဝီရိယလည်းရှိရမည်၊ ကိုယ်ကျင့်တရားကောင်းမွန်ပေသည်။)၂

အများရှုစရာ သနားကရုဏာ၊ တရားမှုမှာပိုပါသည်။ ယဉ်ယဉ်ကျေးကျေး လွန်သိမ်မွေ့ပါမည်။ (ပညာတိုးတက်စေမည်၊ နိုင်ငံတန်ခိုးထက်စေမည်၊ ဒို့အမျိုးဇာနည် ပီပါပေသည်)၂ မြန်မာကျောင်းက ပညာရေး ကျန်းမာရေးညီ × × × (ဦးထင်၊ ဒေါ်စိန်၊ ခင်ခင်နွယ်တို့ နှင်းရည်ဖြူအား ကရုဏာသက်သည့် မျက်လုံးများဖြင့် ကြည့်နေကြပြီး ဦးထင်က ခေါင်းတညိတ်ညိတ်နှင့် ရှိနေစဉ်. . . )

(ကားပိတ်)

❖ ❖ ❖

**အခန်း- ၁၈**

| | |
|---|---|
| **နေရာ** | - ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး။ |
| **အချိန်** | - နေ့ပိုင်း။ |
| **အပြင်အဆင်** | - ပျဉ်ထောင်အဆောက်အအုံ အတွင်းပိုင်း ရေးချက်နောက်ခံကား ရှိရမည်။ |
| | - နံရံတွင် ရုံးတစ်ခု၏အပြင်အဆင် ရေးသားချက်များ ရှိရမည်။ |
| | - ရှေ့တွင် စားပွဲနှစ်လုံးကို ဆက်ထားသော စားပွဲရှည်နှင့် ကုလားထိုင်များ သင့်သလိုရှိရမည်။ |

**(ကားဖွင့်)**

(မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးတင်မြင့်၊ ရယကဥက္ကဋ္ဌ ဦးထင်နှင့် ရယကအဖွဲ့ဝင်များ၊ ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြင်အေး၊ ဆရာအောင်၊ ဆရာမနှင်းရည်ဖြူ၊ ခင်ခင်နွယ်၊ ကိုတင်အေးနှင့်

လူငယ်သုံးလေးယောက် စားပွဲရှည်တွင်ဝိုင်း၍ ထိုင်လျက်ရှိကြစဉ်၊ ကိုအောင်မင်းအုပ်နှင့် စိုင်းသိုက်ထွန်းတို့ ခပ်ပြုံးပြုံး မျက်နှာများဖြင့် ရောက်လာကြစေ။)

**အောင်မင်းအုပ်** ။ ။ ပြန်/ဆက် ဦးစီးမှူးကြီး ရောက်နေတယ်၊ စာကြည့်တိုက် ဖွင့်ဖို့ကိစ္စ ဆွေးနွေးညှိနှိုင်းမယ်ဆိုတဲ့ သတင်းကြားတာနဲ့ ကျွန်တော်တို့နှစ်ယောက် အပြေးလာခဲ့ကြတာပါ။ ကျွန်တော်တို့ကို မဖိတ်ပေမယ့် စာကြည့်တိုက်ကိစ္စ စိတ်ဝင်စားလို့ ဒီဆွေးနွေးပွဲမှာ တက်ခွင့်ပြုပါခင်ဗျာ။

**ဦးတင်မြင့်** ။ ။ ဟာ- ဌာနအနေနဲ့ မပတ်သက်လို့ ဖိတ်မခိုင်းတာပါဗျာ။ ခုလို စိတ်ဝင်စားလို့ တက်ပေးတာကိုပဲ ဝမ်းသာရမှာပါ။

**ဦးထင်** ။ ။ ထိုင်ကြပါ၊ ထိုင်ကြပါ။ လူစိမ်းတွေမှ မဟုတ်ဘဲ။ (အောင်မင်းအုပ်နှင့် စိုင်းသိုက်ထွန်းတို့ ကုလားထိုင်များတွင်ဝင်ထိုင်ကြစေ။)

**ဦးတင်မြင့်** ။ ။ (ထ၍ပြော) ကျွန်တော်ကပဲစပြီး ဆွေးနွေးပါမယ် ခင်ဗျာ။ ဒီရွာကြီးမှာ စာကြည့်တိုက်တစ်ခု ပီပီပြင်ပြင် ရှိသင့်တဲ့အတွက် ဥက္ကဋ္ဌကြီးဦးထင်နဲ့ ကျွန်တော်တို့ ညှိနှိုင်းခဲ့ကြတာ အတော်ကြာပါပြီ။ စာကြည့်တိုက်တစ်ခု တည်ထောင်မယ်ဆိုရင် အားလုံးသိကြတဲ့အတိုင်း ဘီငါးလုံးလို့ ခေါ်တဲ့ BUILDING အဆောက်အအုံ၊ BOOKS စာအုပ်၊ BORROWER စာအုပ်ငှားဖတ်သူ၊ BUDGET

ငွေကြေး ရန်ပုံငွေ၊ BRAIN အသိစိတ်ဓာတ်တို့ ပြည့်စုံရပါမယ်။ အဲဒီအချက်တွေ မပြည့်စုံရင် အမည်ခံစာကြည့်တိုက်သာ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ဒီအုပ်စုမှာ ခိုင်မာတဲ့စာကြည့်တိုက် ဖြစ်လို့ အဘက်ဘက်ကပြည့်စုံအောင် အချိန်ယူပြီး စီစဉ်ခဲ့ခြင်းဖြစ်ပါတယ်။ ခုတော့ ပြည့်စုံသလောက်ဖြစ်ပြီလို့ ဥက္ကဋ္ဌကြီးကပြောတဲ့အတွက် စာကြည့်တိုက်ဖွင့်ဖို့ အခုလို အပြီးသတ်ညှိနှိုင်း အစည်းအဝေး ပြုလုပ်ခြင်းဖြစ်ပါတယ်။ စီစဉ်ထားတဲ့အခြေအနေကို ဥက္ကဋ္ဌကြီး ဦးထင်က ရှင်းပြပါလိမ့်မယ်ခင်ဗျာ။ (ပြန်ထိုင်)

**ဦးထင်** ။ ။ (ထပြော) ခုနပြောတဲ့အချက်တွေ ပြည့်စုံအောင် ကျွန်တော်တို့ ရယကနဲ့ လူငယ်တွေ တရွေ့ရွေ့ကြိုးပမ်းခဲ့လို့ ငွေကြေးလည်း အတော်လေး စုဆောင်းမိပါပြီ။ အဲဒီငွေထဲက စာအုပ်ဗီရိုနှစ်လုံးဝယ်ခဲ့ပါတယ်။ စာအုပ်အတော်များများကိုတော့ ပြန်/ဆက် ဦးစီးက စီစဉ်ပေးပါတယ်။ ရွာလယ်မှာရုံကို လုံခြုံအောင်ပျဉ်ကာလိုက်ပြီး သပ်သပ်ရပ်ရပ် ပြင်ဆင်နေတာ ပြီးပါတော့မယ်။ အဲဒါပြီးသွားရင် စာကြည့်တိုက်ဖွင့်နိုင်ပါပြီ။ စာကြည့်တိုက်ဖွင့်ပွဲအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြပါ။ ထိုင်ရင်းပဲ ဆွေးနွေးကြတာပေါ့။ (ပြန်ထိုင်)

**ဆရာမကြီး ဒေါ်ကြင်အေး** ။ ။ စာကြည့်တိုက်တစ်ခု ပေါ်ထွန်းလာရင် ကျောင်းသူ ကျောင်းသားလေးတွေအတွက် အများကြီး အကျိုးရှိမှာပါ။ ကျွန်မတို့ကျောင်းမှာ စုဆောင်းထားတဲ့ စာအုပ်တွေကိုလည်း အားဖြည့်ပေးပါတယ်။ စာကြည့်တိုက်ဖွင့်ပြီးရင် ကျောင်းသူကျောင်းသားတွေဖတ်နိုင်အောင် ကျောင်းပိတ်ရက်တွေမှာ စာကြည့်တိုက်ကို ဖွင့်ထားပေးစေချင်ပါတယ်။

**ခင်ခင်နွယ်** ။ ။ ကျွန်မက စာကြည့်တိုက်မှူး တာဝန်ယူမှာဆိုတော့ ဆရာမကြီး အကြံပြုတဲ့အတိုင်းလုပ်ပါမယ်ရှင်။ အခု တက်ရောက်လာကြတဲ့သူများကို ကျွန်မ အကူအညီတောင်းချင်တာရှိပါတယ်။ ဒီစာကြည့်တိုက်ကို ဖွင့်ရာမှာ အခု ရယက က ရှာဖွေပေးထားတဲ့ ရန်ပုံငွေများကို ခြိုးခြိုးခြံခြံ သုံးစွဲရမှာပါ။ ကျွန်မအနေနဲ့ စာကြည့်တိုက်မှူး တာဝန်ယူပေးတယ် ဆိုတာကလည်း စေတနာ့ဝန်ထမ်း ဖြစ်ပါတယ်။ ရှိထားတဲ့ငွေနဲ့ ပုံမှန်ဝယ်သင့်တဲ့ မဂ္ဂဇင်း၊ စာစောင်လောက်ပဲ ဝယ်ရပါမယ်။ သတင်းစာပုံမှန်ဝယ်မယ်။ ကျွန်မအကူအညီ တောင်းချင်တာက ဖတ်ပြီးသား ဂျာနယ်တွေကို အလှူခံပေးကြဖို့ပါ။

**အောင်မင်းအုပ်** ။ ။ အဲဒါကို ကျွန်တော်လည်း လှူမယ်။ မြို့ကနေလည်း ဂျာနယ်တွေ အလှူခံရသလောက် ယူယူလာပါ့မယ်။

**စိုင်းသိုက်ထွန်း** ။ ။ ကျွန်တော်တို့ ဆည်ဝန်ထမ်းတွေဆီကလည်း ကျွန်တော် ပုံမှန်စုဆောင်းပေးပါ့မယ်။

**ဦးထင်** ။ ။ အဲဒီလိုပေါ့လေ. . .၊ ကျေးရွာအုပ်စုထဲလှည့်ပြီး အလှူခံလိုက်ရင် စာအုပ်စာစောင်အဟောင်းတွေ ထွက်လာနိုင်ပါတယ်။ အဲဒါကို ကိုတင်အေးတို့လူငယ်ပိုင်းက ကျေးရွာတွေကို လှည့်ပေးပါလား။

**ကိုတင်အေး** ။ ။ ကျွန်တော်တို့ လုပ်ပါ့မယ်ခင်ဗျာ။ ဘာသာရေးစာအုပ်တွေတော့ များများရမှာပေါ့။

**ပြန်/ဆက် ဦးတင်မြင့်** ။ ။ ဘာစာအုပ်ဖြစ်ဖြစ်ပေါ့။ အကျိုးရှိတာချည်းပါပဲ။ အဲဒီလိုစာအုပ်လှည့်လည် အလှူခံရင်း ဒီစာကြည့်တိုက်ကြီး ဖွင့်ထားပြီဆိုတာ ရွာသူရွာသားတွေ သိသွားမယ်။ သိအောင်လည်း ပြောပြခဲ့ကြမယ်ဆိုရင် တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့။

**ဆရာမကြီး ဒေါ်ကြင်အေး** ။ ။ ကျွန်မကလည်း ကျောင်းသူ ကျောင်းသားလေးများကတစ်ဆင့် မှာကြားပေးပါမယ်။

**ဆရာအောင်** ။ ။ ရွာသူရွာသားအားလုံး စာကြည့်တိုက်ကိုသိဖို့လိုပါတယ်။ ဒါမှလည်း စာဖတ်သူတွေ တိုးပွားလာမှာပါ။ ရှင်မဟာရဋ္ဌသာရရဲ့ "မှတ်ဖွယ်ရာရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကား၊ ဖတ်ဖန်များက၊ သားမယားပင်၊ မိုက်မှားခဲ့စွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ၊ ရှိသည်သာတည်" ဆိုတဲ့

စာပိုဒ်ဟာ အလွန်မှတ်သားဖွယ်ပါ။ စာကြည့်တိုက်တွေဖွင့်ဖို့ကို ရှေးကတည်းက လမ်းပြခဲ့တယ်လို့ ဆိုရပါမယ်။

**ဦးထင်** ။ ။ ကောင်းလိုက်တာ။ အဲဒီစာပိုဒ်ကို စာလုံးကြီးကြီးနဲ့ စာကြည့်တိုက်မှာ ချိတ်ထားရမယ်ကွဲ့။

**ခင်ခင်နွယ်** ။ ။ တခြားဆောင်ပုဒ်တွေလည်း ချိတ်ဖို့စီစဉ်ထားပါတယ်။ "စာအုပ်စာပေ လူ့မိတ်ဆွေ"၊ "ပညာပြည့်ဝနှလုံးလှ" စတာတွေပေါ့။

**နှင်းရည်ဖြူ** ။ ။ ဝန်ကြီးပဒေသရာဇာရဲ့ "စာပေဝတ္ထု၊ ရတုကဗျာ၊ ပျို့လင်္ကာနှင့်၊ သာသည်သီချင်း၊ အဲစောင်းငြင်းကို ၊ မကင်းမပြတ်၊ ရွတ်ဖတ်လေ့ကျက်၊ တီးမှုတ်လျက်သာ၊ နေကောင်းစွာ" ဆိုတဲ့ စာပိုဒ်လည်း ချိတ်ထားသင့်ပါတယ်။

**ဆရာအောင်** ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။

**ပြန်/ဆက်**
**ဦးတင်မြင့်** ။ ။ ကဲ- စာကြည့်တိုက်ဖြစ်ဖို့ အခြေအနေ အတော်လေးပြည့်စုံပါပြီ။ ဘယ်တော့လောက် ဖွင့်နိုင်မလဲ။

**အောင်မင်းအုပ်** ။ ။ (ထပြော) ဒီနေရာမှာ ကျွန်တော်အလေးအနက်ဆွေးနွေးစရာရှိပါတယ် ခင်ဗျာ။ ဥက္ကဋ္ဌကြီးသိတဲ့အတိုင်း ကျွန်တော်တို့ စိုက်ပျိုးရေးဌာနအနေနဲ့ ခုအစိုးရသစ်လက်ထက်မှာ သိပ္ပံနည်းကျ စိုက်ပျိုးရေးကို တောင်သူလယ်သမားတွေကြားမှာ ပြန့်ပွားဖို့ နည်းမျိုးစုံနဲ့ ကြိုးပမ်းနေတဲ့အချိန်ပါ။ တကယ့်ကို အကျိုးရှိတဲ့နည်းလမ်းတွေဖြစ်

ပါတယ်။ ဒါပေမဲ့ သမားရိုးကျမိရိုးဖလာနည်းတွေကို ပြောင်းလဲပြီး ပျိုးပေါင်နည်းနဲ့ စိုက်ပျိုးရမယ့်အချက်တွေလည်းရှိနေတော့ တောင်သူလယ်သမားတွေကို သဘောပေါက်အောင်လုပ်ဖို့ အများကြီးလိုအပ်နေပါတယ်။ အဲဒါကို ကျွန်တော်တို့ အနေနဲ့ကြိုးပမ်းနေပါတယ်။ အနုပညာနည်းလမ်းတွေနဲ့လည်း လှုံ့ဆော်နိုင်အောင် ဆရာမလေး ဒေါ်နှင်းရည်ဖြူနဲ့ တိုင်ပင်ထားပါတယ်။ အခု ဒီမှာ ညှိနှိုင်းချင်တာကတော့ စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပတာနဲ့ သိပ္ပံနည်းကျအုပ်စုပြတ် ပျိုးထောင်ပွဲကို ပေါင်းစပ်လိုက်ရင် အမှတ်တရဖြစ်ပြီး တောင်သူလယ်သမားတွေရဲ့ ရင်ထဲမှာ သိပ္ပံနည်းကျစိုက်ပျိုးရေးကို တစ်သက်လုံး မမေ့နိုင်အောင် ဖြစ်သွားမယ်လို့ ကျွန်တော် တွေးမိပါတယ်။ (ပြန်ထိုင်)

**ကိုတင်အေး** ။ ။ အဲဒီအစီအစဉ် အရမ်းကောင်းပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားများဟာ ပွဲလမ်းသဘင်နဲ့ဆိုရင် ပိုပြီး စိတ်ပါလက်ပါရှိတတ်ပါတယ်။ သိပ္ပံနည်းရဲ့ လက်တွေ့အကျိုးကျေးဇူးကို ပွဲလမ်းသဘင်နဲ့ ပေါင်းစပ်လိုက်ရင် ပိုပြီးထိရောက်ပါတယ်ခင်ဗျ။

**ခင်ခင်နွယ်** ။ ။ အဲဒီလိုသာလုပ်လိုက်ရင် ကျွန်မတို့တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားမှာပဲ။

**စိုင်းသိုက်ထွန်း** ။ ။ ကျွန်တော်တို့ဆည်ကလည်း လိုအပ်တဲ့ဘက်က ပါဝင်ပါ့မယ်။

**ဦးထင်** ။ ။ သိပ်ကောင်းတဲ့ အကြံဉာဏ်တွေပါပဲ။

**အောင်မင်းအုပ်** ။ ။ အဲဒီအစီအစဉ်တွေ အောင်မြင်ဖို့မှာ အဓိကကျ တာတော့ ဆရာမလေး ဒေါ်နှင်းရည်ဖြူ ဖြစ်မယ်လို့ မြင်ပါတယ်။

**နှင်းရည်ဖြူ** ။ ။ ဆရာအောင်ကလည်း ပူးပေါင်းဆောင်ရွက် ပေးစေချင်ပါတယ်။

**ဆရာအောင်** ။ ။ အဆင်သင့်ပါပဲခင်ဗျာ။

**ဆရာမကြီး ဒေါ်ကြင်အေး** ။ ။ အဲဒီအစီအစဉ်က နွေကျောင်းပိတ်ရက်ဖြစ်မယ် ဆိုရင် ကျောင်းသူကျောင်းသားတွေကိုလည်း သုံးနိုင်ပါတယ်။

**အောင်မင်းအုပ်** ။ ။ စပါးစိုက်ပျိုးရေးကလည်း စပါးဒုတိယအသီး ဆိုတော့ နွေစပါးပေါ့ခင်ဗျာ။ ကျောင်းပိတ်ရက် နဲ့ အံကျပါပဲ။

**ဦးထင်** ။ ။ ဒါဆိုရင် စာကြည့်တိုက်ဖွင့်ပွဲကို နွေကျောင်းပိတ် ရက်မှာ လုပ်ကြတာပေါ့။

**အများ** ။ ။ ကောင်းပါတယ်။

**မြန်/ဆက် ဦးတင်မြင့်** ။ ။ ဒီအတိုင်းဆို ဖွင့်ပွဲကိစ္စ ပုံပေါ်လာပါပြီ။ အစီ အစဉ်တွေက မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်မှာ သေချာ ပါတယ်ခင်ဗျာ။ ဪ-ဒါနဲ့ စာကြည့်တိုက် နာမည် ပေးထားပြီးပြီလား။

**ဦးထင်** ။ ။ဟုတ်သားပဲ၊ စာကြည့်တိုက်နာမည်မှ မပေးရသေးပဲ။ ကဲကဲ-နာမည်လေး ဝိုင်းစဉ်းစားကြပါဦး။

**ခင်ခင်နွယ်** ။ ။စပါးစိုက်ပျိုးရေးကို သိပ္ပံနည်းကျ စနစ်သစ်နဲ့ ပျိုးထောင်တဲ့ပွဲ၊ အဲဒါကို "ပျိုးခင်းသစ်ပွဲ" ရယ်လို့ အမည်ပေးပြီး စာကြည့်တိုက်ကို "စာပျိုးခင်း" လို့ အမည်ပေးလိုက်။ စာပျိုးခင်း စာကြည့်တိုက် ဖွင့်ပွဲ. . .။ ကဲ-မကောင်းဘူးလားရှင်။

**ပြန်/ဆက် ဦးတင်မြင့်** ။ ။ဟာ-ကောင်းလိုက်တာ။ ကောင်းတယ်ဗျာ၊ "စာပျိုးခင်း စာကြည့်တိုက်". . .။

**ဦးထင်** ။ ။ဟာ ဒါဆိုရင် တို့လက်ဆည်ကန်မှာ ပျိုးခင်း နှစ်ခင်း. . .ဟုတ်ပြီ၊ "ပျိုးနှစ်ခင်းပွဲ" ကို တစ်ပြိုင်နက် ခြိမ့်ခြိမ့်သဲ ကျင်းပရမှာပေါ့။

**အများ** ။ ။ပျိုးနှစ်ခင်းပွဲ. . .ပျိုးနှစ်ခင်းပွဲ. . .ပျိုးနှစ်ခင်းပွဲ. . .။

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၁၉

## ပြကွက် (၁)

**နေရာ** - အ. လ. က၊ ရသခန်း

**အချိန်** - ကျောင်းဆင်းချိန်

**အပြင်အဆင်** - ကျောင်းခန်းတစ်ခန်း၏ နံရံရေးချက်နောက်ခံကားရှိရမည်။ ထိပ်တွင် "ရသခန်း" ဆိုင်းဘုတ်ငယ်ပါရှိရမည်။

- ကီးဘုတ်၊ ပတ္တလား၊ မယ်ဒလင် ရှိရမည်။ (ကျောင်းဆင်းခေါင်းလောင်းသံနှင့်အတူ ကားဖွင့်) (ဆရာမနှင်းရည်ဖြူနှင့် ဆရာအောင် လက်ဝဲဘက်မှထွက်လာစေ။)

**နှင်းရည်ဖြူ** ။ ။ အစ်ကိုအောင်မင်းအုပ် အကူအညီတောင်းထားတဲ့ ပျိုးခင်းသစ်ပွဲကိစ္စ ကျွန်မခေါင်းထဲမှာ ပေါ်လာလို့ အကြံကောင်းလေးဘာလေး စဉ်းစားလို့ရအောင် ကျောင်းဆင်းချိန် ဆရာ့ကို ခေါ်လာတာပါ။ ဆရာ အချိန်ရတယ် မဟုတ်လား။

**ဆရာအောင်** ။ ။ ဟာ- အချိန်ရတာပေါ့ဗျာ။ ကျွန်တော်က ဘာများလဲလို့။
(နှင်းရည်ဖြူ ကီးဘုတ်ရှိရာသို့သွားပြီး ခလုတ်ဖွင့်ကာ စမ်းတီးကြည့်စေ။ ဆရာအောင်ကလည်း မယ်ဒလင်ယူပြီး အသံစမ်းနေစေ။)

**နှင်းရည်ဖြူ** ။ ။ ဆရာ-စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ သီချင်း တစ်ပုဒ် ဆိုပါလား။

**ဆရာအောင်** ။ ။ လူချွန်လူကောင်းသီချင်း၊ ကောင်းမလား။

**နှင်းရည်ဖြူ** ။ ။ ကောင်းတယ်-ကောင်းတယ်။ (ကီးဘုတ်တွင် အသံစမ်းပြီး လူချွန်လူကောင်းသီချင်းကို ပျိုးပေးရာ၊ ဆရာအောင် သီဆိုစေ။)
(ရှုမဆုံးတော့သည် စိမ်းလဲ့လဲ့နှစ်စဉ်၊ လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ် စိုပြည်လွင်၊ ရိတ်သိမ်းချိန်ဆိုပြန်လျှင်၊ ဝင်းမှည့်ရွှေစင်အိလို့ပင်၊ စပါးနှံတွေနဲ့ အသီးတွေ သန်မြန်အောင်မြင်)၂

မနက်ခင်း စိတ်ရွှင်လန်းကြစေဆွဲငင်၊ ဥဩသံတွဲ နာပျော်ဘွယ် ကြည်ကြည်လင်လင် လုပ်ငန်းကိုယ်စီဝင်၊ စက်ရုံကြီးငယ် အရပ်ရပ်တွင် ကြည်းရေတခွင် ရောင်းဝယ် စုန်ဆန်သာစည်ပင်၊ လူချွန်လူကောင်းများတို့ ပေါင်းစုအားတွင် မြို့မမိတ်ဆွေတွေကို ကြည်ညိုစွာမြင်လိုက်ချင်၊ ဗမာ့သားကောင်းများကို အဆိုအတီးအမှုတ်နဲ့ပင်၊ ရှိသေ ခင်မင်အားတက် အလေးပြုလျက်ပဲ အစဉ် . . .။

(ထိုစဉ် ဇာတ်စင်လက်ဝဲအတွင်းဘက်မှ အသံချဲ့စက်ဟွန်းမှ အော်ပြောသံတစ်သံ ကျယ်ကျယ်ကြီး ထွက်လာပြီး တီးသံဆိုသံကို လွှမ်းနေစေ။)

**အသံချဲ့စက်ဟွန်းမှအသံ** ။ ။ ရှေ့ဆုံးကန်တော့ပွဲ အမေညာဏ် မှန်မှန်လေး လျှောက်ပေးပါခင်ဗျ။ အမေနှစ် . . . အမေနှစ် ရှေ့က ရှင်လောင်းတန်းကြီးနဲ့ အိုးစည်ဝိုင်း အဆက်မပြတ်အောင် ထိန်းပေးပါခင်ဗျာ။

**နှင်းရည်ဖြူ** ။ ။ (အတီးရပ်လိုက်ပြီး) ဆရာရေ- ခဏရပ်ထားဦးမှ--။ ကျွန်မ ရှင်လောင်းလှည့်လာတာကို ကျောင်းဝက သွားကြည့်လိုက်ဦးမယ်။ ခဏလေးနော်. . .။

**ဆရာအောင်** ။ ။ သွား-သွား-ကျွန်တော် ဒီမှာစောင့်နေမယ်။
(နှင်းရည်ဖြူ လယ်ယာဘက်သို့ ဝင်သွားစဉ်-)
(ရွာလမ်းရေးချက် ကားလိပ်ကျလာ ပြကွက်(၁)ကို ဖုံးလိုက်စေ။)

* * * * *

## ပြကွက် (၂)

**နေရာ** - အလက ကျောင်းရှေ့၊ ရွာလမ်း
**အချိန်** - ပြကွက် (၁) အတိုင်း
**အပြင်အဆင်** - ရွာလမ်း ရေးချက်ကားလိပ် နောက်ခံထားရမည်။
(ရွာလမ်း ရေးချက်ကားလိပ်ကျလာသည်နှင့် ကားရှေ့)
(ရှင်လောင်းတန်းကြီး လက်ဝဲဘက်မှ တရွေ့ရွေ့ထွက်လာစေ။ ရှေ့ဆုံးမှ ကန်တော့ပွဲ၊ ထို့နောက်

သက်န်းပရိက္ခရာ၊ ပရိတ်အိုး၊ ထို့နောက် ကွမ်းတောင်ပန်းတောင်ကိုင် ပျို့ဖြူများ၊ ၎င်းနောက် မြင်းပေါ်မှ ရှင်လောင်းနှင့် ရွှေထီးဆောင်း ကာလသားအဖွဲ့ ပေါ်လာစေ။ အသံချဲ့စက် ဟွန်းကို တစ်ယောက်က ထမ်းလာ။ ကာလသားအဖွဲ့ထဲမှ တစ်ဦးက သျှီးလိုက်ရတုကို ဆိုလာရာ ရတုနှင့် သျှီးလိုက်သံများ အသံချဲ့စက်ဟွန်းမှ ထွက်ပေါ်လာစေ။)

**ရတုဆို** ။ ။ ငါးပါးမာန်နှိမ်၊ မြတ်မုနိန်၏၊ နိယာနိက၊ ဒုလ္လဘဟု၊ သုံးဝ သာသနာ. . .။

**အများ** ။ ။ သျှီး. . .။

**ရတုဆို** ။ ။ မိုက်မှောင်ပယ်ထွန်း၊ ထိန်ထိန်ရွှန်းသည်၊ နေဝန်းထောင် ရောင်ဖြာသို့. . .။

**အများ** ။ ။ သျှီး. . .။

**ရတုဆို** ။ ။ နိဗ္ဗာန်ခွင်သို့၊ လျင်လျင်ရောက်ကြောင်းမှန်၊ ဒါနတရား၊ သဒ္ဓါပွားသည်၊ စိတ်ထား လွန်ထက်သန်၍. . .။

**အများ** ။ ။ သျှီး. . .။

**ရတုဆို** ။ ။ မြန်မာ့ရိုးရာ ရှေးထုံးစံ၊ ရပ်ရွာအားလုံး၊ ပျော်မဆုံးသည်၊ ခြိမ့်အုန်းသဲသဲညံမျှ. . .

**အများ** ။ ။ သျှီး. . .။

**ရတုဆို** ။ ။ သရေလျှံသည်၊ ခြွေရံများ ဗိုလ်ပုံ၊ မင်္ဂလာစံခင်း နန်းမြို့တွင်းမှ လောင်းမင်းထွက်သည့်ပုံသို့. . .။

**အများ** ။ ။ သျှီး. . .။

**ရတုဆို** ။ ။ အထွေထွေသည်၊ ရွှေငွေမြရောင်ဆိုင်၊ တံခွန်ကုက္ကား၊ မုလေးပွားကို၊ နတ်များရှေ့ကကိုင်၍. . .။

**အများ** ။ ။ သျှိုး. . .။

**ရတုဆို** ။ ။ ပြိုင်အဆိုင်လျှင်၊ မြိုင်မြိုင်ခမ်း ပြင်ဆင်၊ သင်းကျစ်ရွှေဘောင်း၊ တမာဆောင်းသည်၊ နားမှောင်းစလွယ်ဆင်လျက်. . .။

**အများ** ။ ။ သျှိုး. . .။

**ရတုဆို** ။ ။ ခရုသင်းနှင့်၊ ဒုံမင်းကြေးသံစုံ၊ နရည်းမိကျောင်း၊ နားမညောင်းသည်၊ စည်မောင်း အဖုံဖုံတည့်. .။

**အများ** ။ ။ သျှိုး. . .။

**ရတုဆို** ။ ။ မြေမိုးတုန်သည်၊ ဝသုန်လေထု ဆုံးတည့်လေ. .။

**အများ** ။ ။ သျှိုး. . .။

**ရတုဆို** ။ ။ တောင်းဆုချွေသည်၊ သပြေသောင်း ခေတ်လုံးတည့်လေ. . .။

**အများ** ။ ။ သျှိုး. . .။

(ရှင်လောင်းနှင့် ကာလသားသျှိုးအဖွဲ့ လက်ယာဘက်သို့ တရွေ့ရွေ့ဝင်သွားသည်နှင့် အိုးစည်ဝိုင်း ဆက်ထွက်လာစေ။ အိုးစည်ဝိုင်းတွင် တောသုံးကောင် ငတီးက အိုးစည်တီးလျက်၊ ငတော်က ဘောင်းဘီနက်ဝတ်ယောကျ်ားလေး၊ ငတောက စကတ်နီဝတ်မိန်းကလေးဟန်နှင့် သရုပ်ပျက် ဝတ်စားဆင်ယင်ကာ ရက်(ပ်) များဆို၍ ကလာကြစေ။)

**ငတော် ရက်(ပ်)။** ။ နောက်တစ်ယောက်နဲ့တွဲတယ်ဆိုပြီး မင်းကင့်ကို
**သီချင်းဆို** အထင်တွေလွဲ၊ ရှုပ်တယ်လို့ နာမည်ကြီးတော့ ရှင်းပြဖို့က ခက်နေလဲ၊ မျက်ရည်က သက်သေပဲ၊ ရက်တွေတိုင်းမှာ ငိုချင်းချ၊ လိုရင်းက ဘာလဲ ဘာလဲ၊ . . .။

(အိုးစည်ဝိုင်း လက်ယာဘက်သို့ တရွေ့ရွေ့ဝင်သွားစဉ်)

(ရှာလမ်း ရေးချက်ကားလိပ်တင်)

* * * * *

## ပြကွက် (၃)

**နေရာ** - အ. လ. က ရသခန်း
**အချိန်** - ပြကွက် (၁) အတိုင်း
**အပြင်အဆင်** - ပြကွက် (၁) အတိုင်း

(ကားလိပ်တင်လိုက်သည်နှင့် အလက၊ ရသခန်း ပြန်ပေါ်လာ)

(ဆရာအောင် မယ်ဒလင်တီးလျက်ရှိ။)

(နှင်းရည်ဖြူ လက်ယာဘက်မှပြန်ထွက်လာစေ။)

**နှင်းရည်ဖြူ** ။ ။ ဆရာရေ- သရုပ်ပျက်ဂီတတွေကတော့ ကျေးလက်အထိကို နေရာယူလာပြီနော်။ စိတ်ပျက်စရာပဲ။

**ဆရာအောင်** ။ ။ ခုနရှင်လောင်းလှည့်ပွဲမှာ တောသုံးကောင် ရက်(ပ်)တွေ အိုးစည်ဝိုင်းနဲ့ ဆိုလာတာမဟုတ်လား။

**နှင်းရည်ဖြူ** ။ ။ ဟုတ်တယ်- ဟုတ်တယ်။ အိုးစည်နဲ့တွဲဖက်ညီတာက သံချပ်ပဲလေ။ သံချပ်နေရာမှာ ရက် (ပ်)

က နေရာယူလာတာ။ ပိုပြီးကောင်းလာတာ လည်း မဟုတ်ဘူး။ မြန်မာ့ယဉ်ကျေးမှုကို သက်သက်ဖျက်ဆီးတာမျိုးပဲ ဆရာရဲ့။

**ဆရာအောင်** ။ ။ ဟုတ်ပါရဲ့ ဆရာမရယ်. .။ တေးသံကောင်ဆိုတဲ့ကောင်တွေ တော်တော်ဆိုးတာပဲ။

**နင်းရည်မြ** ။ ။ တေးသံကောင်က ဆိုးတာမဟုတ်ဘူး ဆရာ။ အမျိုးသားရေးကို အလေးမထားတဲ့ ဂီတသမားဆိုတဲ့ လူတွေက ဆိုးတာ။ အင်း- ခုန ရှင်လောင်းလှည့်ပွဲကို ကြည့်လိုက်ရတာ အတွေးအမြင်တစ်ခုတော့ရလိုက်တယ် ဆရာ။

**ဆရာအောင်** ။ ။ ဘာပါလိမ့်. . .။

**နင်းရည်မြ** ။ ။ အရာရာမှာ သဟဇာတဖြစ်ဖို့လိုတယ်။ ရှင်လောင်းလှည့်တာနဲ့ သျှိုးရတု၊ အိုးစည်ဗိုင်းနဲ့ သံချပ် . . .။ အဲဒါမှ သဟဇာတ ဖြစ်တယ်။ လိုက်ဖက်တယ်။ တစ်နှစ်က ကျွန်မတို့ ကပြခဲ့တဲ့ ပြဇာတ်ထဲကအတိုင်းပဲ လက်ထပ်မင်္ဂလာ အခါတော်ပေးအစီအစဉ်က စောင်းတို့လို မြန်မာတူရိယာ၊ မြန်မာ့ဂီတနဲ့မှ တင့်တယ်လိုက်ဖက်တယ်လေ။

**ဆရာအောင်** ။ ။ ဟုတ်တယ်လေ ဆရာမရဲ့။

**နင်းရည်မြ** ။ ။ အဲဒါကို တွေးမိရာကနေ ကျေးလက်နဲ့ ကျေးလက်ဂီတ၊ လယ်ကွင်းနဲ့ လယ်ထွန်ကဗျာ. . .။ အဲဒီလို လိုက်ဖက်မှုတွေကို တွေးမိလာတယ် ဆရာရဲ့။ ဆရာ- ရွှေဘိုပုံကြီးသံတွေ၊ ကောက်စိုက်တေးတွေ ဖတ်ဖူးတယ်မဟုတ်လား။

**ဆရာအောင်** ။ ။ ဖတ်ဖူးရဲ့ ဘယ်ကမလဲ။ ကြိုက်လွန်းလို့ ငယ်ငယ်က အရကျက်ခဲ့တာ။

**နှင်းရည်မြ** ။ ။ အဲဒီကဗျာတေးလေးတွေကို ကျေးလက်ဟန်နဲ့ ကျွန်မ ဆိုကြည့်မယ်။ ဆရာက မယ်ဒလင်နဲ့ လိုက်တီးပေး။ ဗုံကြီးသံကစမယ်။ (စည်းနှင့် ဝါးကိုင်စေ။)

**ဆရာအောင်** ။ ။ ဟုတ်ပြီ၊ တီးပေးမယ်။ (မယ်ဒလင် တီးရန် ပြင်စေ။)

**နှင်းရည်မြ** ။ ။ ရမထာ ရွှေကြိမ်လုံးရယ်နဲ့ ထွန်တုံးကိုတဲ့ ခြေတော်တင် နွားကြန်စုံနှင့်၊ ပျိုးခင်းကိုပြင်၊ ကောင်းကင်က ရွှေပိန်ညင်းရယ်၊ မိုးခေါ်လို့ဆင်း ×××
**ဦးဆောင်ရှဲဆို**

ကောက်တီနဲ့မယ်စော ရောနှောပါလို့ ပျိုးထောင်၊ မိုးလေက ခေါင်၊ သည်ပျိုးရေအောင်မှ၊ မယ်နဲ့မောင် အလှူပေးမယ်၊ မိုးကူပ့ါလေး ×××

သည်လယ်ကို သည်မယ်စိုက်ပါလို့၊ လိုက်လာမယ့်ပုံလိုလို၊ သျှောင်ကြီးဖွေလူတင်စားရယ်၊ သွားနှင့် တော့ဆိုလေ့ ×××

ခါးပုံကို မောင်ဖြုတ်လို့၊ ချွေးသုတ်တော့ပေး၊ စီးပလေစေ မောင်မသုတ်နဲ့ တုတ်တုတ်ကျချွေး ×××

အေးကောင်းပျိုရွယ်သူငယ်ချင်းတို့၊ လယ်တော်တွင်းက များတတွေ၊ ကိုယ်စီကလို့ လုစရာ၊ တို့မျက်နှာ နံ့သာပြောက်ဖို့ လှည်းစာခေါက်ကို အိုင်အိုင်အေးအောင် သွေးကြပအေ ×××

နေမင်းရယ်ညို၊ ရွှေပုံသံချိုပါလှ၊ ရွှမ်းကြစို့လေး၊
ရှုလိုက်ကြနော်၊ မျှော်လိုက်ကြစမ်း၊ တိမ်ယံမှာ
ပုံသံလှိုမ့်တယ်၊ မိုးနိမ့်ခမန်း ×××
တီးလိုက်ပါတဲ့ ပုံကြီးသံ၊ ထက်ကောင်းကင်
ဝေဟင်စွန်းမှာ၊ လွှမ်းစေဖို့ဖန်လေ့ ×××
တီးလိုက်ပါတဲ့ ပုံကြီးသံ. . . တီးလိုက်ပါတဲ့
ပုံကြီးသံ. . .၊

**နှင်းရည်ဖြူ** ။ ။(အားရဝမ်းသာပြော) အိုင်ဒီယာရပြီ ဆရာ
ရေ့ ×××

## (ကားပိတ်)

❖ ❖ ❖

## အခန်း- ၂၀

**နေရာ** - အ. လ. က ကျောင်းဝင်းရှေ့

**အချိန်** - နွေကျောင်းပိတ်ရက် တစ်ရက်၊ နေ့ပိုင်း

**အပြင်အဆင်** - စာသင်ဆောင်များ ရေးချက် နောက်ခံကား ရှိရမည်။

**(ကားဖွင့်)**

(ပုံကြီးသံ တီးလုံးများ ကျောင်းထဲမှ လွင့်ပျံလာဟန် နောက်ခံဂီတဖွင့်ထားရမည်။)

(လက်ဝဲဘက်မှ အမျိုးသမီးရွယ် နှစ်ယောက် ထွက်လာ၊ လက်ယာဘက်မှလည်း အမျိုးသမီးကြီးနှစ်ယောက် ထွက်လာ၊ ဇာတ်စင်အလယ်တွင် ဆုံကြစေ။)

**အမျိုးသမီးရွယ်(၁)။** ။ ကြီးကြီးပုတို့ ဘယ်လဲ။

**အမျိုးသမီးကြီး(၁)။** ။ သမီးတွေ ယိမ်းတိုက်နေတာ သွားကြည့်မလို့လေ။ ညည်းတို့ရော ဘယ်သွားကြမလို့လဲ။

**အမျိုးသမီးရွယ်(၁)။** ။ ကြီးကြီးပုကလည်း ကျောင်းကဒီမှာလေ။ ကျောင်းခန်းတွေထဲမှာ ယိမ်းတိုက်နေကြတာ။ ကျွန်မတို့လည်း ကလေးတွေယိမ်းတိုက်နေတာ သွားကြည့်မလို့။ လာ--ကျွန်မတို့နဲ့အတူ ကျောင်းထဲဝင်ကြတာပေါ့။

**အမျိုးသမီးရွယ်(၂)။** ။ တို့သမီးတွေက ကျောင်းထဲမှာ မဟုတ်ဘူး။ စာကြည့်တိုက်ဖွင့်မယ့် ဓမ္မာရုံမှာတဲ့။

**အမျိုးသမီးရွယ်(၁)။** ။ ဩော် ဩော်- ဟုတ်မယ်။ ကြီးကြီးပုတို့ သမီးတွေက ရှစ်တန်းဆိုတော့ စာပျိုးခင်းစာကြည့်တိုက် ဖွင့်ပွဲအတွက် ယိမ်းတိုက်နေတာနေမှာ။

**အမျိုးသမီးရွယ်(၁)။** ။ အေးအေး- ဟုတ်တယ်။

**အမျိုးသမီးရွယ်(၂)။** ။ ဓမ္မာရုံက ပတ်ချာလည်ကာပြီး ပြင်ဆင်ထားတော့ အရင်တုန်းကလို ဒိုးယိုပေါက်မမြင်ရတော့ဘူး ကြီးကြီးပုရဲ့။ အထဲဝင်ကြည့်လို့ရအောင် မြန်မြန်သွားမှ နေရာရမှာ။

**အမျိုးသမီးကြီး(၁)။** ။ အေး-ဒါဆို မြန်မြန်လျှောက်ကြစို့။ (အမျိုးသမီးကြီးနှစ်ယောက် လက်ဝဲဘက်သို့ ခပ်သုတ်သုတ် ဝင်သွားစေ။)

(အမျိုးသမီးရွယ် နှစ်ယောက်လည်း ဆက်သွားမည်ပြုစေ။ ထိုစဉ် လက်ဝဲဘက်မှ နောက်ထပ်အမျိုးသမီးရွယ်တစ်ယောက် ခပ်သုတ်သုတ်ထွက်လာပြီး ရှေ့မှနှစ်ယောက်ကို လှမ်းခေါ်စေ။)

**အမျိုးသမီးရွယ်(၃)။** ။ ဟော့- မိလုံးတို့--ငါ့ကို စောင့်ပါဦးဟ။

**မိလုံး** ။ ။ (နောက်ပြန် လှည့်ကြည့်ပြီး) ဟဲ့- မိသိန်း၊ နင်ကလည်း ချိန်းထားတာ ဘာလို့ နောက်ကျနေတာလဲ။ နင့်သမီးလေးလည်း ယိမ်းထဲ ပါတာပဲ မဟုတ်လား။

**မိသိန်း** ။ ။ အိမ်ကလူလေ၊ စနစ်သစ်နဲ့ ပျိုးထောင်ဖို့ လယ်ထဲမှာ ပြင်ဆင်နေတာ။ သူ့အပြန်ကို စောင့်ပြီး ထမင်းကျွေးနေရလို့။

**မိလုံး** ။ ။ ငါတို့အိမ်ကလူလည်း ခုတစ်လော ပျိုးပေါင်တွေအတွက်နဲ့ အလုပ်ရှုပ်နေတာပါပဲဟယ်။ ငါကတော့ ထမင်းချိုင့် ပို့ထားလိုက်တယ်။ ပျိုးပေါင်က သပ်သပ်ချေချေလုပ်ရမှာဆိုတော့ အတော်လေးလက်ဝင်လို့ သူက အိမ်ပြန်မစားဘူး။ လယ်ထဲမှာပဲ အချိန်ပြည့်လုပ်နေတာ။

**မိသိန်း** ။ ။ သိပ္ပံနည်းကျ ပျိုးခင်းကို ပေါင်စနစ်နဲ့ လုပ်တာက ထူးထူးခြားခြားကို အကျိုးရှိမှာတဲ့ဟ။

**မိလုံး** ။ ။ အေးပေါ့လေ၊ ဒါကြောင့်လည်း တို့ယောကျ်ားတွေ "ပျိုးနှစ်ခင်းပွဲ" အမီ ပျိုးပေါင်နဲ့ ပျိုးထောင်နိုင်အောင်လို့ ကြိုးစားနေကြတာပေါ့။

**မိသိန်း** ။ ။ ဟဲ့- မိလုံး၊ ပျိုးနှစ်ခင်းပွဲဆိုတာ ဘာကိုပြောတာလဲဟဲ့။

**မိလုံး** ။ ။ ဩော်အေ- ပျိုးပေါင်နဲ့လုပ်မယ့် "စနစ်သစ်ပျိုးခင်း" အုပ်စုပြတ် ပျိုးထောင်ပွဲက တစ်ပွဲ၊ "စာပျိုးခင်း"လို့ အမည်ပေးထားတဲ့ စာကြည့်

တိုက် ဖွင့်ပွဲကတစ်ပွဲ. . . အဲဒီလိုနှစ်ပွဲကို တစ်ပြိုင်တည်း လုပ်မှာမို့လို့ "ပျိုးနှစ်ခင်းပွဲ" လို့ပြောတာ. . .။

**မိသိန်း** ။ ။ ဩော်- ဒီလိုလား။ အင်း- အဲဒီ ပျိုးနှစ်ခင်းပွဲမှာ တို့ကလေးတွေက ယိမ်းထဲပါနေတော့ တို့လည်း အငြိမ်မနေနိုင်တော့ဘူးပေါ့အေ့။

**မိလုံး** ။ ။ အေးလေ- စားမေးပွဲတွေပြီးလို့ ကျောင်းပိတ်လိုက်တာနဲ့ အကတွေ စတိုက်တော့တာပဲလေ။ ကလေးတွေကလည်း ပျော်နေတာပဲတဲ့။ ဆရာမလေး နှင်းရည်ဖြူနဲ့ဆိုတာ လုံးထွေးနေတာပဲ။

**မိသိန်း** ။ ။ အေး-ဒီနှစ်ထဲမှာ၊ ဝါကျွတ်ပွဲတုန်းကလည်း ကဗျာရွတ်ပွဲ ကြည့်ရတယ်။ တန်ဆောင်တိုင်တုန်းကလည်း ပြဇာတ်ကြည့်ရတယ်။ ခုလည်း ပျိုးနှစ်ခင်းပွဲ လာတော့မယ်။ ငါတို့ရွာကြီးက ပျော်စရာတွေချည်းပါလားအေ့။

**မိလုံး** ။ ။ ဟုတ်ပ- ဟုတ်ပ။ ကဲလာ- ကျောင်းထဲဝင်ကြစို့။ (လက်ယာဘက်သို့ဝင်ကြစေ။)

(နောက်ထပ် အမျိုးသမီးသုံးလေးယောက် ပြုံးပြုံးရွှင်ရွှင်နှင့် လက်ဝဲဘက်မှထွက်လာပြီး လက်ယာဘက်သို့ဝင်ကြစေ။)

(ထိုစဉ်ပင်၊ ငတီးက ဗုံကြီးတစ်လုံးလွယ်လျက် တောသုံးကောင် လက်ယာဘက်မှ ထွက်လာစေ။)

**ငတီး** ။ ။ (ဗုံကြီးကို အောက်သို့ချလိုက်ပြီး) ဟူး. . . ဒီအတိုင်းဆို တို့သုံးယောက်မလွယ်ပါလား။ နက်ဖြန်သန်ဘက်ဆို ဗုံကြီးဝိုင်းတိုက်မှာတဲ့။ ဗုံကြီးဆိုတာ ငါလည်းတီးဖူးတာ မဟုတ်ဘူး။ အိုးစည်ဒိုးပတ်ပဲ တီးဖူးတာ။ ဗုံကြီးကို ကိုင်ကြည့်ပြီး) ဒီဗုံမျိုး ခုမှတွေ့ဖူးတာ။ အင်း- ဆရာမလေးကတော့ ပြောတယ်၊ ဒိုးပတ်တီးတတ်ရင် ဗုံကြီးတီးတတ်သွားမှာပါတဲ့။

**ငတော** ။ ။ ငါကလည်း ဟိုစပ်စပ်၊ ဒီစပ်စပ်သမား။ ဗုံကြီးဝိုင်းမှာ လင်ကွင်း ဘယ်လိုတီးမလဲ။

**ငတော်** ။ ။ ငါက ပိုခက်သေး။ ဗုံကြီးသံသီချင်းကို နှဲနဲ့မှုတ်ရမှာ။

**ငတော** ။ ။ ဆရာအောင်နဲ့ ဟို ဆရာမလေးက သင်ပေးမယ်လို့ ပြောတာပဲလေ။ ဖြစ်သွားမှာပါကွာ။ ပူမနေပါနဲ့။ ကဲ- ထုံးစံအတိုင်း တောတော်တီးကြစို့။

**ငတီး** ။ ။ မင်းက ဒီနေ့ တော်တော်တီးချင်သေးတာလား။ (ဗုံကြီးကို ကိုင်ပြီး) ဒီဗုံအဟောင်းကြီးကို နက်ဖြန်အမီ သားရေတွေ ပြန်ဆွဲရမှာ။ ခု စလုပ်မှဖြစ်မှာပေါ့။ ငါတစ်ယောက်တည်း လုပ်လို့မရဘူး။ လာ. . . ခုပဲ ငါ့အိမ်ယူသွားပြီး ဝိုင်းဆွဲကြမှ။

**ငတော်** ။ ။ ဟုတ်တယ်ကွ။ တောင်ပိုင်းက ဒိုးပတ်လည်း စာကြည့်တိုက်ဖွင့်ပွဲအတွက် တိုက်နေကြပြီ။

ငါတို့က ဝိုင်းသစ်ဆိုတော့ ပိုပြီးကြိုးစားမှဖြစ်မှာ။

**အားလုံး** ။ ။ ဒါဆို- တောတော်မတီးဘဲ သားရေကြိုးတွေပဲ ကလော် ကလော်ပြီး ဆွဲကြစို့။ (စိတ်အား ထက်သန်သည့် အမူအရာဖြင့် ထကြစေ။)

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၂၁

**နေရာ** - လက်ဆည်ကန်ကျေးရွာအုပ်စု၊ ကျေးရွာများ အတွင်း။

**အချိန်** - နေ့ပိုင်း။

**အပြင်အဆင်** - လမ်းနှင့် အိမ်တန်း ရေးချက်နောက်ခံကားရှိ ရမည်။

### (ကားဖွင့်)

(စက်ဘီးရှေ့ခြင်းများတွင် "စာပျိုးခင်းစာကြည့် တိုက်" စာတန်းများ ချိတ်ဆွဲလျက် ကိုတင်အေး နှင့် လူငယ်များ စက်ဘီးကိုယ်စီဖြင့် လက်ဝဲဘက် မှ ထွက်လာစေ။ စက်ဘီး သုံးလေးစီးခန့်၊ ဇာတ်စင် ဆုံသလောက်။ ခြင်းများထဲတွင် စာအုပ် အနည်းငယ်ရှိ။ စက်ဘီးများ၏ ဘားတန်း၊ ကယ်ရီယာစသည်များတွင် **"စာအုပ်စာပေ လူ့မိတ်ဆွေ"**၊ **"ပညာပြည့်ဝ နှလုံးလှ"** စသည့် စာတန်းများ ချိတ်ဆွဲထားရမည်။ ဇာတ်စင်

အလယ်လောက်တွင် စက်ဘီးများ ရပ်လိုက်ကြစေ။)

**ကိုတင်အေး** ။ ။ (ခေတ်ခဲအော်လန်ငယ်ဖြင့် လေးဘက်လေးတန် သို့လှည့်၍ ဆော်သြ)ကျေးရွာအတွင်းရှိ လေးစားအပ်ပါသော မိဘပြည်သူများ ခင်ဗျား -

ကျွန်တော်တို့ လက်ဆည်ကန်ကျေးရွာအုပ်စုကို အသိပညာနဲ့ အလှဆင်ဖို့အတွက် **"စာပျိုးခင်း စာကြည့်တိုက်"** ကို မကြာခင်ဖွင့်လှစ်ပါတော့မယ်။ လူကြီး၊ လူရွယ်၊ လူငယ်တွေနဲ့ ကလေးများပါမကျန် အကျိုးပြုမယ့် စာကြည့်တိုက် ဖြစ်ပါတယ်။ ဒီစာကြည့်တိုက်ကြီးကို ရွာသူ ရွာသား အားလုံးရဲ့အင်အားနဲ့ ဝိုင်းဝန်းပြုစု ပျိုးထောင်ကြရမှာ ဖြစ်ပါတယ်။

စာအုပ်များကို အသစ်ဝယ်ယူထားရှိမှာဖြစ်သလို စာအုပ်ဟောင်းများကိုလည်း ကျွန်တော်တို့ ယခု လိုက်လံအလှူခံခြင်း ဖြစ်ပါတယ်။ စက်ဘီးများဖြင့် ရွာစဉ်လှည့်လည် အလှူခံနေပါတယ်ခင်ဗျာ။

ရွာသူ ရွာသား မိဘပြည်သူတွေရဲ့ အိမ်မှာရှိနေပြီး အသုံးမပြုတော့တဲ့ စာအုပ်အဟောင်းများကို စာကြည့်တိုက်အတွက် လာရောက် လှူဒါန်းကြပါခင်ဗျာ။ စာအုပ်ဟောင်းဆိုတာ မဖတ်ရသေးသူများအတွက် စာအုပ်သစ် ဖြစ်ပါတယ်ခင်ဗျာ။

ဒါကြောင့် စာအုပ်ဟောင်းများရှိရင် ကျွန်တော်တို့ စက်ဘီးအဖွဲ့ထံ အခုလာရောက်လှူဒါန်းကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

(တစ်အောင့်မျှအကြာတွင် ဟိုမှသည်မှ လူကြီးလူငယ် အမျိုးသား၊ အမျိုးသမီးများ စာအုပ်စာစောင်များကိုင်လျက် ထွက်လာကြပြီး လှူဒါန်းကြစေ။ ကိုတင်အေးတို့ကလည်း စာရင်းများရေးမှတ်၍ လက်ခံကြစေ။ လှူသူများရော လက်ခံသူများရော ဝမ်းမြောက်ဝမ်းသာ ပြုံးပျော်ရွှင်လျက် ရှိကြစေ။)

(စာအုပ်လှူပြီး ပြန်ထွက်လာသူတိုင်း၏ နှုတ်မှ စာပျိုးခင်း . . စာပျိုးခင်း . . စာပျိုးခင်း . . ဟု ကြည်ကြည်နူးနူး အသံထွက်လျက်ရှိကြစေ။)

**(ကားပိတ်)**

❖ ❖ ❖

## အခန်း- ၂၂

| | |
|---|---|
| **နေရာ** | - စိုက်ပျိုးရေး၊ ရှေ့တန်းစခန်း။ |
| **အချိန်** | - နေ့ပိုင်း။ |
| **အမြင်အဆင်** | - သစ်ဝါးနှင့် ဆောက်ထားသော အဆောက်အအုံ တစ်ခု၏ အတွင်းပိုင်းရေးချက် နောက်ခံကား ရှိရမည်။ |
| | - ဝါးဖြင့် ပြုလုပ်ထားသော စားပွဲငယ်နှင့် ဝါး ကုလားထိုင်၊ ဝါးတန်းလျားများ ရှိရမည်။ |
| | - စိုက်ပျိုးရေးနှင့် ပတ်သက်သော စာတန်းများ၊ အထူးသဖြင့် သိပ္ပံနည်းကျ စပါးစိုက်ပျိုးရေး လှုံ့ဆော်စာများနှင့် ပုံများ မြင်သာအောင် ပြသ ထားရှိရမည်။ |

**(ကားဖွင့်)**

(အောင်မင်းအုပ် စိုက်ပျိုးရေးဆိုင်ရာများကို နံရံပေါ်တွင် ကပ်လျက်ရှိစဉ် စိုင်းသိုက်ထွန်း လက်ယာဘက်မှ ထွက်လာစေ။)

**စိုင်းသိုက်ထွန်း ။** ။ တော်တယ်ဗျာ. . .၊ တော်လိုက်ကြတာဗျာ. . .။

**အောင်မင်းအုပ် ။** ။ (လှည့်ကြည့်ပြီး) ကိုစိုင်းပါလား။ ခင်ဗျားစကားက အရင်းမရှိ၊ အဖျားမရှိနဲ့။ ဘာတွေတော်တာလဲ၊ ဘယ်သူတွေ တော်တာလဲဗျ။ လာ- ထိုင်ပြီး ရှင်းရှင်းလေး ပြောပြပါဦး။
(နှစ်ယောက်သား ဝါးကုလားထိုင်များတွင် ထိုင်ကြစေ။)

**စိုင်းသိုက်ထွန်း ။** ။ ကျွန်တော်ရွာထဲဝင်လိုက်တာနဲ့ ဆိုင်းသံဗုံသံတွေ ကြားရတော့တာပဲ။ လမ်းမှာလည်း စက်ဘီးတွေနဲ့ စာအုပ်အလှူခံတဲ့လူတွေ တွေ့ခဲ့ရတယ်။ တစ်ရွာလုံး လှုပ်လှုပ်ရွရွ ဖြစ်နေတယ်ဗျ။ ဒါနဲ့ ဒီကိုဆက်လာရင်း ကျွန်တော်တွေးမိလာတာတွေ ပါးစပ်ကထွက်သွားတော့တာပါပဲ။

**အောင်မင်းအုပ် ။** ။ တွေးမိတာတွေလည်း ပြောဦးမှပေါ့ ကိုစိုင်းရဲ့။

**စိုင်းသိုက်ထွန်း ။** ။ ဪ- ကိုအောင်မင်းက ပျိုးနှစ်ခင်းပွဲကို အစပျိုးလိုက်တယ်။ မနွယ်က စာကြည့်တိုက်အတွက် နည်းမျိုးစုံနဲ့ ကြိုးပမ်းတယ်။ မနှင်းနှင်းက စိုက်ပျိုးရေးအတွက် အနုပညာနည်းတွေနဲ့ ပံ့ဖော်တယ်။ ကဲ- အဲဒီသုံးယောက် ဘယ်လောက် တော်လိုက်သလဲဗျာ။

**အောင်မင်းအုပ် ။** ။ ဪ-ဒီလိုလား။ စပါးပျိုးထောင်ရမယ့် ရေကျတော့ ကိုစိုင်းလည်း တော်တာပဲလေ။ ခင်ဗျားတို့ဆည်က ရေပေးမှ နွေစပါးက ပျိုးလို့ စိုက်လို့

ရမှာလေ။ အဲဒီအတွက် ကိုစိုင်းတို့က စီစဉ်ပေးတာမဟုတ်လားဗျ။

**စိုင်းသိုက်ထွန်း ။** ။ အို- ဒါက ဌာနဆိုင်ရာတာဝန်ပါ။

**အောင်မင်းအုပ် ။** ။ ဌာနဆိုင်ရာ တာဝန်ဆိုပေမယ့် စေတနာပါမှ အဆင်ပြေတာလေ။ ကိုစိုင်းက စေတနာအပြည့်နဲ့ မဟုတ်လား။

**စိုင်းသိုက်ထွန်း ။** ။ အင်း-ကျွန်တော်တို့ ကိုအောင်မင်းတို့က ဌာနဆိုင်ရာ အလုပ်တာဝန်ကို စေတနာလေးပေါင်းထည့်ကြတာ။ မနွယ်နဲ့ မနှင်းနှင်းကျတော့ တာဝန်မရှိဘဲ စေတနာသက်သက်မို့ သူတို့ရဲ့ စိတ်ဓာတ်ကို အရမ်းချီးကျူးဖို့ကောင်းတာပဲ။ ကျွန်တော်သိပ်ကို လေးစားမိတယ်ဗျာ။

**အောင်မင်းအုပ် ။** ။ မနှင်းကိုတော့ ပိုမှာပေါ့နော်။

**စိုင်းသိုက်ထွန်း ။** ။ ဟာ- ကိုအောင်မင်းကလည်း. . .။

**အောင်မင်းအုပ် ။** ။ ဟုတ်ရဲ့သားနဲ့လို့ ပြောမလို့မဟုတ်လား။ (နှစ်ယောက်သား ရယ်ကြစေ။)

**စိုင်းသိုက်ထွန်း ။** ။ နှင်းနှင်းကလှတာထက် နှလုံးသားဖြူစင်တာက ပိုချစ်စရာကောင်းတာဗျ။

**အောင်မင်းအုပ် ။** ။ ဟော- ပေါ်လာပြီ. . . ပေါ်လာပြီ။ အဲဒီလိုဆိုရင်လည်း ပွင့်ပွင့်လင်းလင်း အဆိုပြုလိုက်ပါလားဗျာ။

**စိုင်းသိုက်ထွန်း ။** ။ အင်း- ကျွန်တော်တို့ဆည်ကို လာလည်တုန်းကတော့ စကားစဖူးပါတယ်။ သူက စကားလမ်းကြောင်း ပြောင်းပစ်လိုက်တယ်ဗျ။ ကျွန်တော့်

ရင်ထဲက ခံစားချက်ကို မနွယ်က မနှင်းနှင်းကို ပြောပြပေးရင် ကောင်းမှာပဲ။

**အောင်မင်းအုပ် ။** ။ ဟုတ်ပြီ၊ ကျွန်တော် နွယ့်ကိုတွေ့ရင် ပြောပြထားပေးမယ်။ အင်း- နှင်းနှင်း အပြောင်းအရွှေ့တင်ဖို့ စဉ်းစားနေတယ်တဲ့။

**စိုင်းသိုက်ထွန်း ။** ။ ဟင်- ဘာဖြစ်လို့လဲ။

**အောင်မင်းအုပ် ။** ။ သူ့မိသားစု အခက်အခဲရှိလို့တဲ့။ ဒါပေမဲ့ သူက ဒီမှာလုပ်နေတဲ့ လူမှုရေးတာဝန်တွေကိုရှောင်ပြီး ပြောင်းရက်မှာ မဟုတ်ပါဘူး။ ခုပဲကြည့်လေ။ ဒီနွေရာသီ ကျောင်းပိတ်ရက်မှာ သူ့အဖေဆီ ခဏပြန်မယ်ဆိုတာတောင် ဘယ်လိုလုပ် ပြန်ဖြစ်မှာလဲ. . . ။

**စိုင်းသိုက်ထွန်း ။** ။ အင်း- ဟုတ်တယ်လေ။ အခုလုပ်မယ့်ပွဲကြီးက သူမရှိလို့ ဘယ်ဖြစ်မလဲနော်. . . ။

**အောင်မင်းအုပ် ။** ။ ဟုတ်တယ်လေ။ ပျိုးနှစ်ခင်းပွဲအတွက် တစ်ရွာလုံး တီးသံ၊ မှုတ်သံ၊ ဆိုသံတွေနဲ့ အုန်းအုန်းကျွက်ကျွက် ဖြစ်နေတာ သူ့ကြောင့်လို့ပဲ ဆိုနိုင်ပါတယ်။ (တစ်စုံတစ်ရာကို စဉ်းစားမိဟန်နှင့်) ဟေ့- ကိုစိုင်း. . . ။

**စိုင်းသိုက်ထွန်း ။** ။ ဘာလဲ ကိုအောင်မင်း. . . ။

**အောင်မင်းအုပ် ။** ။ ခင်ဗျား ရှမ်းအိုးစည်မတီးတတ်ဘူးလား။

**စိုင်းသိုက်ထွန်း ။** ။ တီးဖူးပါတယ်။ သိပ်ကျွမ်းကျွမ်းကျင်ကျင်ကြီးတော့ မဟုတ်ဘူးပေါ့။

**အောင်မင်းအုပ်** ။ ။ အိုးစည်၊ လင်းကွင်း၊ မောင်းရှိရင် ရတယ်မဟုတ်လားဗျ။

**စိုင်းသိုက်ထွန်း** ။ ။ ရတာပေါ့ . . .။

**အောင်မင်းအုပ်** ။ ။ ဒါဆို၊ ရှမ်းအိုးစည်ဝိုင်း တစ်ဝိုင်းဖြစ်အောင် ခင်ဗျားရဲ့ ဆည်မြောင်းအဖွဲ့နဲ့ တိုက်ထားဗျာ။ မခက်ပါဘူးနော်။ ဖြစ်အောင်လုပ်ဗျာ။

**စိုင်းသိုက်ထွန်း** ။ ။ ဘာဖြစ်လို့လဲ ကိုအောင်မင်းရဲ့။

**အောင်မင်းအုပ်** ။ ။ ပျိုးနှစ်ခင်းပွဲကနေ သွယ်တန်းလာမယ့် အနုပညာ သံယောဇဉ်ကြိုးလေးတွေက ရှိရင်းစွဲ သံယောဇဉ်ကို ပိုပြီးခိုင်မြဲစေအောင်ပေါ့။

**စိုင်းသိုက်ထွန်း** ။ ။ ဟာ- ကျွန်တော့်ကို ကဲ့ရဲ့နေပါဦးမယ်ဗျာ။

**အောင်မင်းအုပ်** ။ ။ နှင်းနှင်းက ဒီလိုစိတ်မျိုး မရှိပါဘူးဗျ။ ကဲ- ပြောနေကြာတယ်။ ကျောင်းမှာ နှင်းနှင်း ယိမ်းတိုက်နေမှာ။ သူ့ဆီ သွားဆွေးနွေးကြစို့။ (နှစ်ယောက်သား မတ်တတ်ရပ်လိုက်စဉ်-)

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၂၃

**နေရာ** - ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး။

**အချိန်** - (၂၆-၃-၂၀၁၁) နံနက်ပိုင်း။

**အပြင်အဆင်** - အခန်း- ၁၈ အတိုင်း။

### (ကားဖွင့်)

(ရယကဥက္ကဌ ဦးထင်၊ ကိုအောင်မင်းအုပ်၊ ဆရာအောင်၊ ခင်ခင်နွယ်၊ နှင်းရည်ဖြူ၊ ကိုတင်အေးတို့ စားပွဲတွင် ဝိုင်းထိုင်နေကြစေ။)

**ဦးထင်** ။ ။ အခု အရေးတကြီး အစည်းအဝေး ခေါ်ရတာကတော့ ဆရာမလေး နှင်းရည်ဖြူရဲ့ မိသားစု အရေးကိစ္စပါ။ ကဲ- သမီးနှင်းနှင်းက ရှင်းပြလိုက်ပါ။

**နှင်းရည်ဖြူ** ။ ။ (မျက်နှာ မသာမယာနှင့်) မနေ့ညက သတင်းကြေညာချက်ထဲမှာ လျှော်သတင်း ပါလာပါတယ်။ မတ်လ ၂၄ ရက်နေ့ည ၈ နာရီခွဲမှာ ကျိုင်းတုံမြို့ရဲ့ အရှေ့တောင်ဘက် လွယ်မွေ့ကို

ဗဟိုပြုပြီးအင်အား ရစ်ချိတာစကေး ခုနစ်အဆင့်ရှိတဲ့ အင်အားပြင်း လျှင်လှုပ်တာ တာချီလိတ်မြို့၊ တာလေမြို့နဲ့ ပတ်ဝန်းကျင် ကျေးရွာတွေက အဆောက်အအုံတွေပြိုကျပြီး လူတွေသေဆုံးတဲ့အထိ ဖြစ်တယ်တဲ့။ အဲဒီ တာလေမြို့ဆိုတာ ကျွန်မရဲ့ညီမလေး နန့်ခမ်းစင်လာ နေတဲ့မြို့ပါ။ သူ့ခမျာ ကျွန်မအဖေဆီမှာနေတုန်း သူ့ဖခင်ဆုံးလို့ တာလေမြို့ကိုပြန်သွားတာ နှစ်နှစ်လောက်ပဲရှိဦးမယ်။ အခု လျှင်ဘေးနဲ့ ကြုံရပြန်ပြီ။ သေတဲ့ထဲများ ပါသလား၊ ဘယ်လိုဒုက္ခတွေ ကြုံနေရပြီလဲ မသိ။ ဒါကြောင့် ကျွန်မ လိုက်သွားမှ ဖြစ်ပါမယ်။ ဒါကြောင့် ဒီမှာ တိုက်နေကြတဲ့ ပျိုးနှစ်ခင်းပွဲကိစ္စတွေနဲ့ ပတ်သက်လို့ ညှိနှိုင်းတိုင်ပင်ချင်ပါတယ်ရှင်။

**ခင်ခင်နွယ်** ။ ။ ညကကျွန်မနဲ့ ညီမလေးတို့တိုင်ပင်ကြည့်တာကတော့ ခုဆိုရင် ယိမ်းတွေ၊ သီချင်းတွေ ပုံမှန်တိုက်နေတဲ့ အခြေအနေမို့ ညီမလေး မရှိပေမယ့် ဆက်ပြီးတိုက်နေရမှာပဲ။ ဒါပေမဲ့ ညီမလေးက ဟိုမှာ ဘယ်လောက်ကြာမှန်းမသိတော့ ပျိုးနှစ်ခင်းပွဲကို ဘယ်လိုစီစဉ်ရင်ကောင်းမလဲ။ အဲဒါ ဝိုင်းစဉ်းစားဖို့ပါ။

**အောင်မင်းအုပ်** ။ ။ မနှင်းနှင်း မရှိရင်တော့ ဖွင့်ပွဲကွင်းတွေမှာ ဘယ်လို အဆင်အပြင်လုပ်ပြီး ကကြ၊ တီးကြ

ရမယ်မှန်း သိကြမှာ မဟုတ်ဘူးလေ။ ပျိုးနှစ်ခင်းပွဲက သကြိန်လွန်မှ လုပ်မှာဆိုတော့ စဉ်းစားချိန်တော့ ရပါသေးတယ်။

**ဆရာအောင်** ။ ။ အဆို၊ အတီးနဲ့ယိမ်းတွေ ပုံမှန်ဆက်တိုက်ဖို့ ကိုတော့ ကျွန်တော် တာဝန်ယူပါတယ်။

**ကိုတင်အေး** ။ ။ စာကြည့်တိုက်ဖွင့်ပွဲအတွက် ဒိုးပတ်ဝိုင်းကိစ္စ ကျွန်တော့်တာဝန်ထားပါခင်ဗျာ။

**ဦးထင်** ။ ။ ကဲ- ဒါဆိုရင်တော့ ဒီလိုလုပ်ပါ။ သမီးနှင်းရည်ဖြူ က တာလေကို ရောက်တာနဲ့ အခြေအနေကို ဖုန်းပြန်ဆက်ပေး။ အဲဒီက အခြေအနေကို ကြည့်ပြီးမှ ဆက်ညှိနိုင်းကြတာပေါ့။ အဆို၊ အက၊ အတီးတိုက်တာတွေတော့ ဆက်လုပ်နေကြရမှာပဲ။

**ခင်ခင်နွယ်** ။ ။ ဖေဖေ- သမီး၊ ညီမလေးနဲ့ လိုက်သွားမယ်လေ။ ညီမလေးလည်း အဖော်ရ၊ ဟိုရောက်ပြီးရင် သမီးက ချက်ချင်းပြန်လာပြီး တာလေက အခြေအနေကို ဒီမှာ ပြန်ပြောနိုင်မယ်။ အဲဒါ အမြန်ဆုံး သိနိုင်တဲ့နည်းပဲ။

**ဦးထင်** ။ ။ အေး. . အေး၊ အဲဒါကောင်းတယ်။

**နှင်းရည်ဖြူ** ။ ။ ဒါဆို ကျွန်မတို့ညီအစ်မ ဒီနေ့ခင်းပဲ မြင်းမူဘက်ကမ်းကူးပြီး မန္တလေးကို သွားကြမယ်။ အဲဒီကမှ မြန်အောင် အဖေ့ဆီလှမ်းဆက်သွယ်မယ်။ ဆက်သွယ်လို့မရရင်တောင် ကျွန်မတို့ကတော့ တာလေကို ရောက်အောင်သွားမယ်။

**ဆရာအောင်** ။ ။ ဒေါ်နှင်းရည်ဖြူကို တစ်ခုတော့ မေတ္တာရပ်ခံလိုက်ချင်ပါတယ်။ တာလေမြို့က နန်းခမ်းစင်လာတို့ ဘေးကင်းတယ်ဆိုပါတော့။ ဒေါ်နှင်းရည်ဖြူက တခြားဒုက္ခသည်တွေကိုမြင်ရင် ကြက်ခြေနီစိတ်ဓာတ်နဲ့ ကူညီပေးရင်း ဒီကပျိုးနှစ်ခင်းကိစ္စတွေကို မေ့မသွားဖို့တော့ မေတ္တာရပ်ခံချင်ပါတယ်ခင်ဗျာ။

**အများ** ။ ။ ဟုတ်ပါ့. . . ဟုတ်ပါ့. . . ။

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၂၄

| | |
|---|---|
| **နေရာ** | - ရှမ်းပြည်နယ်၊ တာလေမြို့၊ နန့်ခမ်းစင်လာတို့၏ နေအိမ်။ |
| **အချိန်** | - မွန်းလွဲပိုင်း။ |
| **အပြင်အဆင်** | - ရှမ်းရိုးရာ ပျဉ်ထောင်အိမ်တစ်လုံး၏ အတွင်းပိုင်း ရေးချက်နောက်ခံကား ရှိရမည်။ |

### (ကားဖွင့်)

(အခန်းတစ်နေရာတွင် နန့်ခမ်းစင်လာထိုင်၍ တသိမ့်သိမ့် ငိုရှိုက်လျက်ရှိစေ။ တစ်အောင့်အကြာ အိမ်အပြင်ဘက်မှအသံဖြင့် "သမီးရေ- ဒီမှာဧည့်သည်တွေ ရောက်တယ်ဟေ့. . ." အော်ပြောသံနှင့်အတူ၊ နန့်ခမ်းစင်လာ၏မိခင် ဒေါ်နန်းဖောင်းနှင့် နှင်းရည်ဖြူ၊ ခင်ခင်နွယ်တို့ လက်ဝဲဘက်မှ ထွက်လာစေ။)

**နန့်ခမ်းစင်လာ ။ ။** မမနှင်းရည်. .။ (ထ၍ နှင်းရည်ဖြူအား ပြေးဖက်၊ နှစ်ယောက်သား တင်းကျပ်စွာဖက်ထားစေ။)

**နှင်းရည်ဖြူ** ။ ။ စင်လာ. . . (ခွာလိုက်ပြီး၊ စင်လာ၏ မျက်နှာကို ကြည့်လျက်) ဟင်- ညီမလေး ငိုထားတာလား။

**နန့်ခမ်းစင်လာ** ။ ။ မမနွယ်လည်း ပါလာတာကိုး။ လာ- ထိုင်ပါဦး။ (ဒေါ်နန်းဖောင်း ခင်းထားသော ဖျာပေါ်တွင် ထိုင်ကြစေ။)

**နှင်းရည်ဖြူ** ။ ။ ညီမလေးတို့ ဘာမှမဖြစ်ဘူးနော်။ မမတို့ တစ်လမ်းလုံး စိတ်ပူလာတာ။ ခု- လူချင်းတွေ့ လိုက်မှပဲ ရင်အေးသွားတော့တယ်။ အန်တီ ဖောင်းလည်း ဘာမှမဖြစ်ဘူးနော်။ ဩော်- စင်လာ့မောင်လေးရော. . .။

**နန့်ခမ်းစင်လာ** ။ ။ သူလည်း ဘာမှမဖြစ်ပါဘူး။ ကယ်ဆယ်ရေး စခန်းမှာ လုပ်အားသွားပေးနေပါတယ်။

**နှင်းရည်ဖြူ** ။ ။ တော်သေးတာပေါ့ကွယ်။ ငလျင်သတင်းကြား ပြီး မမတို့နှစ်ယောက် နောက်တစ်နေ့ပဲ လက်ဆည်ကနက ထွက်လာကြတာ။ တာလေ မြို့ထဲ ဝင်ဝင်ချင်း ပြိုနေတာတွေ၊ ပျက်နေတာ တွေ တွေ့ရတော့ ငါ့ညီမလေးတို့ မိသားစု ပါများ ပါသွားပြီလား အောက်မေ့မိတယ်။ အင်း- တော်ပါသေးရဲ့။ ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါး ဂုဏ်တွေပဲ။

**နန့်ခမ်းစင်လာ** ။ ။ ဩော်- မေမေ၊ ဒါ မမနှင်းရည်ပေါ့။

**ဒေါ်နန်းဖောင်း** ။ ။ သြသြ- ဝမ်းသာတယ်။ ဟိုးအဝေးကြီးက လာတာပေါ့နော်။

**နှင်းရည်ဖြူ** ။ ။ ဟုတ်ကဲ့- လက်ဆည်ကန်ရွာက လာခဲ့တာ။ မန္တလေးရောက်တော့ ဖေဖေ့ဆီ မြန်အောင်ကို ဖုန်းလှမ်းဆက်တာ၊ ဆက်လို့ မရခဲ့ဘူး။ ဖေဖေလည်း လျှောင်သတင်းကြားရင် ဒီကိုလာမယ် ထင်တယ်။

**နန့်ခမ်းစင်လာ** ။ ။ ဟုတ်တယ်- အဘညိုဆီမှာ လွယ်မွေ့က ကျောင်းသားလေးတွေလည်း ရှိနေတော့ လာမယ်ထင်တယ်။

**ဒေါ်နန်းဖောင်း** ။ ။ ကဲ- ဧည့်သည်တွေ အေးအေးဆေးဆေး နေကြနော။ ငါ ညနေစာသွားချက်ဦးမယ်။

**နှင်းရည်ဖြူ** ။ ။ ဟုတ်ကဲ့ပါ အန်တီ၊ သမီးတို့ကို ဧည့်သည်လို သဘောမထားပါနဲ့နော်။ ဆွေမျိုးတွေပဲဟာ။

**ဒေါ်နန်းဖောင်း** ။ ။ ဩဩ- (လက်ယာဘက်သို့ ဝင်သွားစေ။)

**နှင်းရည်ဖြူ** ။ ။ ကဲ-ညီမလေးစင်လာ၊ မမတို့ရောက်လာတော့ ညီမလေးငိုနေတာ တွေ့ရတယ်။ မိသားစုတွေလည်း လျှောင်ဘေးက လွတ်ရဲ့သားနဲ့ ညီမလေး ဘာဖြစ်လို့ငိုနေတာလဲဟင်၊ မမကို ပြောပြလို့ ရမလား။

**နန့်ခမ်းစင်လာ** ။ ။ (မျက်နှာညှိုးလျှစွာ) ညီမလေး ပြောပြပါမယ်။ ညီမလေးမှာ ချစ်သူရှိနေပါတယ်။ တပ်ထဲက တပ်ကြပ် ခွန်သာပါ။ မကြာခင်ကပဲ မိဘများ ပြောဆိုပြီးသားပါ။ သူလေ. . သူ. . သူ. . (ငိုရှိုက်လျက် စကားဆက်မပြောနိုင် ဖြစ်နေစေ။)

**နှင်းရည်ဖြူ** ။ ။ (စင်လာ၏လက်ကလေးများကို ဆုပ်ကိုင်ပြီး) အဲဒီ တပ်ကြပ်ခွန်သာ လျှော့ထဲပါသွားတာ လားဟင်. . .။

(နန့်ခမ်းစင်လာ ငိုရင်း ခေါင်းညိတ်ပြစေ။)

**နှင်းရည်ဖြူ+ခင်ခင်နွယ်** ။ ။ အို- ဖြစ်မှဖြစ်ရလေ. . .။

**နန့်ခမ်းစင်လာ** ။ ။ အဆောက်အအုံ ပိသေရတာ. . .။

**ခင်ခင်နွယ်** ။ ။ သဘာဝဘေးအန္တရာယ်ဆိုတော့ မရှောင်နိုင်ဘူးပေါ့ကွယ်။

**နန့်ခမ်းစင်လာ** ။ ။ တခြားလူတွေကို ဝင်ကယ်ရင်းနဲ့ဖြစ်ရတာ မမရဲ့။ (ငိုရှိုက်ဆဲ)

**နှင်းရည်ဖြူ** ။ ။ ညီမလေးနဲ့ တပ်ကြပ်ခွန်သာတို့ တရင်းတနှီးနေပြီးကြပြီလား။

(နန့်ခမ်းစင်လာ ခေါင်းညိတ်စေ။)

**နှင်းရည်ဖြူ** ။ ။ ဩော်- (စိတ်ကျဉ်းကျပ်သွားဟန် ဖြစ်နေစေ။) အဲဒီတော့ ညီမလေး ဘာစဉ်းစားထားလဲ။ မမတို့ ဘာလုပ်ပေးရမလဲ။ မမတို့ကို ပွင့်ပွင့်လင်းလင်း ပြော။

**နန့်ခမ်းစင်လာ** ။ ။ စင်လာလည်း ဘာလုပ်ရမှန်းမသိတော့ပါဘူး မမ နှင်းရည်ရယ်။ (ထိုစဉ် "စင်လာတို့ရှိကြသလား" မေးသံနှင့်အတူ ဦးညိုမောင်နှင့် ကျောင်းသားလေးနှစ်ယောက် လက်ဝဲဘက်မှ ထွက်လာစေ။ နန့်ခမ်းစင်လာနှင့် နှင်းရည်ဖြူ

ခင်ခင်နွယ်တို့ ဝမ်းသာအားရ ထပြီးကြိုကြစေ။ ဒေါ်နန်းဖောင်းလည်း ထွက်လာပြီး-)

**ဒေါ်နန်းဖောင်း** ။ ။ ဆရာကြီး ရောက်လာတာကိုး။ ဝမ်းသာလိုက်တာ။

**နင်းရည်ပြုံ** ။ ။ သမီးနဲ့ မမနွယ် မနွလေးကနေ ဖေဖေ့ဆီကို ဖုန်းဆက်သေးတယ်။ လုံးဝဆက်မရဘူး။ ဒါနဲ့ မမနွယ်နဲ့ ဒီအထိလိုက်လာကြတာ။

**နန့်ခမ်းစင်လာ** ။ ။ ဘဘညိုလိုက်လာလိမ့်မယ်လို့ သမီးစိတ်ထဲ သိနေတယ်။

(ဖျာများပေါ်ထိုင်ကြစေ။ ကျောင်းသားလေးများလည်း ခပ်လှမ်းလှမ်းတွင် ထိုင်ကြစေ။)

**ဦးညိုမောင်** ။ ။ ဘာမှမဖြစ်ကြဘူးပေ့ါနော်။

**နန့်ခမ်းစင်လာ+ဒေါ်နန်းဖောင်း** ။ ။ မဖြစ်ကြပါဘူး။

**ဒေါ်နန်းဖောင်း** ။ ။ အိမ်တော့ ယိုင်သွားတယ်လေ။

**ဦးညိုမောင်** ။ ။ ဒါက မပြောပလောက်ဘူးလို့ ဆိုရမယ်။ လမ်းမှာ တွေ့ခဲ့ရတဲ့ ပျက်စီးပြိုကျနေတာတွေကြည့်ပြီး နန်းဖောင်းတို့သားမိတစ်တွေ လျှောင်ထဲ ပါသွားပြီလို့ပဲ ထင်ထားခဲ့တာ။ တော်ပါသေးရဲ့ကွယ်။

**နန့်ခမ်းစင်လာ** ။ ။ သမီးတို့က မြို့အစွန်လည်းဖြစ်၊ အုတ်တိုက်လည်း မဟုတ်လို့ပေ့ါ။

**ဦးညိုမောင်** ။ ။ တာလေမြို့က လျှောင်ဒဏ်ကို တော်တော်ခံလိုက်ရတာပဲ။ ပြိုကျတဲ့တိုက်တွေ အများကြီးတွေ့ခဲ့ရတယ်ကွဲ့။ ကျိုင်းတုံ- တာချီလိတ် လမ်းမကြီးတောင် အက်ကွဲသွားတယ်ဆို . . .။

**နန့်ခမ်းစင်လာ** ။ ။ ဟုတ်တယ် ဘဘညို။

**ဦးညိုမောင်** ။ ။ ဘဘက (ပါလာသော ကျောင်းသားနှစ်ယောက်ကို ညွှန်ပြပြီး) သူတို့ မိသားစုတွေရှိတဲ့ လွယ်မွေရွာကို သွားရဦးမှာ။ အဲဒီ ပြည်ထောင်စုလမ်းမကြီးက ပိတ်များပိတ်ထားသလားမသိဘူး။

**နန့်ခမ်းစင်လာ** ။ ။ ပိတ်တော့ မပိတ်ပါဘူး။ သွားလာနေတာတွေ့ရတယ်။ လွယ်မွေက သိပ်မဝေးတော့ သွားလို့ရမှာပါ။ လွယ်မွေကတော့ ဒီမှာလောက် လျှော့ဒဏ် မခံရဘူးလို့ ကြားရပါတယ်။

**နင်းရည်ဖြူ** ။ ။ ဒီလိုလုပ်ပါလား။ ဖေဖေ ဒီမှာပဲနားနေလေ။ လွယ်မွေရွာကို သမီးနဲ့မမနွယ်သွားပြီး ဒီကလေးတွေမိဘများနဲ့ သွားတွေ့မယ်လေ။

**ဦးညိုမောင်** ။ ။ အေးကွဲ့- ဖေဖေက ကျိုင်းတုံကိုလည်း သွားချင်သေးတာဆိုတော့ သမီးတို့က လွယ်မွေကိုသွားပေးမယ်ဆိုရင် ဖေဖေကျိုင်းတုံကို သွားလို့ရမယ်။

**နင်းရည်ဖြူ** ။ ။ ရတာပေါ့။ သမီးတို့က လွယ်မွေကိုသွား၊ ဒီကလေးတွေရဲ့ မိသားစု အခြေအနေကို သိရတဲ့အခါ၊ လျှော့ဒဏ် မခံရဘူးဆိုရင် သူတို့ကို ဒီပြန်ခေါ်လာမှာပေါ့။ ဖေဖေ ကျိုင်းတုံကိုသာ လွတ်လွတ်လပ်လပ်သွား။

**ဦးညိုမောင်** ။ ။ အေး အေး- ဒီလိုပဲ စီစဉ်ကြတာပေါ့။ ဖေဖေက ကျိုင်းတုံမှာ ငယ်သူငယ်ချင်း ကျောင်းဆရာကို ရှာရမှာ။

**နန့်ခမ်းစင်လာ** ။ ။ လွယ်မွေ့ကို မမနှင်းရည်တို့နဲ့အတူ သမီးပါလိုက်သွားမယ်လေ။

**ဒေါ်နန်းမောင်း** ။ ။ ကောင်းတယ် . . . ကောင်းတယ်။ စုံစမ်းရတာပိုအဆင်ပြေတာပေါ့။ လိုက်သွား . . . လိုက်သွား။

**ဦးညိုမောင်** ။ ။ သမီးတို့က ကျောင်းပိတ်ရက်ဆိုတော့ ဒီမှာအေးအေးဆေးဆေး နေလို့ရမှာပေါ့နော်။ ပြန်ရင်ဖေဖေနဲ့အတူ မြန်အောင်လိုက်ခဲ့ကြပါလား။

**နှင်းရည်မြူ** ။ ။ လက်ဆည်ကန်မှာ နွေစပါးပျိုးခင်း စနစ်သစ်ပျိုးထောင်ပွဲနဲ့ စာကြည့်တိုက်ဖွင့်ပွဲမှာ သမီးတို့ကအမိက တာဝန်ကျနေလို့ ဒီကကိစ္စပြီးရင် သမီးတို့နှစ်ယောက် ချက်ချင်းပြန်ရမယ်ဖေဖေ။ ရွာကသမီးတို့ပြန်အလာကို မျှော်နေကြမှာ။ သမီးတို့ပြန်ရောက်မှ ဖွင့်ပွဲဖျော်ဖြေရေးကိစ္စတွေအချောတိုက်၊ ပွဲရက်အပြီးသတ် ညှိနှိုင်းကြရမှာ။

**ဦးညိုမောင်** ။ ။ ပွဲရက်က ဘယ်တော့လောက် မှန်းထားသလဲ။

**ခင်ခင်နွယ်** ။ ။ သင်္ကြန်အပြီးပေါ့ ဘဘရယ်။

**ဦးညိုမောင်** ။ ။ ဒီလိုဆို သမီးတို့လွယ်မွေ့သွား။ သူတို့မိဘတွေလျှင်မှာပါရင် ကလေးတွေကိုထားခဲ့။ လျှင်ဘေး လွတ်တယ်ဆိုရင် ကလေးတွေကို ဒီပြန်ခေါ်ခဲ့ပြီး စင်လာတို့ ဆီမှာထားခဲ့။ သမီးတို့ပြန်နှင့်။ ဖေဖေက ဒီပြန်လာပြီးမှ ကလေးတွေနဲ့အတူ မြန်အောင်ပြန်မယ်။

**နှင်းရည်မြူ** ။ ။ ဒီလိုဆို၊ သမီးတို့ ကလေးနှစ်ယောက်ကိုခေါ်ပြီးနက်ဖြန်ခါပဲ လွယ်မွေ့ရွာကို သွားကြမယ်။

**ဦးညိုမောင်** ။ ။ ဖေဖေလည်း နက်ဖြန်ခါပဲ ကျိုင်းတုံကို တက်မယ်လေ။

**နန့်ခမ်းစင်လာ** ။ ။ ဒီညတော့ စောစောအိပ်ပေါ့နော်။

**ဒေါ်နန်းမောင်** ။ ။ ကဲ- ဒါဆို၊ ထမင်းပြင်လိုက်မယ်။

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၂၅

| | |
|---|---|
| **နေရာ** | - တာလေမြို့၊ လျှောင်ဒဏ်သင့် တစ်နေရာ။ |
| **အချိန်** | - နေ့ပိုင်း။ |
| **အပြင်အဆင်** | - လျှင်ကြောင့် ပျက်စီးနေသော အဆောက်အုံများကို ပရိုဂျက်တာဖြင့် နောက်ခံပြထားရမည်။ |
| | - ရှေ့တွင် သစ်သားချောင်းများ၊ သွပ်ပြားဟောင်းများ၊ အုတ်နံ့ရံအပျက်အစီးများ စသည့် အပျက်အစီးပုံများရှိနေရမည်။ |
| | - အုတ်နံ့ရံအပျက်ကြီးတစ်ခုလည်း ဇာတ်စင်အလယ်လောက်တွင် ရှိနေစေရမည်။ |

### (ကားဖွင့်)

(ဗိုလ်ကြီး မိုးသောက်နှင့် တပ်မတော်သားများ၊ ကြက်ခြေနီ လူငယ်များ၊ အရပ်သားများ စသည့် ၁၀ ယောက်ခန့် သစ်သားကျိုးများ၊ သွပ်ပြားဟောင်းများ စသည့်အပျက်အစီးများကို ရှင်းလင်းစုပုံခြင်းများ အင်တိုက်အားတိုက် လုပ်နေကြစေ။)

**ဗိုလ်ကြီးမိုးသောက်။** ။ (ခပ်ကျယ်ကျယ်အသံဖြင့်) ထမင်းစား နားကြစို့။ (တပ်မတော်သားများက လက်ယာဘက် တစ်နေရာတွင် စုထိုင်ပြီး မိမိတို့ပါလာသော ဟန်းကောများဖွင့်၍ စားရန်ပြင်ဆင်ကြစေ။ အခြားသူများက ဇာတ်စင်လက်ယာဘက်သို့ ဝင်ကြစေ။)

**ဗိုလ်ကြီးမိုးသောက်။** ။ (လက်ဝဲဘက်ဝင်သွားသူများဆီသို့ လှမ်းခေါ်) ဟေ့- စိုင်းခမ်းပေါင်ရေ ဒီကိုလာဦး. . .။ (ကြက်ခြေနီ လူငယ်လေးတစ်ယောက် ပြန်လှည့်လာစေ။)

**ဗိုလ်ကြီးမိုးသောက်။** ။ မင်း- ကယ်ဆယ်ရေးစခန်းကို လိုက်မသွားနဲ့တော့။ လာ- ငါနဲ့အတူ ထမင်းစား။ မင်းအတွက် ငါ ပိုထည့်လာတယ်။

**စိုင်းခမ်းပေါင်** ။ ။ ဟုတ်ကဲ့ ဗိုလ်ကြီး. . .။

**ဗိုလ်ကြီးမိုးသောက်။** ။ (ဟန်းကောတစ်ခုကို စိုင်းခမ်းပေါင်သို့ လှမ်းပေးရင်း) လာ-ငါတို့ ဟိုအုတ်ပြားကြီးပေါ်သွားစားရအောင်။ (အုတ်နံရံအပျက်ကြီးပေါ်တွင် ထိုင်ကြပြီး ဟန်းကောများ ဖွင့်ကြစေ။ ထမင်းစားရင်းပြော. . .)

**ဗိုလ်ကြီးမိုးသောက်။** ။ မင်းမမ- စင်လာ ဘယ်လိုနေလဲ။

**စိုင်းခမ်းပေါင်** ။ ။ အမြဲ ငိုနေတာပဲ။

**ဗိုလ်ကြီးမိုးသောက်။** ။ ထမင်းရော စားရဲ့လား။

**စိုင်းခမ်းပေါင်** ။ ။ အမေက အတင်းစားခိုင်းပါတယ်။

**ဗိုလ်ကြီးမိုးသောက်။** ။ အေးကွာ- ငါလည်း စိတ်မကောင်းဘူး။ ခုထိ ဆရာခွန်သာကို အမြဲလိုလို မြင်နေတုန်း။ ခွန်သာက ငါ့ကို တကယ့်အစ်ကိုရင်းတစ်ယောက်လို သဘောထားတာကွ။ ငါ့အဖို့လည်း ညီတစ်ယောက် ဆုံးရှုံးသွားတာပါပဲကွာ။

**စိုင်းခမ်းပေါင်** ။ ။ ကျွန်တော့်ကိုလည်း ချစ်တယ်။ ကျွန်တော်သူ့ကို သိပ်သတိရတာပဲ ဗိုလ်ကြီးရာ။ (မျက်ရည်ဝဲလာစေ။)

**ဗိုလ်ကြီးမိုးသောက်။** ။ အေး- မင်းနဲ့ငါတောင် ဒီလောက်ဖြစ်နေရင်၊ ဆရာမ စင်လာတော့ ဘယ်ဖြေဆည်နိုင်ပါ့မလဲကွာ။ အင်း- ညနေကျရင်တော့ ငါမင်းနဲ့လိုက်ခဲ့ပြီး အားပေးဦးမှပါ. . .။

**စိုင်းခမ်းပေါင်** ။ ။ နေဦး ဗိုလ်ကြီး၊ မမ မရှိဘူး။ ခရီးသွားတယ်။

**ဗိုလ်ကြီးမိုးသောက်။** ။ ဟင်- ဘယ်သွားတာလဲ။

**စိုင်းခမ်းပေါင်** ။ ။ ဧည့်သည်တွေ ရောက်လာလို့လေ။ (ထမင်းစားပြီးသွား၍) ကျွန်တော် ဟန်းကော သွားဆေးလိုက်ဦးမယ်။ ဗိုလ်ကြီးရော ပြီးပြီမဟုတ်လား။ ပေး-ဟန်းကော၊ ကျွန်တော် ဆေးပေးမယ်။

**ဗိုလ်ကြီးမိုးသောက်။** ။ အေး အေး- ဆေးပြီးရင် ဒီကိုပြန်လာဦးနော်။

**စိုင်းခမ်းပေါင်** ။ ။ ဟုတ်ကဲ့ ဗိုလ်ကြီး။ (ဟန်းကော နှစ်ခုယူပြီး လက်ဝဲဘက်သို့ဝင်သွားစေ။)

(တစ်အောင့်အကြာ စိုင်းခမ်းပေါင် ပြန်ရောက်လာစေ။)

**ဗိုလ်ကြီးမိုးသောက်။** ။ (စိုင်းခမ်းပေါင်ကို အုတ်နံရံအပျက်ကြီးပေါ်တွင် ထိုင်စေပြီး) ခုန မင်းပြောတဲ့ ဧည့်သည်တွေ ရောက်တယ်ဆိုတာ၊ ဘယ်သူတွေလဲကွ။ ခရီး သွားတယ်ဆိုတာကရော ဘယ်သွားတာလဲကွ။

**စိုင်းခမ်းပေါင်** ။ ။ မမစင်လာ အရင်က ကျောင်းသွားနေတဲ့ မြန်အောင်မြို့ကလေ။ မမနဲ့ ညီအစ်မလိုခင်တဲ့ ဆရာမလေးနဲ့ သူ့အဖေတို့ ရောက်လာတာ။ လျှော်သတင်းကြားတာနဲ့ သူတို့ချက်ချင်းလာ တာတဲ့။

**ဗိုလ်ကြီးမိုးသောက်။** ။ (စိတ်ဝင်စားစွာ) ဟေ- မြန်အောင်မြို့က ဟုတ်လား။ ဘယ်သူတဲ့တုန်းကွ။

**စိုင်းခမ်းပေါင်** ။ ။ (ခဏစဉ်းစားပြီး) ဒေါ်နှင်းရည်ဖြူ။ တစ်ယောက် ကတော့ ဒေါ်ခင်နွယ်။

**ဗိုလ်ကြီးမိုးသောက်။** ။ ဟာ- နှင်းရည်ဖြူ ဟုတ်လား။

**စိုင်းခမ်းပေါင်** ။ ။ ဗိုလ်ကြီး အသိလား။

**ဗိုလ်ကြီးမိုးသောက်။** ။ အင်း- အဲ- မဟုတ်ပါဘူးကွ။ သူတို့ နှစ်ယောက်ပဲ လား။ နောက် ဘယ်သူပါသေးလဲ။

**စိုင်းခမ်းပေါင်** ။ ။ အဘတစ်ယောက်နဲ့ ကျောင်းသားလေး နှစ်ယောက်လည်းပါတယ်။ ဆရာမလေးရဲ့ အဖေလို့ပြောတယ်။ သူတို့က အတူတူလာတာ မဟုတ်ဘူး။ ဒီကျမှ တွေ့တာတဲ့။

**ဗိုလ်ကြီးမိုးသောက်။** ။ အဲဒီ အဘနာမည်သိလား။

**စိုင်းခမ်းပေါင်** ။ ။ မမစင်လာက “ဘဘညို” လို့ ခေါ်တာပဲ။

**ဗိုလ်ကြီးမိုးသောက်။** ။ (အံ့ဩတုန်လှုပ်သော အသံဖြင့်) ဟာ. . .။

**စိုင်းခမ်းပေါင်** ။ ။ ဗိုလ်ကြီး အသိတွေလား။

**ဗိုလ်ကြီးမိုးသောက်**။ ။ ခု- သူတို့ဘယ်ကိုသွားသတဲ့လဲ။ စင်လာပါ ပါသွားတာလား။

**စိုင်းခမ်းပေါင်** ။ ။ ဆရာမလေးတို့နဲ့ မမစင်လာက ကျောင်းသား လေးနှစ်ယောက်ကို လွယ်မွေ့သွားပို့တာ။ ကျောင်းသားလေးတွေက လွယ်မွေ့ကလေ။ ဟို- ဘဘညိုကတော့ ကျိုင်းတုံကိုတက်သွားတာ။

**ဗိုလ်ကြီးမိုးသောက်**။ ။ သူတို့ ဘယ်တော့ပြန်လာမှာလဲ၊ မင်းသိလား။

**စိုင်းခမ်းပေါင်** ။ ။ အဲဒါတော့ ကျွန်တော်မသိဘူး။

(ဗိုလ်ကြီးမိုးသောက်ငြိမ်၍ စဉ်းစားနေပြီးမှ လက်ပတ်နာရီကိုကြည့်။)

**ဗိုလ်ကြီးမိုးသောက်**။ ။ ကဲကဲ- ရှင်းလင်းရေးပြန်စကြစို့။

**စိုင်းခမ်းပေါင်** ။ ။ ဆက်လုပ်ကြမယ်ဟေ့. . .။

(အတွင်းဘက်မှ လူများပြန်ထွက်လာကြစဉ်. .)

**(ကားပိတ်)**

❖ ❖ ❖

## အခန်း- ၂၆

**နေရာ** - တာလေမြို့၊ လျှော်ဒက်သင့်ညဥ့်ပိုင်း။

**အချိန်** - ညဥ့်။

**အပြင်အဆင်** - လှုပ်ခါနေသော အဆောက်အအုံများ ပုံရိပ်ကို ပရိုဂျက်တာဖြင့် နောက်ခံပြသထားရမည်။ ညဥ့်အချိန်ဖြစ်၍ ၎င်းပုံရိပ်များကို လင်းခနဲ လက်ခနဲသာပြသရန်။

**(ကားဖွင့်)**

(အမှောင်ထဲတွင် လူအများ အော်ဟစ်ပြေးလွှား နေကြသည်ကို လင်းခနဲ လက်ခနဲ မြင်ရစေ။ တဝေါဝေါအသံများလည်း ထွက်လာစေ။)

အော်ဟစ်သံများ - လျှော်လှုပ်နေတာဟေ့။

- ဝပ်နေကြ ဝပ်နေကြ. . .။
- ဟာ အထဲမှာပြုတ်ကျကုန်ပြီ. . .။
- အထဲကလူတွေ အပြင်ထွက်၊ အကုန်လုံးထွက် . . . အကုန်လုံးထွက်. . .။

- ဟာ- အမေ. . . အမေ. . . အထဲမှာ အမေ ကျန်နေတယ်. . .။
- လုပ်ပါဦး. . . လုပ်ပါဦး. . . အမေကျန်နေတယ်။ အမေက လမ်းမလျှောက်နိုင်ဘူး. . .။
- ဆရာခွန်သာ- ဆရာခွန်သာ- မဝင်နဲ့တော့. . .။
- ဟာ ပြိုပြီ. . . ပြိုပြီ. . .။

(ဝေါ. . . ဝုန်း. . . ဟူသော အသံကြီးကြားရ။ အမှောင်ထဲတွင် အဆောက်အအုံကြီးတစ်ခု ပြိုကျသွားသည့် ပုံရိပ်ကိုမြင်လိုက်ရစေ။ အော်ဟစ် ဆူညံသံများ၊ ပြေးလွှားပုံရိပ်များ၊ ကြောက်လန့်တကြားအော်သံများ ပို၍ဖြစ်ပေါ်လာပြီးနောက်၊ ငြိမ်သွားသည့်အချိန်တွင်. . .။

ဇာတ်စင်အလယ်၊ ကွက်ထိုးမီးအောက်၌ ဗိုလ်ကြီးမိုးသောက်က သွေးအလိမ်းလိမ်းဖြင့် ရှိနေသော တပ်ကြပ်ခွန်သာကို ပွေ့လျက်ပေါ်လာစေ။)

**တပ်ကြပ်ခွန်သာ။** ။ (ဒဏ်ရာများကြောင့် မချိမဆံ့ခံစားနေရင်း) ဗိုလ်ကြီး . . . စင်လာ. . စင်လာ. . စင်လာကို စောင့်ရှောက်လိုက်ပါနော်။ နော်- ဗိုလ်ကြီး. . .။

**ဗိုလ်ကြီးမိုးသောက်။** ။ အေးပါကွာ. . . အေးပါ။ မင်းဘာမှမဖြစ်ပါဘူး။ စိတ်တင်းထား. . စိတ်တင်းထား။ ဆေးရုံကားခေါ်ထားတယ်။

**တပ်ကြပ်ခွန်သာ။** ။ ဗိုလ်ကြီး. . . ကျွန်တော်မနေရတော့ဘူး။ စင်လာကို အပ်ခဲ့ပါတယ်။

နော် . . နော် . . နော် . . . ဗိုလ်ကြီး . . . သူ့ . . .
သူ့မှာ . . . ကျွန်တော့်ရင်သွေး . . .။

**ဗိုလ်ကြီးမိုးသောက်။** ။ အေး အေးပါကွာ၊ အေးပါ . .။ စကားမပြောနဲ့။

**တပ်ကြပ်ခွန်သာ ။** ။ စင်လာ . . . စင်လာ . . . (ပျော့ကျသွားစေ။)
(တောင်ပေါ်သစ်ပင်ကြီးတစ်ပင် ရေးချက်ကား လိပ်ကျလာ။ ခွင်ပြည့်မီးလင်းလာ။)
(သစ်ပင်ကြီး၏ အောက်နားတွင် ဗိုလ်ကြီး မိုးသောက်တစ်ယောက်တည်း မတ်တတ်ရပ်လျက် အဝေးသို့မျှော်နေစေ။)

**ဗိုလ်ကြီးမိုးသောက်။** ။ (အတွေးစကားများ နောက်ခံသံဖြင့်ထွက်လာ။)
ဩော်- ဆုံမှဆုံတတ်လေတယ် နှင်းရည်ရယ်။ အရင်က အရက်ကြောင့် ကိုယ်မှားခဲ့တဲ့ အဖြစ်အပျက်၊ အဲဒီ မိန်းကလေးနဲ့ တကယ်ယူဖို့ မဟုတ်ခဲ့တဲ့ အဖြစ်မှန်ကို ကိုယ်ရှင်းပြပြီး ဝန်ချတောင်းပန်ဖို့ အချိန်ယူနေတဲ့ကာလမှာပဲ စင်လာရဲ့ အဖြစ်ဆိုးက ကြုံလာရပြန်ပါပကော။

အင်း-- ငါမကယ်ရင်တော့ စင်လာလေးဘဝ အများတကာတွေးခွက်မှာ ပက်လက်မျောတော့မှာ။ နောက်ပြီး ငါ့ညီလေး ခွန်သာကိုလည်း ငါကတိပေးခဲ့ပြီးပြီ။

ငါ ဘာလုပ်ရမလဲ . . . ငါဘာလုပ်ရမလဲ . . .
နှင်းရည်ရယ် . . . တကယ်တော့ ကိုယ်ဟာ မင်းနဲ့ မတန်ပါဘူး။

(သစ်ပင်အောက်တွင် ဟိုသည်လျှောက်။ ထို့နောက်. . .)

**ဗိုလ်ကြီးမိုးသောက်။** ။ (နှုတ်မှ အသံထွက်ပြော) ဟုတ်ပြီ၊ ငါ စင်လာကို လက်ထပ်ရမယ်။ အင်း- ငါ့နာမည်ကြားရရင် မိန်းမရှိလျက်နဲ့ နောက်ထပ်ယူရမလား ဆိုပြီး နှင်းရည် စိတ်ဆိုးမှာ။ သည်တော့ သူ့ကိုလည်း ငါမတွေ့တော့ဘူး။ စာနဲ့ပဲ အကြောင်းစုံကိုရေးပြီး တောင်းပန်မယ်။

**(ကားပိတ်)**

❖ ❖ ❖

## အခန်း- ၂၇

**နေရာ** - တာလေမြို့၊ နန့်ခမ်းစင်လာတို့၏ နေအိမ်။

**အချိန်** - နေ့ပိုင်း။

**အပြင်အဆင်** - အခန်း ၂၄ အတိုင်း။

(ကားဖွင့်)

(ခရီးမှပြန်ရောက်ခါစ နှင်းရည်ဖြူ ခင်ခင်နွယ် နှင့် နန့်ခမ်းစင်လာတို့ ဖျာပေါ်တွင်ထိုင်ကြစေ။ ကလေးနှစ်ယောက်လည်း ပြန်ပါလာ။)

**ဒေါ်နန်းဟောင်း** ။ ။ (အတွင်းမှ ထွက်လာပြီး) သမီးတို့ ပြန်လာပြီကိုး။

**နှင်းရည်ဖြူ** ။ ။ ဖေဖေတော့ ကျိုင်းတုံက ပြန်မရောက်သေးဘူးနော်။

**ဒေါ်နန်းဟောင်း** ။ ။ မရောက်သေးဘူး။

**နှင်းရည်ဖြူ** ။ ။ လွယ်မွေ့ရွာက ကလေးနှစ်ယောက်ရဲ့ မိသားစု လျှောင်ဘေးကလွတ်တယ်လေ။ ဒါကြောင့် ကလေး နှစ်ယောက်ကို ဒီမှာထားခဲ့ပြီး မမတို့နှစ်ယောက် နက်ဖြန်ပြန်မယ်နော်၊ ညီမလေး စင်လာ။

**နန်းခမ်းစင်လာ** ။ ။ ဟုတ်ကဲ့ပါ မမနှင်းရည်။ ကျွန်မတို့အတွက် မမတို့၊ ဘဘညိုတို့ ပင်ပန်းသွားကြပြီနော်။

**နှင်းရည်ဖြူ** ။ ။ တို့ညီအစ်မတွေကြားမှာ ဒီစကားမျိုး မပြောပါနဲ့ ကွယ်။ အင်း- မပြန်ခင် ညီမလေးအတွက် တစ်ခု လုပ်ပေးဖို့ မမ လမ်းမှာ စဉ်းစားခဲ့တယ်။

**နန်းခမ်းစင်လာ** ။ ။ ဘာလုပ်မှာလဲ မမ။

**နှင်းရည်ဖြူ** ။ ။ တပ်ကြပ်ခွန်သာရဲ့တပ်ထဲက အကြီးအကဲတွေကို ခုသွားတွေ့ပြီး ဆွေးနွေးမယ်။
(ဒေါ်နန်းဖောင်း ကမန်းကတန်း ဝင်ပြော။)

**ဒေါ်နန်းဖောင်း** ။ ။ အဲ- အဲဒီကိစ္စလေ. . .၊ ပြောပြစရာရှိတယ်။
(အားလုံးစိတ်ဝင်စားစွာ နားစွင့်နေကြစေ။)

**ဒေါ်နန်းဖောင်း** ။ ။ မနေ့က ညနေကလေ၊ ခွန်သာရဲ့ဗိုလ်ကြီး ရောက်လာတယ်။ ခွန်သာက သူ့လက်ပေါ်မှာ ဆုံးသွားတာလေ။ မသေခင် သူနဲ့စင်လာတို့ အကြောင်းကို ပွင့်ပွင့်လင်းလင်း ပြောပြပြီး စင်လာကို အပ်သွားတယ်တဲ့။ ခွန်သာရဲ့ဆန္ဒ အရ စင်လာကို သူလက်ထပ်ပါရစေတဲ့။

**နှင်းရည်ဖြူ** ။ ။ ဟာ- ကောင်းတာပေါ့။

**ခင်ခင်နွယ်** ။ ။ စိတ်ထားလေး မြတ်လိုက်တာ။

**နှင်းရည်ဖြူ** ။ ။ အဲဒီဗိုလ်ကြီးကို အန်တီဖောင်း သိလား။

**ဒေါ်နန်းဖောင်း** ။ ။ သိတာပေါ့။ ခွန်သာနဲ့ မကြာမကြာလာလည်တယ်။ စင်လာနဲ့လည်း ရင်းနှီးပါတယ်။ သဘောလည်း ကောင်းပါတယ်။

**နှင်းရည်ဖြူ** ။ ။ သူ့နာမည်က. . .။

**နန့်ခမ်းစင်လာ** ။ ။ ဗိုလ်ကြီး မိုးသောက်ပါ။
(နှင်းရည်ဖြူ အံ့သြခြင်း၊ အံ့အားသင့်ခြင်းများဖြင့် ရုတ်တရက်ပင်. . . )

**နှင်းရည်ဖြူ** ။ ။ (အလောတကြီးနှင့်) နေဦး- နေဦး၊ မိန်းမရှိတယ်။

**နန့်ခမ်းစင်လာ** ။ ။ ဟင်- မမနှင်းရည်က ဗိုလ်ကြီးမိုးသောက်နဲ့ သိလို့လား။

**နှင်းရည်ဖြူ** ။ ။ (ဘာဖြေရမှန်းမသိ ဖြစ်သွားပြီးမှ) သြော်-သြော်- မိန်းမရှိလား စုံစမ်းဦးလို့ပြောတာပါ။

**ဒေါ်နန်းဟောင်း** ။ ။ သြ-၊ ဆရာမ နှင်းရည်ဖြူတို့ ဟိုးအဝေးကြီးကတောင်လာကြလို့ သူကကျေးဇူးတင်ကြောင်း စာတစ်စောင်လည်း ပေးသွားတယ်။ (ထသွားပြီး နံရံတွင်ညှပ်ထားသော စာတစ်စောင်ကိုယူ၍ နှင်းရည်ဖြူအားပေးစေ။)
(နှင်းရည်ဖြူစာကိုဖွင့်၍ ဖတ်စေ။ ဖတ်ရင်း မျက်ရည်များ ကျလာစေ။)

**နန့်ခမ်းစင်လာ** ။ ။ ဟင်- မမနှင်းရည်၊ ငိုနေတာလားဟင်။

**နှင်းရည်ဖြူ** ။ ။ (သတိပြန်ထိန်းလိုက်ပြီး) သြော်- သြော်- မငိုပါဘူးကွဲ့။ ညီမလေးအတွက် ကယ်မယ့်သူပေါ်လာတာ ဝမ်းသာလွန်းလို့ မျက်ရည်ကျတာပါကွယ်။ (စာကို အိတ်ထဲ ပြန်ထည့်ပြီး) ကဲ- ညီမလေးစင်လာအတွက် စိတ်အေးရပါပြီ။ ဗိုလ်ကြီးမိုးသောက်နဲ့ ဆက်ဆက်လက်ထပ်လိုက်နော် ညီမလေး။

**နန်းခမ်းစင်လာ** ။ ။ ဟုတ်ကဲ့ပါ၊ မမနှင်းရည်သဘောအတိုင်း ညီမလေး လိုက်နာပါ့မယ်။

**နှင်းရည်မြ** ။ ။ ဗိုလ်ကြီး မိုးသောက်ကိုလည်း ပြောလိုက်ပါကွယ်၊ မမက လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်လို့. . .။ ညီမလေးတို့ဘဝ သာယာချမ်းမြေ့ကြပါစေ. . .။

(ကားပိတ်)

❖ ❖ ❖

## အခန်း- ၂၈

## ပြကွက် (၁)

**နေရာ** - လက်ဆည်ကန်ရွာ၊ ဘုန်းတော်ကြီးကျောင်း။

**အချိန်** - နံနက်ပိုင်း။

**အပြင်အဆင်** - ဘုန်းတော်ကြီးကျောင်း အတွင်းပိုင်း ရေးချက် နောက်ခံကား ရှိရမည်။

- အလယ်တွင် တရားပလ္လင်တစ်ခုရှိရမည်။

### (ကားဖွင့်)

(ပလ္လင်ပေါ်တွင် တရားပေးနေသော ဦးပဥ္စင်း တစ်ပါးနှင့် ရှေ့တွင် ဒကာ၊ ဒကာမ ၁၀ ယောက်ခန့် တရားနာလျက်ရှိစေ။)

**ဦးပဥ္စင်း** ။ ။ ဒီကနေ့ သင်္ကြန်အကြိုနေ့မှာ ကိုးပါးသီလ ခံယူပြီးကြပြီနော်။ သင်္ကြန်ကို ကုသိုလ်ကောင်းမှုနဲ့ ကြိုလိုက်ပြီ။ နှစ်သစ်ကူး အခါသမယမှာ ဗုဒ္ဓဘာသာဝင်တို့ဟာ ကောင်းမှုကုသိုလ်များနဲ့ ထုံမွမ်းကြမြဲဖြစ်ပါတယ်။ အင်္ကြန်ကာလအတွင်း ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ တရားမမွ

နာယူခြင်း၊ တရားအားထုတ်ခြင်း စသည်ဖြင့် ကုသိုလ်ကောင်းမှုပြုပြီး နှစ်သစ်ကို ကြိုဆိုသင့်ကြတယ်။ ကုသိုလ်ကသာ ကောင်းကျိုးချမ်းသာကို ပေးနိုင်တယ်။ အကြွန်အတွင်းမှာ ကောင်းမှုကုသိုလ်မပြုဘဲ မူးရူးနေကြမယ်ဆိုရင် ယခုဘဝမှာလည်း အသက်တိုခြင်း၊ ထိခိုက်မှုများဖြစ်ခြင်း စတဲ့ ဆိုးကျိုးများဖြစ်စေပြီး သေသည်၏အခြားမဲ့၌ အပါယ်လေးပါး စတဲ့ ဆိုးကျိုးများသာ ရရှိမယ်ဆိုတာ လူကြီးမိဘများက သားသမီးများကို အသိတရားတွေ ပေးသင့်တယ်လို့ ဦးဇင်းက အကြွန်တရားအဖြစ် တိုတိုတုတ်တုတ်ပဲ ဟောလိုက်ပါတယ်။

အခုကြုံတုန်း သာဓုခေါ်ထိုက်တဲ့ ကောင်းမှုတစ်ရပ်ကို ပြောချင်ပါတယ်။ နှစ်သစ်ကူးပြောင်းစ နှစ်ဆန်းကာလမှာ စာကြည့်တိုက်ဖွင့်ပွဲနဲ့ စနစ်သစ်ပျိုးထောင်ပွဲကို ခြိမ့်ခြိမ့်သဲကျင်းပမယ်လို့ သိရတယ်။ စာကြည့်တိုက်ဆိုတာ လူတွေကိုကောင်းအောင် ပြုပြင်ပေးတဲ့ဌာနကြီးဖြစ်သလို၊ စနစ်သစ်နဲ့ စပါးပျိုးထောင်စိုက်ပျိုးရေးဆိုတာလည်း လူတွေကို ကောင်းကျိုးပြုမှာမလွဲဘူး။ ဒါကြောင့် မကြာခင် ကျင်းပတော့မယ့်၊ ဘာပွဲ. . .။

အများ ။ ။ "ပျိုးနှစ်ခင်းပွဲ" ပါဘုရား။

**ဦးပဥ္စင်း** ။ ။ အေး- အဲဒီ "ပျိုးနှစ်ခင်းပွဲ" ကို သာဓုခေါ်ကြရအောင်။

**အများ** ။ ။ သာဓု. . . သာဓု. . . သာဓု. . .။

## (ကားပိတ်)

* * * * *

## ပြကွက် (၂)

**နေရာ** - လက်ဆည်ကန်ရွာ၊ အလက ခန်းမ။

**အချိန်** - နေ့ပိုင်း။

**အပြင်အဆင်** - ခန်းမတစ်ခု၏ အတွင်းပိုင်း ရှေ့ချက် နောက်ခံကားရှိရမည်။

- စကားပြောစင်ရှိရမည်။

## (ကားဖွင့်)

(စကားပြောစင်တွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်အေးက ဟောပြောနေသည်ကို ကျောင်းသူကျောင်းသားများက နားထောင်လျက်ရှိစေ။)

**ကျောင်းအုပ်ဆရာမကြီး** ။ ။ ဒီကနေ့ သင်္ကြန်အကြိုနေ့ကစပြီး ကလေးတို့ သင်္ကြန်ရေပက်ကစားနိုင်ဖို့အတွက် ဆရာ ဆရာမများက ရေကစားမဏ္ဍာပ်ကို ကျောင်းရှေ့မှာ ဆောက်ပေးထားတယ်။ ကလေးတို့ဟာ ယဉ်ကျေးသော မြန်မာကလေးများပီပီ မြန်မာ့ရိုးရာယဉ်ကျေးမှုနဲ့အညီ ရေကစားကြဖို့ဖြစ်တယ်။

သင်္ကြန်ရေကစားမဏ္ဍပ်ကိုမသွားခင် သင်္ကြန်အကြောင်းကို ဆရာမကြီး ပြောပြမယ်။ သင်္ကြန်ဆိုတာ "သင်္ကြန္တ" ဆိုတဲ့ သက္ကတဘာသာ ဝေါဟာရကလာတဲ့ စကားကွဲ့။ ပါဠိလိုကျတော့ "သင်္ကန္တ"ဖြစ်တယ်။ အဓိပ္ပာယ်ကတော့ "ကူးပြောင်းခြင်း"။ ဒါကြောင့် သင်္ကြန်ဆိုတာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းတဲ့အဓိပ္ပာယ် ရှိတယ်ကွဲ့။ သင်္ကြန်ကာလမှာ ဘာကြောင့် ရေကစားကြသလဲ။ တကယ်တော့ ရေကစားတာ မဟုတ်ပါဘူး။ ရေနဲ့ပက်ဖျန်းပြီး နှစ်ဟောင်းက အညစ်အကြေးတွေကို ဆေးကြောတဲ့ သဘောပါကွယ်။ ရှေးကဆို သပြေခက်နဲ့ ရေပက်ဖျန်းကြတာ။ အဲဒီလိုကနေ ရေခွက်နဲ့ပက်တယ်။ နောက်တော့ ရေပိုက်နဲ့ပက်တယ်။ အဲဒီလိုကနေ ပလတ်စတစ်အိတ်တွေနဲ့ ပစ်ပေါက်တာတွေ၊ ညစ်ပတ်တဲ့ရေနဲ့ ပက်တာတွေ ဖြစ်လာတာကွဲ့။ တဖြည်းဖြည်းနဲ့ သရုပ်ပျက်လာတာပေါ့ကွယ်။ ဒါကြောင့် သားတို့၊ သမီးတို့ဟာ ယဉ်ကျေးတဲ့ မြန်မာကလေးများပီပီ ယဉ်ယဉ်ကျေးကျေး ရေပက်ကြဖို့ ဆရာမကြီး ပြောချင်ပါတယ်။

နောက်တစ်ခု ပြောချင်တာကတော့ တို့ဒေသမှာ သင်္ကြန်ပြီးရင် "ပျိုးနှစ်ခင်းပွဲ" သားတို့ သမီးတို့ ပါဝင်ဆင်နွှဲကြရဦးမှာဆိုတော့ သင်္ကြန်တွင်းမှာ

အစွမ်းကုန် ဆော့လိုက်မယ်၊ ကစားလိုက်မယ်၊ ကဲလိုက်မယ်ဆိုတဲ့စိတ် မမွေးကြနဲ့ကွဲ့။ ဆော့ကစားလွန်ပြီး ဒဏ်ရာအနာတရ ဖြစ်သွားရင် ပျိုးနှစ်ခင်းပွဲမှာ မပါရဘဲဖြစ်သွားမယ်ဆိုတာ သတိပြုကြပါလို့ မှာချင်ပါတယ်။

ကဲ- ရေပက်မဏ္ဍပ်ကို သွားနိုင်ကြပါပြီ။ ရွာထဲက စတုဒိသာမဏ္ဍပ်တွေမှာလည်း မုန့်လုံးရေပေါ် သွားစားကြဦးကွဲ့. . .။

## (ကားပိတ်)

* * * * *

## ပြကွက် (၃)

**နေရာ** - လက်ဆည်ကန်ရွာဦးကျောင်းဝင်းအတွင်းရှိ ဥပုသ်ဇရပ်။

**အချိန်** - နံနက်ပိုင်း။

**အပြင်အဆင်** - ဇရပ်တစ်ခု၏အတွင်းပိုင်း အုတ်နံရံ ရေးချက်နောက်ခံကား ရှိရမည်။

- ၎င်းရှေ့တွင် ကွပ်ပျစ်နှစ်လုံးလောက် ချထားရမည်။

## (ကားဖွင့်)

(ကွပ်ပျစ်များပေါ်တွင် ဘိုးဘွား ၁၀ ယောက်ခန့် ထိုင်လျက်ရှိပြီး၊ ဘိုးဘွားများကို မျက်နှာမူ၍ နေရာယူထားသော လူပရိသတ်က ရှိခိုးဦးချ

နေကြစေ။ ဘိုးဘွားများရှေ့တွင် ကန်တော့ပစ္စည်းပွဲများ ရှိနေစေ။)

(ရှိခိုးဦးချပြီးချိန်တွင် အလယ်မှ ဘိုးတစ်ဦးက ဇင်းရှေ့တွင် အသင့်ချထားသော မိုက်ခွက်ဖြင့် ဆုပေးစကားပြောကြားစေ။)

**ဆုပေးစကားပြော။** ။ ဒီကနေ့ နှစ်ဆန်း ၁ ရက်နေ့မှာ သက်ကြီးရွယ်အို ဘိုးဘွားတို့အား ခေါင်းလျှော်သန့်စင်ပေးခြင်း၊ ခြေသည်းလက်သည်းလှီးပေးခြင်း၊ အဝတ်အထည်၊ အစားအသောက် ဆေးဝါး အသုံးအဆောင်ပစ္စည်းနဲ့ ငွေကြေးတို့ဖြင့် ပူဇော်ကန်တော့ခြင်းဟာ အလွန်ကြီးမြတ်တဲ့ ကောင်းမှုကုသိုလ်ဖြစ်ပါတယ်။ ပညာအားဖြင့် ကြီးသူ၊ ဂုဏ်အားဖြင့်ကြီးသူ၊ အမျိုးအားဖြင့်ကြီးသူ၊ အရွယ်အားဖြင့်ကြီးသူများသည် ဂါရဝ ပြုအပ်သော **"အကြီးလေးမျိုး"** ဖြစ်တယ်။ ဘိုးဘွားမိဘဆရာသမား သက်ကြီးရွယ်အိုတို့အား ရိုသေကန်တော့ခြင်းဟာ ဂါရဝ၊ နိဝါတ မင်္ဂလာနှစ်ပါးဖြစ်ပေတယ်။ ကြီးမြတ်တဲ့ ကောင်းမှုကုသိုလ်ပြုသူတို့သည် ကွယ်လွန်သည့်အခါ နတ်ရွာသုဂတိသို့လားကြောင်း၊ လူဖြစ်လျှင်လည်း မြင့်မြတ်သောအမျိုး၌ ဖြစ်ရကြောင်း ကျမ်းဂန်တို့၌ လာရှိပေသည်။ ထို့ကြောင့် ဤသို့ ကြီးမြတ်လှသော ကောင်းမှုကုသိုလ်အကြောင်းကြောင့်

ကောင်းမြတ်သော အကျိုးတရားများ ရရှိကြပါစေသတည်း။

**အများ** ။ ။ ပေးတဲ့ဆုနဲ့ ပြည့်ပါစေ။

**အခမ်းအနားမှူး။ (ကိုတင်အေး)** ။ သက်ကြီးပူဇော်ပွဲ အခမ်းအနား ပြီးပါပြီခင်ဗျား။ ဒါကြောင့်. . . ။

**အဘွား ရွှေမိ** ။ ။ နေပါဦးကွဲ့၊ မပြီးပါနဲ့ဦး။ (အားလုံး ထမည်ဟန်ပြင်ရာမှပြန်ထိုင်ပြီး အဘွား ရွှေမိပြောမည့်စကားကို နားစွင့်ကြစေ။)

**အဘွား ရွှေမိ** ။ ။ မင်းတို့တွေ မကြာခင်ကျင်းပမယ့် **"ပျိုးနှစ်ခင်းပွဲ"** မှာ တို့အဘိုးအဘွားတွေ လာလို့မရဘူးလားကွဲ့။ (အားလုံးခပ်ပြုံးပြုံး ဖြစ်သွားကြစေ။)

**ကိုတင်အေး** ။ ။ ရတယ်အဘွား။ တစ်ရွာလုံး လာလို့ရပါတယ်။ **"စာပျိုးခင်း စာကြည့်တိုက်"** ဖွင့်ပွဲကို ပထမလာပါ။ အသက်အရွယ်ကြီးသူများကို သီးခြားနေရာပေးပါ့မယ်။ အဲဒီကနေ လက်ဆည်ကန်ရိုး **"ပျိုးခင်းသစ် စပါးပျိုးပွဲ"** ကို သွားဖို့ကျတော့ အဘွားတို့ လိုက်နိုင်မယ် မထင်ဘူး။

**အဘွား ရွှေမိ** ။ ။ အို - ငါက ကောက်စိုက်သမဟောင်းကြီးလေ။ ဟောဒီလို. . . ဟောဒီလို. . . ကပြီးတော့ တောင် လိုက်မှာ. . . ။ (လက်ဖြင့် ကပြစေ။) (အားလုံးရယ်မောလျက်ရှိစဉ် -)

**(ကားပိတ်)**

* * * * *

## ပြကွက် (၄)

**နေရာ** - ဖောင်းတောရေလှောင်တမံ၊ မြောင်းလက်တစ်နေရာ

**အချိန်** - မွန်းလွဲပိုင်း

**အပြင်အဆင်** - အလျားလိုက် ရေမြောင်းသဏ္ဍာန် ရေးချက်နောက်ခံကား ရှိရမည်။

- ရှေ့တွင် ကန်သင်း ရေးချက် ဒူးပိတ်ရှိရမည်။

### (ကားဖွင့်)

(ငါးများထည့်လာဟန်နှင့် ရေအိုး၊ ရေပုံးများကိုင်ဆွဲလျက် ရွာသူရွာသားအချို့ ဇာတ်စင်လက်ယာဘက်မှထွက်လာ။ ဦးချိုများတွင်ပန်းများချည်နှောင်ပြီး လည်ပင်းတွင် "ဘေးမဲ့" စာတန်းဆွဲထားသော နွားတစ်ကောင်ကိုဆွဲလျက် လည်းကောင်း၊ စာကလေး ငှက်ကလေးများကို ခြင်းများဖြင့် ထည့်လျက်လည်းကောင်း၊ ရွာသူရွာသားအချို့က ဇာတ်စင်လက်ဝဲဘက်မှထွက်လာ။ အားလုံး ဒူးပိတ်ရှေ့တွင် တန်းမိချိန်တွင် လက်ယာဘက်မှ၊ ငတီးခေါင်းဆောင်သောတောသုံးကောင်အိုးစည်ဝိုင်း တီးမှုတ်ကခုန်လျက် ထွက်လာစေ။ အိုးစည်ဝိုင်းက ဇာတ်စင်အလယ်လောက်အရောက်တွင် ဇာတ်စင်လက်ဝဲ

ဘက်မှ ကိုတင် (ရယက အဖွဲ့ဝင်) ထွက်လာပြီး ရှာသူ ရှာသားများဘက်သို့ လှည့်၍ပြော-)

**ကိုတင်** ။ ။ ဒီကနေ့ နှစ်ဆန်း ၁ ရက်နေ့မှာ ကျွန်တော်များ လက်ဆည်ကန် ရွာသူရွာသားများရဲ့ မေတ္တာ ကရုဏာ အစဉ်အလာအဖြစ် ငါးလွှတ်ပွဲ၊ ငှက် လွှတ်ပွဲနဲ့ နွားဘေးမဲ့လွှတ်ပွဲကို ယခုကျင်းပပါ တော့မယ် ခင်ဗျာ။ ဒါကြောင့် ရေအိုး၊ ရေပုံး များနဲ့ ထည့်လာတဲ့ ငါးများကို ရေမြောင်းထဲကို သွန်ချကြဖို့၊ ခြင်းများနဲ့ထည့်လာတဲ့ စာကလေး ငှက်ကလေးများကို လွှတ်လိုက်ဖို့၊ ဘေးမဲ့နွားကို တောထဲသို့ လွှတ်လိုက်ဖို့. . . အဲဒီဇီဝိတဒါန လွှတ်ပွဲကို ယခု တစ်ပြိုင်နက် ပြုကြပါခင်ဗျား။ (ရေအိုး၊ ရေပုံးများမှ ငါးများကို ဒူးပိတ်ကား အတွင်းဘက်သို့ သွန်လိုက်ကြစေ။ ခြင်းများကို ဖွင့်၍ စာကလေးနှင့် ငှက်များကို လေထဲသို့ လွှတ်လိုက်ကြစေ။ ဘေးမဲ့နွားကို ဇာတ်စင် လက်ယာဘက်သို့ လွှတ်လိုက်စေ။)

(အသီးသီးလွှတ်ပေးလိုက်ပြီးသည်နှင့် ပျော်ရွှင် ကြည်နူးစွာ လက်ခုပ်များတီးကြစဉ် တော သုံးကောင် အိုးစည်ဝိုင်းက မြိုင်မြိုင်ဆိုင်ဆိုင် တီးကြစေ။ လာရောက်သူများ ကခုန်ကြစေ။)

(အတန်ကြာ တီးမှုတ်ကခုန်ကြပြီးနောက်၊ ကနေ သူများ အထဲမှ အမျိုးသမီးကြီး တစ်ယောက်က

တီးနေသော အိုးစည်ဝိုင်းကို လက်ကာပြ၊ ရပ်စေပြီး -)

**အမျိုးသမီးကြီး ။ ။** ပျော်လိုက်တာ။ ကလို့ကောင်းလိုက်တာ။ ဟော့-ငတီးတို့ အိုးစည်ဝိုင်းကို အခုကစပြီး တောသုံးကောင်အိုးစည်ဝိုင်းလို့ မခေါ်ကြနဲ့တော့။ **"တောသုံးထောင်အိုးစည်ဝိုင်း"** လို့ ခေါ်ကြ။ နောက်ပြီး အသောက်အစားလျှော့ပြီး **"ပျိုးနှစ်ခင်းပွဲ"** အတွက် ဗုံကြီးဝိုင်းကို ကြိုးစားလေ့ကျင့်နေကြတဲ့ သူတို့အဖွဲ့ရဲ့ **"ဗုံကြီးသံ"** ကို အားပေးကြမယ်နော်. . . ။

**အများ ။ ။** (လက်များမြှောက်၍ အားပေးကြမယ်။)
(အိုးစည်ဝိုင်းက မြိုင်မြိုင်ကြီး တီးမှုတ်ကြစေ။)

**(ကားပိတ်)**

❖ ❖ ❖

## အခန်း- ၂၉

**နေရာ** - ဦးထင်၏ နေအိမ်ဧည့်ခန်း။
**အချိန်** - မွန်းလွဲပိုင်း။
**အပြင်အဆင်** - အခန်း- ၁၊ ပြကွက် (၂) အတိုင်း။

**(ကားဖွင့်)**

(ဦးထင် ဟိုသည်လျှောက်ရင်း တွေးတောလျက်ရှိရာမှ အတွင်းဘက်သို့ လှမ်းခေါ်စေ။)

**ဦးထင်** ။ ။ မစိန်နဲ့ သမီးရေ- ထမင်းစားပြီးရင် ဒီကိုထွက်ခဲ့ကြပါဦး။ (ဆက်တီခုံတွင် ထိုင်စေ။)

**အတွင်းမှအသံ** ။ ။ လာပါပြီ . . .။ (ဒေါ်စိန်နှင့် ခင်ခင်နွယ်ထွက်လာပြီး ဆက်တီတွင် ထိုင်ကြစေ။)

**ဦးထင်** ။ ။ မစိန် . . . "ပျိုးနှစ်ခင်းပွဲ" နေ့ရက်နဲ့အချိန်၊ နေရာတွေ ဆရာတော်ကို သေသေချာချာ လျှောက်ခဲ့ရဲ့လား။

**ဒေါ်စိန်** ။ ။ လျှောက်ခဲ့ပါတယ်တော်။ တန်ခူးလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ မနက်အရုဏ်ချိန်၊ ရွာလယ်မွေ့ရာ။

**ခင်ခင်နွယ်** ။ ။ "စာပျိုးခင်း စာကြည့်တိုက်" ပါ မေမေရဲ့။

**ဒေါ်စိန်** ။ ။ အေးပါ၊ ထည့်ပြောခဲ့ပါတယ်။ စာပျိုးခင်း စာကြည့်တိုက်နဲ့ လက်ဆည်ကန် ကန်ပေါင်ရိုး။ နှစ်နေရာ. . .။ ဆရာတော်နဲ့ ဦးဇင်း သုံးပါး နေရာခွဲပြီး ကြွမယ်တဲ့။ မင်္ဂလသုတ် ပရိတ်ရွတ် ပေးမယ်တဲ့။

**ဦးထင်** ။ ။ ဟုတ်ပြီ၊ ပရိတ်ရွတ်ဖို့ကိစ္စ ဝေယျာဝစ္စကို မစိန်၊ မင်းပဲ ဦးဆောင်ပြီး စီစဉ်နော်။ တို့သားအဖ တွေက အဲဒီနေ့ လုံးဝအားမှာမဟုတ်ဘူး။

**ဒေါ်စိန်** ။ ။ အင်းပါ. . .၊ စိတ်ချနေပါတော်။

**ဦးထင်** ။ ။ "ပျိုးနှစ်ခင်းပွဲ" ကိုလာမယ့် မြို့ကအဖွဲ့တွေနဲ့ ဟိုရွာဒီရွာက အဖွဲ့တွေကို ကျွေးမွေးဖို့ရော ဘိုက်ကြီးတို့အဖွဲ့က စီစဉ်တာတွေ့ရဲ့လားသမီး။

**ခင်ခင်နွယ်** ။ ။ စာကြည့်တိုက် နောက်ဘက်က ဒေါ်မနီတို့အိမ်မှာ ချက်ပြုတ်ဖို့ စီစဉ်နေကြတယ်။ ဧည့်ခံဖို့တော့ စာပျိုးခင်း စာကြည့်တိုက်အဖွဲ့ကပဲ တာဝန်ယူထားပါတယ်ဖေဖေ။

**ဦးထင်** ။ ။ အေး- ရွာထဲက လုပ်ငန်းတွေကို သမီးတို့ စာကြည့်တိုက်အဖွဲ့က တာဝန်ယူရမှာပေါ့။ နှင်းနှင်းနဲ့ အောင်မင်းအုပ် တို့အဖွဲ့က လယ်ထဲ ကွင်းထဲမှာ ပြင်ဆင်နေရပြီလေ။ နှင်းနှင်းတော့ လက်ဆည်ကန်၊ ကန်ပေါင်ရိုးမှာ ပြင်ဆင်စရာ တွေ ပြင်နေရတာနဲ့၊ ကျောင်းမှာ အတီးအကတွေ တိုက်ရတာနဲ့ အရမ်းကိုပင်ပန်းနေရှာတယ်။

**ခင်ခင်နွယ်** ။ ။ အခု ထမင်းတောင် ပြန်မစားနိုင်ရှာဘူး။ ကြုံရာမှာ သင့်သလို စားနေမှာ --
(ထိုစဉ် "ဦးထင်တို့ရှိကြလား" ဟူသော မေးသံနှင့်အတူ ဇာတ်စင်လက်ဝဲဘက်မှ ဦးညိုမောင်နှင့် ဧည့်သည်တစ်ဦး၊ ခရီးဆောင်အိတ်များနှင့် ထွက်လာစေ။)

**ခင်ခင်နွယ်** ။ ။ ဪ- ဘဘညိုတို့ပါလား. .။ (အပြေးကလေးသွားကြိုစေ။)

**ဦးထင်** ။ ။ ဦးညိုမောင်- လာကြပါ၊ လာကြပါ။ (ထ၍ ကြိုဆိုစေ။) ထိုင်ကြပါ။

**ဒေါ်စိန်** ။ ။ ခဏနားပြီးရင် ထမင်းစားရအောင် ကျွန်မ ထမင်းသွားပြင်လိုက်မယ်။ (ထသွားမည်ပြုစေ။)

**ဦးညိုမောင်** ။ ။ (ထိုင်ရင်းပြော) ကျွန်တော်တို့ မြင်းမူမြို့က စားလာပါတယ် ခင်ဗျာ။ (ဧည့်သည်သို့) ထိုင်. . . ကိုကျော်ဝင်း၊ (ဧည့်သည်လည်း ထိုင်စေ။ )

**ဦးညိုမောင်** ။ ။ သမီးရော. . .။

**ဦးထင်** ။ ။ သမီးလေး နှင်းရည်ဖြူ အရမ်းကို အလုပ်များနေတယ်လေ။ ပျိုးနှစ်ခင်းပွဲအကြောင်း သူပြောခဲ့မှာပေါ့။

**ဦးညိုမောင်** ။ ။ ဟုတ်ကဲ့၊ သမီးပြောခဲ့လို့ အခုလိုလာကြတာပါ။ အဲဒီ ပျိုးနှစ်ခင်းပွဲ သကြ်န်လွန်ရင် ကျင်းပမယ်ဆိုလို့ ကျွန်တော်နဲ့ သူငယ်ချင်းတို့ နှစ်ဆန်း ၁ ရက်နေ့က ထွက်လာကြတာလေ။ မိတ်ဆက်ပေးရဦးမယ်။ ဟောဒီ သူငယ်ချင်းက ဦးစိုင်း

ကျော်ဝင်းပါ။ ကျွန်တော်နဲ့ ငယ်စဉ်က ရှမ်းပြည်မှာ ကျောင်းဆရာ အတူတူလုပ်ခဲ့ကြတာလေ။ ညီရင်းအစ်ကိုတမျှ ချစ်ကြတဲ့ သူငယ်ချင်းတွေပေါ့။

**ညွှဲသည်** ။ ။ ဟုတ်ကဲ့၊ ကျွန်တော် စိုင်းကျော်ဝင်းပါ။ ခု အငြိမ်းစားဘဝနဲ့ ကျိုင်းတုံမှာ နေပါတယ်ခင်ဗျ။

**ခင်ခင်နွယ်** ။ ။ ဩော်- ကျွန်မနဲ့ ညီမလေးတို့ တာလေမြို့မှာ ကျန်ခဲ့ပြီး ဘဘညို ကျိုင်းတုံမြို့ကို သွားရှာမယ်ဆိုတာ ဒီဘဘလား။

**ဦးညိုမောင်** ။ ။ ဟုတ်တယ်ကွဲ့။ သိပ်မရှာလိုက်ရပါဘူးကွယ်။ သူက ကျိုင်းတုံမှာ ကြည်ညိုချစ်ခင်တဲ့သူများတော့ ရောက်တဲ့နေ့မှာပဲ သူ့အိမ်ရောက်သွားတယ်။ အဲဒါ သူငယ်ချင်း နှစ်ယောက် စကားတွေပြောလို့ မကုန်နိုင်ဘဲ ဘဘ အဲဒီမှာ နှစ်ရက်ကြာသွားလို့ ဘဘတာလေ ပြန်ရောက်တော့ သမီးတို့နှစ်ယောက် ပြန်သွားနှင့်ပြီ။ ဒါနဲ့ ဟိုကလေးနှစ်ယောက်ကိုခေါ်ပြီး ဘဘတို့ မြန်အောင်ကို ပြန်ခဲ့တယ်။ ဒီသူငယ်ချင်းကိုလည်း မြန်အောင်ကိုခေါ်သွားတာ။ အဲ- ဘဘတို့ သူငယ်ချင်းနှစ်ယောက်မှာ အရေးကြီးတဲ့ သားရေး၊ သမီးရေးက ပါလာတယ်လေ။ (ခပ်ပြုံးပြုံး ရှိနေစေ။)

**ခင်ခင်နွယ်** ။ ။ (စိတ်ဝင်စားသွားပြီး) သားရေး သမီးရေး. . . ဟုတ်လား ဘဘညို. . .။

**ဦးထင်** ။ ။ ဘယ်လို့ပါလိမ့်. . .။

**ဦးညိုမောင်** ။ ။ ဒီလိုပါ။ ကိုကျော်ဝင်းနဲ့ ကျွန်တော်၊ ငယ်စဉ်ကျောင်းဆရာလေးတွေဘဝတုန်းက တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်လွန်းလို့ တို့များအိမ်ထောင်ကျပြီး တစ်ယောက်က သား၊ တစ်ယောက်က သမီး မွေးရင် ပေးစားကြမယ်လို့ ပြောခဲ့ကြတယ်လေ။

**ဦးစိုင်းကျော်ဝင်း** ။ ။ ဝတ္တုဆန်ဆန်ပေါ့လေ၊ အဟင်း ဟင်း. . .။

**ဦးညိုမောင်** ။ ။ အဲ- အခုပြန်တွေ့ချိန်မှာ၊ တကယ်ပဲ ကျွန်တော်က သမီး၊ ကိုကျော်ဝင်းက သား ရှိနေတယ်။ သူကလည်း တစ်ဦးတည်းသောသား ဖြစ်နေတယ်။ ဦးထင်ရေ- ကျွန်တော်ကလည်း သမီးလေး နှင်းရည်ဖြူကို မိဝေးဖဝေးမို့ ချိန်ခါ ရွယ်သင့် အိမ်ထောင်ပြုစေချင်တယ် ပြောတော့ ဖေဖေ သင့်တယ်ထင်ရင် သူမငြင်းပါဘူးတဲ့။ ဒါနဲ့ ကျိုင်းတုံမှာ ကိုကျော်ဝင်းနဲ့တွေ့တော့ ငယ်စဉ်က ကတိပြုထားခဲ့တာကို အကောင်အထည်ဖော်ဖို့ ဖြစ်လာတာပေါ့ဗျာ။ ဒါကြောင့် သမီးလေးကိုလည်း ကိုကျော်ဝင်းတွေ့ရအောင်နဲ့၊ သမီးတို့ကြိုးပမ်းနေကြတဲ့ ပျိုးနှစ်ခင်းပွဲလည်း မြင်ရတွေ့ရအောင် ကိုကျော်ဝင်းက ဒီအထိ လိုက်လာတာပါ။ သူကလည်း ကျွန်တော့်လိုပဲ မုဆိုးဖိုဆိုတော့ အေးအေးဆေးဆေး ဒီမှာနေနိုင်တယ်လေ။ ဒီကပွဲပြီးရင် သူ့သား တာဝန်ထမ်း

ဆောင်နေတဲ့ ဖောင်းတောဆိုတဲ့ ရေလှောင်တမံကိုသွားပြီး သားရေး သမီးရေးကိစ္စ တစ်ခါတည်းပြီးအောင်လုပ်ဖို့ စဉ်းစားခဲ့ကြတယ်လေ။

**ဦးထင်** ။ ။ ဟာ. . . ဖောင်းတောရေလှောင်တမံဆိုတာ ဒီရွာနဲ့ အနီးလေးပါ။ ဖောင်းတောဆည်ရေကို ဒီရွာကလည်း သောက်ရတယ်လေ။

**ဦးစိုင်းကျော်ဝင်း**။ ။ ဩော်- ဟုတ်လား။ ကျွန်တော်က ဖောင်းတောဆိုတာ မန္တလေးတိုင်းဆိုတော့၊ မြင်းမူနဲ့ဆို အဝေးကြီးလို့ထင်တာ။ သားဆီကို တစ်ခါမှ မရောက်ဖူးဘူးခင်ဗျ။

**ခင်ခင်နွယ်** ။ ။ ဘဘကျော်ရဲ့ သားနာမည်က ဘယ်သူပါလဲရှင့်။

**ဦးစိုင်းကျော်ဝင်း**။ ။ စိုင်းသိုက်ထွန်း၊ ဒု-လက်ထောက် အင်ဂျင်နီယာပါ။

**ဦးထင်+ခင်ခင်နွယ်**။ ။ ဟာ. . .။

**ဦးညိုမောင်+ဦးစိုင်းကျော်ဝင်း** ။ ။ ဘာဖြစ်လို့လဲဟင်. . .။

**ခင်ခင်နွယ်** ။ ။ (ဝမ်းသာအားရ) ကိုစိုင်းက ကျွန်မတို့နဲ့ ခင်မင်နေတဲ့သူလေ။ ဒီကို မကြာခဏလာပါတယ်။

**ဦးထင်** ။ ။ ခု- နွေစပါးပျိုးထောင်ပွဲမှာ ရေရရှိရေးက သူအဓိကပေါ့။

**ခင်ခင်နွယ်** ။ ။ အို-ဆုံစည်းမှုက အံ့ဩစရာကောင်းလိုက်တာ။ ညီမလေးနှင်းရည်ဖြူနဲ့ ကိုစိုင်းကို ကျွန်မတို့ကလည်း ဖြစ်စေချင်နေတာပါ။ သူက အဖေသဘောတူတဲ့သူနဲ့ပဲ ယူမယ်ပြောနေလို့။

**ဦးညိုမောင်+ဦးစိုင်းကျော်ဝင်း** ။ ။ ဟုတ်လား . . .။

**ဦးစိုင်းကျော်ဝင်း**။ ။ ဒါဆို ခုပဲ စကားပြောကြမလား ကိုညိုမောင်။

**ခင်ခင်နွယ်** ။ ။ နေဦး- နေဦး၊ သမီး ပြောမယ်။ သမီးတို့ရဲ့ "ပျိုးနှစ်ခင်းပွဲ" က သန်ဘက်ခါ ကျင်းပမှာ။ အဲဒီပွဲမှာ ကိုစိုင်းတို့ ဆည်အဖွဲ့က ရှမ်းအိုးစည်ဝိုင်းပါမယ်။ ဒီတော့- (ခဏမျှ စဉ်းစားပြီး) သမီးက ညီမလေးနဲ့ကိုစိုင်း မိဘပေးစားလို့ ယူရတာထက် သူတို့ချင်းလည်း မေတ္တာသက်ဝင်စေချင်တယ်လေ။ ဒီလိုလုပ်ရင် ကောင်းမယ်။

**ဦးညိုမောင်** ။ ။ ဘယ်လိုလုပ်မလဲကွဲ့။

**ခင်ခင်နွယ်** ။ ။ ဘဘကျော်ကို အခုပဲ ဖောင်းတောဆည်ကို ဖေဖေက တစ်ယောက်ယောက်နဲ့ ပို့ခိုင်းလိုက်။ ဘဘကျော်က ဒီကိစ္စ ကိုစိုင်းကိုလည်း မပြောနဲ့ဦး။ ဘဘညိုကလည်း ညီမလေး ပြန်လာရင် ဒီကိစ္စ မပြောနဲ့ဦး။ "ပျိုးနှစ်ခင်းပွဲ" ကျရင်တော့ ဘဘကျော်လည်း ဒီကိုလိုက်ခဲ့ပါ။ အဲဒီမှာ သမီး ကြည့်စီစဉ်မယ်။

**ဦးညိုမောင်** ။ ။ အေး အေး- သမီး ကောင်းသလိုစီစဉ်ပါကွယ်။ (အားလုံး တပြုံးပြုံးရှိနေစဉ်-)

**(ကားပိတ်)**

❖ ❖ ❖

## အခန်း- ၃၀

## ပြကွက် (၁)

**နေရာ** - "စာပျိုးခင်း" စာကြည့်တိုက်ရှေ့။

**အချိန်** - နံနက်ခင်း။

**အပြင်အဆင်** - ရွာလယ်မမွာရုံကို လှပလုံခြုံစွာ ပြင်ဆင်ထားသည့် စာကြည့်တိုက်အဆောက်အအုံရှေ့မြင်ရေးချက် နောက်ခံကားရှိရမည်။

- ၎င်း အဆောက်အအုံထိပ်တွင် "စာပျိုးခင်း စာကြည့်တိုက်" ဟူသော ဆိုင်းဘုတ် ထင်ထင်ရှားရှား ပါရှိရမည်။

### (ကားဖွင့်)

(အခမ်းအနားမှူး ခင်ခင်နွယ်က ရှေ့နားတွင် ရပ်လျက် မိုက်ကို ကိုင်ထားစေ။ စာကြည့်တိုက် ဆိုင်းဘုတ်အောက်နားတွင် မိုးပျံပူဖောင်းများနှင့် ဖဲကြိုးများကိုင်လျက် အသင့်ရပ်နေသော ရွာပျိုဖြူ သုံးဦး၊ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးမည့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး

ဦးစီးဌာနမှူး ဦးတင်မြင့်နှင့် ရယက ဥက္ကဋ္ဌ ဦးထင် အသင့်ရပ်လျက်ရှိကြစေ။ ဝဲနှင့်ယာတွင် ဒိုးပတ်ဝိုင်းနှင့် ရှမ်းအိုးစည်ဝိုင်း တစ်ဖက်စီ အသင့်ရှိနေစေ။ နောက်နားတွင် ပရိသတ် ရှိနေစေ။ ပရိသတ်ထဲတွင် ဦးညိုမောင်နှင့် ဦးစိုင်းကျော်ဝင်းတို့လည်း ပါရှိစေရမည်။)

**အခမ်းအနားမှူး ။ (ခင်ခင်နွယ်)** ။ **"စာပျိုးခင်း စာကြည့်တိုက်"** ဖွင့်ပွဲသို့ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များနဲ့ လက်ဆည်ကန်ရွာသူရွာသားများရှင့်။

ဒီကနေ့ကျွန်မတို့ လက်ဆည်ကန်ရွာကြီးမှာ ထူးခြားသိုက်မြိုက်စွာ ကျင်းပမယ့် **"ပျိုးနှစ်ခင်းပွဲ"** ရဲ့ ပထမ ပျိုးခင်းပွဲကတော့ ယခု **"စာပျိုးခင်း စာကြည့်တိုက်"** ဖွင့်ပွဲ ဖြစ်ပါတယ်ရှင်။ ဒီ စာပျိုးခင်း စာကြည့်တိုက် တည်ထောင်မှု အခြေအနေကို ရယကဥက္ကဋ္ဌကြီးကလည်းကောင်း၊ စာပေဖွံ့ဖြိုးရေးကိစ္စများကို မြို့နယ်ပြန်/ဆက် ဦးစီးမှူးကလည်းကောင်း ခုနက စာကြည့်တိုက်အတွင်းမှာ ကျင်းပတဲ့ အခမ်းအနားမှာ ရှင်းလင်းခဲ့ကြပြီး ဖြစ်ပါတယ်ရှင်။

ယခုအစီအစဉ်ကတော့ **"စာပျိုးခင်း စာကြည့်တိုက်"** ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ခြင်း အစီအစဉ်ဖြစ်ပါတယ်။ ဒါကြောင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဦးတင်မြင့်နဲ့ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး

ရေးကောင်စီဥက္ကဋ္ဌ ဦးထင်က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပါရန် ပန်ကြားအပ်ပါတယ်ရှင်. .။

(ပြန်/ဆက် ဦးစီးမှူး ဦးတင်မြင့်နှင့် ရယက ဥက္ကဋ္ဌ ဦးထင်တို့က ဖဲကြိုးကိုဖြတ်လိုက်ရာ ပူဖောင်းများ မိုးသို့ ပျံတက်သွားစေ။ ဒိုးပတ်ဝိုင်းနှင့် ရှမ်းအိုးစည်ဝိုင်းတို့က မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ကြစေ။)

**အခမ်းအနားမှူး (ခင်ခင်နွယ်)** ။ ။ ယခု စာပျိုးခင်း စာကြည့်တိုက် ဖွင့်ပွဲပြီးမြောက်အောင်မြင်သွားပြီဖြစ်လို့ အုပ်စုပြတ်၊ စနစ်သစ်နဲ့ စပါးပျိုးထောင်မယ့် "ပျိုးခင်းသစ်ပွဲ" ရှိရာ လက်ဆည်ကန်တော်သို့ တပျော်တပါး သွားကြပါစို့ရှင်။

(စာကြည့်တိုက် ရေးချက်ကားကို လိပ်တင်လိုက်စေ။)

(ရွာလမ်း ရေးချက်ကား နောက်ခံပေါ်လာစေ။)

**(ကားပိတ်)**

* * * * *

## ပြကွက် (၂)

**နေရာ** - လက်ဆည်ကန်တော်သို့သွားရာ ရွာလမ်းပေါ်

**အပြင်အဆင်** - ရွာလမ်း ရေးချက် နောက်ခံကားရှေ့ (စိုင်းသိုက်ထွန်း၏ ရှမ်းအိုးစည်ဝိုင်းက ရှေ့မှ၊ ပရိသတ်က အလယ်မှ၊ ဒိုးပတ်ဝိုင်းက နောက်ဆုံးမှနေ၍ ဇာတ်စင်လက်ယာဘက်သို့ ဦးတည်

ကာ မြိုင်မြိုင်ဆိုင်ဆိုင်တီးမှုတ်ပြီး ဝင်သွားလျက်ရှိရမည်။ ပရိသတ်အချို့နှင့် ဒိုးပတ်ဝိုင်းမြင်ကွင်းတွင် ကျန်နေစဉ်၊ အဘွား ရွှေမိ ဒိုးပတ်ဝိုင်းရှေ့သို့ အပြေးကလေး ဝင်လာပြီး ကွေးနေအောင် ကနေစေ။ ပရိသတ်က ပြုံးရွှင်မြူးလျက်အားပေးစေ။ အဘွားရွှေမိ လဲသွားလိုက် ပြန်ထပြီးကလိုက်နှင့်မောလာရာ ပရိသတ်ထဲမှ လူငယ်နှစ်ယောက်က ရယ်မောပြုံးရွှင်စွာ အဘွားရွှေမိကို ဝင်ပွေ့ပြီ အတွင်းသို့ခေါ်သွား။ အဘွားရွှေမိက လူငယ်များ၏လက်ထဲမှာပင် လက်များလှုပ်၍ကရင်း ပြုံးရွှင်စွာပါသွားစေ။)

(ဒိုးပတ်ဝိုင်း ဇာတ်စင်အတွင်းသို့ ဝင်ရောက်သွားသည့်အချိန်တွင် ရွာလမ်း ရေးချက်ကားကို လိပ်တင်လိုက်ရမည်။)

(လက်ဆည်ကန်တော်၊ ကန်ပေါင်ရိုးရေးချက်ကား ပေါ်လာစေ။)

**(ကားပိတ်)**

* * * * *

## ပြကွက် (၃)

**နေရာ** - လက်ဆည်ကန်တော်၊ ကန်ပေါင်ရိုး။

**အချိန်** - အခန်း- ၂ အတိုင်း။

**အပြင်အဆင်** - လက်ဝဲဘက်နားတွင် စကားပြောမိုက်ကို မိုက်တိုင်ဖြင့်ထားရှိရမည်။

(လက်ဆည်ကန်တော် ကန်ပေါင်ရိုး ရေးချက်ကား ပေါ်လာသည်နှင့် ကားရှေ့တွင် နှင်းရည်ဖြူ၊ ဆရာအောင်၊ အောင်မင်းအုပ် မြို့နယ်စိုက်ပျိုးရေးအရာရှိတို့ ရှိနေစေရမည်။ ၎င်းတို့သည် စာကြည့်တိုက်ဖွင့်ပွဲမှာ ရောက်လာကြမည့်သူများအား လှမ်းမျှော်နေဟန်ရှိနေစေ။ အဝေးမှ ရှမ်းအိုးစည်သံနှင့် ဒိုးပတ်သံများကြားလာရစေ။)

(တစ်အောင့်ကြာလျှင် လက်ယာဘက်မှ ခင်ခင်နွယ်နှင့် ဦးထင်၊ ဦးညိုမောင်၊ ဦးစိုင်းကျော်ဝင်းတို့ ထွက်လာစေ။)

**နှင်းရည်ဖြူ** ။ ။ မမနွယ်. . . လာနေကြပြီလား။

**ခင်ခင်နွယ်** ။ ။ အေး- လာနေကြပြီ။ ရွာထဲကလည်း အကုန်လာကြည့်ကြမှာ။ ဒီမှာ အဆင်သင့်ဖြစ်ရဲ့လား ညီမလေး။

**နှင်းရည်ဖြူ** ။ ။ ဗုံကြီးအဖွဲ့ရော၊ ပျိုးပင်အဖွဲ့နဲ့ စပါးပင်အဖွဲ့ ကလေးများရော သူ့နေရာနဲ့သူ အသင့်ရှိနေကြပါပြီ။

**အောင်မင်းအုပ်** ။ ။ စနစ်သစ်ပျိုးထောင်မယ့် လယ်သမားတွေလည်း (ဇာတ်စင်ရှေ့ဘက်သို့ လက်ညှိုးထိုးပြပြီး) ဟောဒီဘက် ပျိုးပေါင်တွေနားမှာ အသင့်ရှိနေပြီ။ (ကန်ပေါင်ရိုး နောက်ဘက်သို့ လက်ညှိုးထိုးပြီး) ဟောဟိုဘက်မှာလည်း ပျိုးပေါင်တွေနားမှာ အသင့်ရှိနေကြပြီလေ။ လယ်သမားတွေကို ဦးဆောင်မယ့် ကိုတင်အေးတို့လည်း အသင့်ရှိ

နေပြီ။ မြို့နယ်စိုက်ပျိုးရေးအရာရှိက ဘဘထင်နဲ့အတူ ကန်ပေါင်ရိုးပေါ်သွားဖို့ ဘဘထင်ကို စောင့်နေပါတယ်။

**ဦးထင်** ။ ။ ကဲ- ဒါဆို ကျွန်တော်တို့နှစ်ယောက် ကန်ပေါင်ရိုးပေါ်ကို သွားကြမယ်လေ။ (မြို့နယ် စိုက်ပျိုးရေးအရာရှိနှင့်အတူ ဇာတ်စင်လက်ဝဲဘက် အတွင်းသို့ဝင်ပြီး ကန်ပေါင်ပေါ်သို့ တက်သွားကြစေ။)

**ခင်ခင်နွယ်** ။ ။ (နှင်းရည်ဖြူသို့) ပရိသတ်မရောက်ခင် ညီမလေးကို မိတ်ဆက်ပေးရဦးမယ်။ (ဦးစိုင်းကျော်ဝင်းသို့ညွှန်ပြ) ဟောဒီ ဘဘကျော်က ကိုစိုင်းသိုက်ထွန်းရဲ့ အဖေလေ။

**ဦးညိုမောင်** ။ ။ ဟုတ်တယ်သမီး။ ကျိုင်းတုံမှာ ဖေဖေသွားရှာတဲ့ သူငယ်ချင်းဆိုတာ သူပဲကွဲ့။ ဦးစိုင်းကျော်ဝင်း။ ဖေဖေ သူ့ကို တစ်ပါတည်းခေါ်လာတာ။ ဒီကျတော့ သူ့သားက စိုင်းသိုက်ထွန်းဖြစ်နေတာကိုး။ (နှင်းရည်ဖြူ အံ့သြလျက်ရှိပြီး၊ အတန်ကြာမှ-)

**နှင်းရည်ဖြူ** ။ ။ ဝမ်းသာပါတယ် ဘဘကျော်။

**ခင်ခင်နွယ်** ။ ။ ဟော- ပရိသတ်တွေ ရောက်လာတော့မယ်။ ညီမလေးကို မမတောင်းဆိုချင်တာရှိတယ်။ အခမ်းအနားပြီးဆုံးကြောင်း ကြေညာတာကို မမ ကြေညာပါရစေ။

**နှင်းရည်ဖြူ** ။ ။ ဩော်- ရပါတယ်၊ မမနွယ်လုပ်ပါ။ (ထိုစဉ် ရှမ်းအိုးစည်ဝိုင်းနှင့် ဒိုးပတ်ဝိုင်း တီးမှုတ်သံများ လက်ယာဘက်တွင် အနီးကပ်ကြား

လာရာ အောင်မင်းအုပ်က ဇာတ်စင်လက်ယာ ထောင့်နားမှနေ၍ တီးဝိုင်းများနှင့် ပရိသတ်ကို နေရာချထားဟန်ပြုစေ။ ပြီးလျှင် နှင်းရည်ဖြူသို့ လှမ်း၍ အချက်ပြလိုက်ရာ နှင်းရည်ဖြူ မိုက်တိုင်သို့သွားရပ်ပြီး စပြောစေ။ ခင်ခင်နွယ်လည်း အနီးတွင် ရပ်နေစေ။)

**နှင်းရည်ဖြူ** ။ ။ ယခုအချိန်ကစပြီး **"ပျိုးခင်းသစ်ပွဲ"** လို့ အမည်ပေးထားတဲ့ စနစ်သစ် ပေါင်စနစ်နဲ့ အုပ်စုပြတ် ပျိုးထောင်ပွဲကို စတင်ပါတော့မယ်။

**ညှော်ပရိသတ်များရှင် -**

မြန်မာတို့ရဲ့ စပါးစိုက်ပျိုးရေးမှာ အဓိကကျတဲ့ ဂီတရှိပါတယ်။ အဲဒါကတော့ ရွှေဘိုဗုံကြီးသံ ဖြစ်ပါတယ်။ ရှေးအခါက လယ်တော်တစ်ခွင်မှာ လယ်လုပ်ငန်းဝင်ပြီဆိုရင် လယ်ကန်သင်းရိုးကနေ ဗုံကြီးအဖွဲ့တီးပြီး အားပေးပါသတဲ့။ ဗုံကြီးရဲ့ တဗိန်းဗိန်းမြည်သံဟာ ထက်ကောင်းကင်ဝေဟင်စွန်းထိ လွှမ်းကျန်ရစ်အောင် ဟိန်းပါသတဲ့။ သိကြားမင်းရဲ့ ဘုံဗိမာန်အထိတောင် ဗုံသံရောက်ပါသတဲ့ရှင်။

အခုကျွန်မတို့ လက်ဆည်ကန်အုပ်စု၊ စနစ်သစ်နဲ့ စပါးပျိုးထောင်ပွဲမှာ အဲဒီဗုံကြီးသံနဲ့ သရုပ်ဖော်မှာဖြစ်ပါတယ်။ ပျိုးပင်ကလေးများကနေ စပါးပင်များ ပေါက်လာဟန် သရုပ်ဖော်မှာ ဖြစ်ပါတယ်။ ကျောင်းသားငယ်ကလေးများက

ပျိုးပင်ကလေးများပေါ့။ ကျောင်းသားကြီးများ
ကတော့ စပါးပင်တွေပေါ့။

ကန်ပေါင်ရိုးကြီးပေါ်ကနေ မြို့နယ်စိုက်ပျိုးရေး
အရာရှိကြီးနဲ့ ကျေးရွာဥက္ကဋ္ဌကြီးတို့က စပါးနှံ
များကို ဝှေ့ယမ်းအချက်ပေးလိုက်တာနဲ့ သရုပ်
ဖော်အစီအစဉ်များ အစပြုမှာ ဖြစ်ပါတယ်ရှင်။
(ထိုစဉ်ပင်၊ ကန်ပေါင်ရိုးအလယ်၌ ရပ်နေသော
မြို့နယ်စိုက်ပျိုးရေးအရာရှိနှင့် ကျေးရွာဥက္ကဋ္ဌ
တို့က စပါးပင်များကို ဝှေ့ယမ်းပြလိုက်ရာ ဗုံကြီး
အဖွဲ့ဖြစ်သော တောသုံးထောင်အဖွဲ့ မိုက်တိုင်
နားသို့ထွက်လာပြီး စနစ်တကျနေရာယူကာ
ဗုံကြီးသံကို စတင်အစပျိုးတီးမှုတ်ကြစေ)
(ဗုံကြီးသံသီချင်းကို ဆရာအောင်နှင့် နှင်းရည်
ဖြူက စတင်သီဆိုစေ။ ထိုအခါ ကန်ပေါင်ရိုး
အောက်ခြေ၊ ဒူးပိတ်နှင့်ကွယ်၍ နေရာယူထား
သော ပျိုးပင်ငယ်များအသွင် ဝတ်ဆင်ထား
သည့် ကျောင်းသားကလေးများက ပြိုင်တူထ၍
ဘယ်ယိမ်းညာယိမ်း ညီညီညာညာ ကကြစေ။)

**"တီးလိုက်ပါတဲ့ ဗုံကြီးသံ၊ ထက်ကောင်းကင်
ဝေဟင်စွန်းမှာ၊ လွှမ်းစေဖို့ဖန်လေ့"**

အဆိုတစ်ကြော့ အတီးတစ်ကြော့၊ နောက်ထပ်
အဆိုတစ်ကြော့။ အတီးတစ်ကြော့။
(ပြီးလျှင် ကျောင်းသားများ ပြန်ထိုင်စေ။)
(ထို့နောက် ဒုတိယပိုဒ်ကို ဆက်ဆိုရာ ကန်ပေါင်

ရိုး နောက်တွင်ကွယ်၍ နေရာယူထားသော စပါးပင်များအသွင် ဝတ်ဆင်ထားသည့် ကျောင်းသားကြီးများက ပြိုင်တူထ၍ အယိမ်းအနွဲ့အလှည့်အပျောင်းဖြင့် ညီညီညာညာ ထကြစေ။)

**"သိကြားမင်းရယ်တဲ့ ဘုံဗိမာန်၊ အယူခံ ဗုံသံတက်တယ်၊ မိုးကျွက်ကျွက်ညံလေ့"**

အဆိုတစ်ကြော့ အတီးတစ်ကြော့၊ နောက်ထပ်အဆိုတစ်ကြော့ အတီးတစ်ကြော့။

(ထို့နောက် ရှေးဗုံကြီးသံအလိုက်သီချင်းကို ဆရာအောင်နှင့်နှင်းရည်ဖြူတို့ ဆက်၍သီဆိုလိုက်ရာ ပျိုးပင်ကျောင်းသားငယ်များရော စပါးပင် ကျောင်းသားကြီးများပါ ပြိုင်တူကကြစေ။)

**"ပျိုးခင်းရယ်တဲ့ စနစ်သစ်မှန်၊ လက်ဆည်ကန် ဗုံသံဆက်တယ်၊ စပါးတိုးထွက်ရန်လေ့"**

(ဆို၊ တီး၊ ဆို၊ တီး နှစ်ကြော့ပြီးချိန်တွင် အဆိုအတီးများ ရပ်လိုက်စေ။ ပျိုးပင်ကျောင်းသားငယ်များ၊ စပါးပင်ကျောင်းသားကြီးများ ရုပ်ငြိမ်မတ်တတ်ရပ်လျက်ရှိစေ။)

(ထိုအခါ ခင်ခင်နွယ် မိုက်တိုင်ရှေ့တွင် နေရာယူလိုက်ပြီး-)

**ခင်ခင်နွယ်** ။ ။ ယခုအချိန်မှစပြီး စနစ်သစ် အုပ်စုပြတ် ပေါင်စနစ် ပျိုးထောင်ပွဲဖြစ်တဲ့ **"ပျိုးခင်းသစ်ပွဲ"** ကို အောင်မြင်စွာ ရုပ်သိမ်းတော့မှာ ဖြစ်ပါတယ်ရှင်။

**ညည့်ပရိတ်သတ်များရှင်-**

ဒီကနေ့ ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်တဲ့ **"ပျိုးနှစ်ခင်းပွဲ"** ဟာဖြင့် ဆရာမလေး နှင်းရည်ဖြူရဲ့ ကြိုးပမ်းချက်များကို ဗဟိုပြုခဲ့တယ်လို့ ဆိုနိုင်တဲ့အတွက် ဆရာမလေး နှင်းရည်ဖြူဟာ လက်ဆည်ကန်ကျေးရွာအုပ်စုရဲ့ **"ပျိုးခင်းမှူး"** ဖြစ်ပါတယ်။ ဒါကြောင့် **"ပျိုးခင်းမှူး"** မနှင်းရည်ဖြူအနေနဲ့ ဗုံကြီးသံအကကို ကိုယ်တိုင်ပါဝင်ကပြီး **"ပျိုးခင်းသစ်ပွဲ"** ကို အပြီးသတ် ဂုဏ်ပြုပေးဖို့ မေတ္တာရပ်ခံပါတယ်။

**ညည့်ပရိသတ်များရှင် -**

စိုက်ခင်း၊ ပျိုးခင်းနဲ့ စိုက်ရေ၊ ပျိုးရေဟာ မကွဲမကွာရှိရမှာဖြစ်သလို လက်ဆည်ကန် တစ်အုပ်စုလုံးရဲ့ ပျိုးခင်းသစ်များနဲ့ ဖောင်းတောရေလှောင်တမံရဲ့ ရေတွေဟာ အမြဲယှဉ်တွဲရှိနေရမှာပါ။ ဒါကြောင့် **"ပျိုးခင်းသစ်"** တို့ရဲ့ **"ပျိုးခင်းမှူး"** မနှင်းရည်ဖြူနဲ့ ဖောင်းတောရေလှောင်တမံရဲ့ကိုယ်စား ဆည်အင်ဂျင်နီယာလေး ကိုစိုင်းသိုက်ထွန်းတို့က အတူယှဉ်တွဲကခုန်ပြီး **"ပျိုးခင်းသစ်အောင်ပွဲ"** ကို မှတ်တမ်းတင် ဂုဏ်ပြုပေးပါလို့ တစ်ဆက်တည်း မေတ္တာရပ်ခံပါရစေ။

ဆရာအောင်ရဲ့ အဆို၊ တေသုံးထောင်တို့ရဲ့ အတီးနဲ့အတူ မနှင်းရည်ဖြူနဲ့ ကိုစိုင်းသိုက်ထွန်း

တို့ရဲ့ ဗုံကြီးသံအကကို နားဆင်ရှုစား အောင်ဩဘာ လက်ခုပ်များ ချီးမြှင့်ပေးကြပါရှင်. . . ။

(ဗုံကြီးဝိုင်းက အတောပျိုးပေးပြီး ဆရာအောင်က **"တီးလိုက်ပါတဲ့ ဗုံကြီးသံ--"** အဆို စတင်လိုက်သည်နှင့် ပျိုးပင်ကျောင်းသားငယ်များနှင့် စပါးပင်ကျောင်းသားကြီးများ လှုပ်ရှားကခုန်ကြရာ၊ နှင်းရည်ဖြူ ဇာတ်စင်ရှေ့ပိုင်း (အောက်ခွင်) သို့ ပြုံးရွှင်စွာ ထွက်လာပြီး ဗုံကြီးအကပါဝင်ကစေ။ ထိုအခါ ဇာတ်စင်လက်ယာဘက်မှ စိုင်းသိုက်ထွန်း ရှမ်းအိုးစည်ကိုလွယ်ပြီး ဗုံကြီးသံနှင့် အချက်ကျအောင် လိုက်ထုရင်း ထွက်လာကာ နှင်းရည်ဖြူနှင့် ယှဉ်တွဲ၍ကစေ။)

(ဦးညိုမောင်နှင့် ဦးစိုင်းကျော်ဝင်းတို့ တပြုံးပြုံးရှိနေကြစေ။)

(လက်ခုပ်ဩဘာသံများ သဲသဲညံစွာ ထွက်ပေါ်လာစေ။)

**"တီးလိုက်ပါတဲ့ ဗုံကြီးသံ၊ တီးလိုက်ပါတဲ့ ဗုံကြီးသံ ထက်ကောင်းကင်ဝေဟင်စွန်းမှာ၊ လွှမ်းစေဖို့ ဖန်လေ့---"**

(ပြည်ဖုံးကား တဖြည်းဖြည်းပိတ်)

**ဇင်မင်း (သမိန်ထော)**

## မှီငြမ်းသည့် စာအုပ်စာတမ်းများ

၁။ ငန်းစွန်မြို့ အစိုးရအထက်တန်းကျောင်း ငွေရတုအထိမ်းအမှတ်မဂ္ဂဇင်း (၁၉၅၇- ၁၉၈၂) ပါ၊ ဇင်မင်း (သမိန်ထော) ၏ **"မုရင်းဓလေ့ အင်းဓလေ့"** သုတေသနဆောင်းပါး၊

၂။ စနစ်သစ် စပါးပျိုးထောင်စိုက်ပျိုးရေးနှင့် ပတ်သက်သော သတင်းနှင့် ဆောင်းပါးများ၊

၃။ ဖျာပုံမောင်စံသူ၏ **"မောင်ရင်လောင်းနှင့် ကွမ်းတောင်ကိုင်"** သျှိုးလိုက်ရတုများ၊

၄။ (၂၄-၃-၂၀၁၁) နေ့ လှုပ်ခတ်ခဲ့သည့် တာလေငလျင်နှင့် ပတ်သက်သော သတင်းစာဂျာနယ်များ၊

၅။ ဇော်ဂျီ၊ မင်းသုဝဏ်၊ ဦးဘ တည်းဖြတ်သည့် **"ကဗျာဥယျာဉ်"** စာအုပ်၊

၆။ ဦးဖိုးလတ် စုဆောင်းစီစဉ်သည့် **"သီချင်းပဒေသာ"** ပထမ အုပ်၊

* * * * *



၂၀၁၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ပြဇာတ်စာပေ ဒုတိယဆုရ

# တီးလိုက်ပါတဲ့ ဗုံကြီးသံ

## ဇင်မင်း (သမိန်ထော)

အဖဦးအုန်း၊ အမိ ဒေါ်နှင်းတင်တို့မှ ၁၉၄၁ ခုနှစ်၊ ဖျာပုံမြို့နယ် သမိန်ထောရွာ၌ မွေးဖွားခဲ့သည်။

၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဖျာပုံမြို့ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်၌ အငယ်တန်းစာရေးအဖြစ် ထမ်းဆောင်ရင်း ၁၉၆၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၆၈ ခုနှစ်တွင် ငပုတောမြို့နယ် လက်ထောက်မြို့ပိုင်၊ ဖောင်ကြီး ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းတွင် နည်းပြ-၂၊ ငါန်းဇွန်မြို့နယ်တွင် ဒုတိယရုံးအဖွဲ့မှူးနှင့် မြို့နယ်ပြည်သူ့ကောင်စီအတွင်းရေးမှူး၊ ရောဝတီတိုင်း ပြည်သူ့ကောင်စီရုံးတွင် ဌာနစုမှူး၊ မြန်အောင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးတာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ငွေတာရီမဂ္ဂဇင်းပါ "လောကအလှ" ကဗျာဖြင့် စာပေနယ်သို့ စတင်ရောက်ရှိပြီး ငွေတာရီ၊ ရှုမဝ စသည့်မဂ္ဂဇင်းများတွင် ကဗျာများ ရေးသားခဲ့သည်။

၂၀၀၀ ပြည့်နှစ်တွင် အမျိုးသားစာပေဆုကို "ရွှေအမွေပြဇာတ်" စာအုပ်ဖြင့် ချီးမြှင့်ခံရသည်။ စာပေဗိမာန်စာမူဆု (၁၀) ဆုနှင့် ပခုက္ကူဦးအုံးဖေစာပေပြိုင်ပွဲတွင် ဆု (၃) ဆု ရရှိခဲ့ပြီးဖြစ်သည်။

ယခုအခါ မြန်အောင်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရင်း စာပေများ ဆက်လက်ရေးသားလျက်ရှိသည်။

အမည်ရင်း - ဦးသန်းညွန့် ဖြစ်သည်။
နေရပ်လိပ်စာ - အမှတ် (၂၅၁)၊ စိန်ဝတ်မှုန် (၁) လမ်း၊
မြန်အောင်မြို့။